# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်၊ စနေနေ့။ Saturday, 11 February 2017 (၈၈၃၄)


**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံးလာဘ်တည်း၊ ရောင့်ရဲခြင်းသည် အလွန်ကဲဆုံးဥစ္စာတည်း၊ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံးဆွေမျိုးတည်း၊ နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာတည်း။ (ချမ်းသာတကာ့ အချမ်းသာဆုံးကို မျက်မှောက်ပြုနိုင်ရန် ကြိုးစားအားထုတ်ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၄)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘယ်လာရုစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဗလာဒီနီအေဂေါ် ရှင်အားတွေ့ဆုံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဆာဗီအို ဆောလ် ဆမ်မူဒီအို ဘီသန် ကော့ဒ်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဘယ်လာရုစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော

**စာမျက်နှာ ၃ ကော်လံ ၁ သို့☆**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးစွမ်းအင် ထုတ်လုပ်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ (WWF-US Board Member) Mr. Matthew Carey Harris နှင့် WWF မှ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Amirtharaj Christy Williams တို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရှားပါးတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းရေး၊ သစ်တောများ ပြန်လည်ပြုစုစိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးမှု တိုးမြှင့်ရေး၊ ပတ်ဝန်းကျင်နှင့် သစ်တောဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးအပါအဝင် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးစွမ်းအင်ထုတ်လုပ်ရေးကဏ္ဍများ၌ မြန်မာနိုင်ငံနှင့် WWF တို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့မှ Mr. Matthew Carey Harris နှင့် WWF မှမြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

**ဆံတော်ရှင် မြတ်မော်တင်စွန်း ဘုရားပွဲတော် တစ်လကြာ ကျင်းပမည်**

သတင်းစာမျက်နှာ - ၂

**ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့တွင် ရန်ကုန် ကလေးဆေးရုံကြီးများ၌ ကလေးများအား အာဟာရကျွေးမွေးမည်**

သတင်းစာမျက်နှာ - ၁၂




ကြေးမုံ

# ပြည်ထောင်စုကြီးအစွန့်ရှည်ထည်ဝါ

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက တိုင်းရင်းသားညီနောင်များနှင့် စုစည်းတည်ထောင်ထားသောနိုင်ငံဖြစ်သည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သည့် ညီနောင်သားချင်းများသည် မရှိအတူရှိအတူ အေးအတူပူအမျှ အတူတကွလက်တွဲနေထိုင်ခဲ့ကြသည်။ ညီနောင်အချင်းချင်း အခန့်မသင့်မှုကြောင့် ပဋိပက္ခအနည်းငယ်ဖြစ်ခဲ့မှုအချို့ရှိသော်လည်း သွေးချင်းသားချင်းဟူသောအသိဖြင့် ရန်ပြေငြိမ်းကာ ရိုင်းပင်းချစ်ကြည်စွာ ရပ်တည်ခဲ့ကြသည်ချည်းပင်။

သမိုင်းတစ်ခေတ်တွင် တိုင်းတစ်ပါး၏ကျူးကျော်မှုကြောင့်သော်လည်းကောင်း၊ စည်းလုံးညီညွတ်မှု လျော့ရဲခြင်းကြောင့်သော်လည်းကောင်း တိုင်းပြည်ပြိုကွဲလုမတတ်ရှိခဲ့ဖူးသည်။ သို့သော် ရေကိုသား၍ အကြားမထင်သကဲ့သို့ ခဏချင်းပင်ပြန်လည်စုစည်း တစ်သားတည်းဖြစ်ခဲ့သည်။ ယင်းမှာ စည်းလုံးညီညွတ်ခြင်းအကျိုးရလဒ်ကြောင့် ပြည်ထောင်စုကြီးအဖြစ် တစုတစည်းတည်းရပ်တည်နိုင်ခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လေးကြိမ်တိုင် ပြန်လည်စုစည်းတည်ထောင်နိုင်ခြင်းဟူသော သမိုင်းမော်ကွန်းရေးထိုးခဲ့ပြီးဖြစ်သည်။ ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်ကို အနော်ရထာဘုရင်မင်းမြတ်ကလည်းကောင်း၊ တောင်ငူခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်ကို ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကလည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကို အလောင်းမင်းတရား ဦးအောင်ဇေယျကလည်းကောင်း ပြန်လည်စုစည်းတည်ထောင်ခဲ့သည်။

မင်းကောင်းမင်းမြတ်တို့၏ လက်ရုံးရည်နှလုံးရည်နှင့် အမြော်အမြင်ကြီးမားမှုတို့နှင့်အတူ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်လက်တွဲပါဝင်မှုတို့ကြောင့် မြန်မာ၊ မြန်မာဟု ဟစ်ကြွေးနိုင်ခဲ့သည်။ အမိမြေ၊ အမိနိုင်ငံတော်ကြီး ကျယ်ပြောဝေဆာ စုစည်းညီညာ ထည်ထည်ဝါဝါ သာသာယာယာရှိခဲ့သည်။ မင်းနှင့်ပြည်သူ ကြည်ဖြူလက်တွဲ ခိုင်ကျည်မြဲမြံ အစွန့်ရှည်ခိုင်မာခဲ့သည်။

သို့သော် မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင်ကား မြန်မာတစ်မျိုးသားလုံး ကံဆိုးမိုးမှောင်ကျခဲ့ရသည်။ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့လက်အောက် ကျွန်သဘောက်ဘဝ ကျရောက်ခဲ့ရသည်။ နှစ်ပေါင်းထောင်ချီ နိုင်ငံတော်ကြီး အရှည်တည်အောင် မင်းအဆက်ဆက် ကြိုးပမ်းအားထုတ်ခဲ့သော နိုင်ငံတော်ကြီးသည် စည်းလုံးညီညွတ်မှုယိုင်နဲ့မှုကြောင့် တစ်ခဏနှင့်ပင် တစ်နိုင်ငံလုံး တစ်ပါးလက်အောက် ကျရောက်ခဲ့ရသည်။

ကျွန်ဘဝမှ ပြန်လည်လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်မှုအပေါင်းတို့တွင် စည်းလုံးညီညွတ်ခြင်းသည် အဓိကကျသော အင်အားတစ်ရပ်ဖြစ်ခဲ့သည်။ အန္တိမရည်မှန်းချက်ဖြစ်သည့် လုံးဝလွတ်လပ်ရေးရရမည်ဟူသော တစ်မျိုးသားလုံး၏အောင်စိတ်၊ စည်းလုံးညီညွတ်သောစိတ်ဓာတ်တို့ကြောင့် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ခက်ခက်ခဲခဲ ပြန်လည်ရယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံတော်ကြီးကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့နည်းတူ စတုတ္ထအကြိမ်ပြန်လည် စုစည်းတည်ထောင်သူများအနက် အထင်ရှားဆုံးခေါင်းဆောင်မှာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါ် သခင်အောင်ဆန်း၏ခေါင်းဆောင်မှုဖြင့် နယ်ချဲ့ဆန့်ကျင်ရေး ဒေါင်းအလံတော်အောက်၌ တစုတစည်းတည်း စုစည်းညီညာသောကြောင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ချူနိုင်ခဲ့သည်။

မြန်မာနိုင်ငံတော်ကြီး ယနေ့ထက်တိုင်အစွန့်ရှည်နေခြင်းသည် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ သခင်အောင်ဆန်းတို့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူအားလုံး ညီညီညွတ်ညွတ် တည်ဆောက်ထားခဲ့သော အကျိုးကျေးဇူးကြောင့်ဖြစ်သည်။ မျက်မှောက်ကာလတွင် တိုင်းပြည်ပြိုကွဲမည့်အကြံ၊ တိုင်းပြည်ပျက်စီးမည့် လုပ်ရပ်များရှိခဲ့ပါက ဘိုးဘွားတို့ကြိုးပမ်းအားထုတ် တွန်းလှန်ကာကွယ်ခဲ့ခြင်းကဲ့သို့သော ဒေါင်းအလံအောက်တွင် တစုတစည်းတည်းလက်တွဲကာ အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်ထည်ဝါစွာ ရပ်တည်နိုင်အောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြပါစို့။ ။

# မြန်မာနိုင်ငံစီမံကိန်း (၂၀၁၇-၂၀၁၈) အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ တတိယအကြိမ်စည်းဝေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံစီမံကိန်း (Country Programme- ၂၀၁၇-၂၀၁၈) အကောင်အထည်ဖော်ရေး မြန်မာနိုင်ငံအမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးစုစည်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဆက်စပ်ဝန်ကြီးဌာန ရှစ်ခုနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Jeremy Douglas၊ မြန်မာနိုင်ငံဆိုင်ရာ Country Manager Mr.Troels Vester နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစီမံကိန်း၏ လုပ်ငန်းနယ်ပယ် ၅ ရပ်ဖြစ်သော နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်မှုများနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး၊ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး၊ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းနှင့် ဖွံ့ဖြိုးရေးစသည့် လုပ်ငန်းနယ်ပယ်တို့နှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်နိုင်မှုများ၊ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်ခဲ့သည်။

မြန်မာနိုင်ငံစီမံကိန်း (Country Programme) သည် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာစိန်ခေါ်မှုများအတွက် အဓိက အကောင်အထည်ဖော်ရန် လိုအပ်သည့် စီမံကိန်းပါ နယ်ပယ် ၅ ရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဥပဒေမူဘောင်၊ နည်းပညာနှင့် စွမ်းရည်မြှင့်တင်ရေးတို့အတွက် အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆံတော်ရှင်မြတ်မော်တင်စွန်း ဘုရားပွဲတော် တစ်လကြာ ကျင်းပမည်

**ငပုတော ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံ သမိုင်းတွင် ထင်ရှားသော ဘုရားပွဲတော်များအနက် တစ်ခုဖြစ်သော ဆံတော်ရှင်မြတ်မော်တင်စွန်း ဘုရားပွဲတော်ကို တပို့တွဲလပြည့်နေ့မှ တပေါင်းလပြည့်နေ့(ဖေဖော်ဝါရီ ၁၂ ရက်မှ မတ်လ ၁၂ ရက်)အထိ တစ်လကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလတွင် ဘုရားဖူးခရီးသည်များ သွားလာရေးလွယ်ကူစေရန် ရန်ကုန်မြို့ မော်တင်ဆိပ်ကမ်းနှင့် ဘုန်ကြီးလမ်းဆိပ်ကမ်းတို့မှ လုံခြုံစိတ်ချရသော ကန်းရိုးတန်းသွားရေယာဉ်များ စီစဉ်ထားရှိကြောင်း သိရသည်။

ထို့ပြင် အော်ဒါစီးလုံးငှား လေအိတ်မှန်လုံ မော်တော်ယာဉ်များဖြင့် စေတီတော် တောင်ခြေအထိ တိုက်ရိုက်သွားနိုင်ရန် မိုင်တိုင်အမှတ် (၉၅/၆)မှ လမ်းဖောက်လုပ်ထားရှိပြီးဖြစ်သည်။ ဘုရားဖူးဧည့်သည်များ အဆင်ပြေစွာတည်းခိုနိုင်ရန် စေတီတော်ကြီး၏ အနောက်ဘက်ကမ်းခြေတွင် အခန်း(၅၀)ပါ ဟိုတယ်နှစ်လုံး ဖွင့်လှစ်ထားရှိပြီး ငွေတောင်ရေချိုးဆိပ် ပင်လယ်ကမ်းခြေအလှအပတို့ကိုခံစားရင်း အပန်းဖြေနားနေနိုင်ပြီးဖြစ်ကြောင်း ကျင်းပရေးကော်မတီတစ်ဦးက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**




# မီးသတ်ဆေးဘူးဖြင့် ဆီမီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**ထန်တလန် ဖေဖော်ဝါရီ ၁၀**

မီးသတ်ဆေးဘူးဖြင့် ဆီမီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ထန်တလန်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ ကွင်းပြင်၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေကျုံးလျန်းက ဆီမီးလောင်ပါက ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို သရုပ်ပြလေ့ကျင့်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကို လက်တွေ့လေ့ကျင့်ကြကြောင်း သိရသည်။ **(ပြန်/ဆက်)**

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုနေ့ ဒို့မမေ့

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်(ရွှေဈေး) ၈၉၀၀၀၀ - ၈၉၀၀၀၀ မန္တလေး(ရွှေဈေး) ၈၉၀၀၀၀ - ၈၉၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၆၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၉.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၉၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၇၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅.၉၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၇၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၆.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇.၈၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၆.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၆.၂၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၁၀၊ ဖက်စ် ၀၆၇-၃၆၁၁၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာဗီအို ဆောလ် ဆမ်မူဒီအို ဘီသန် ကော့ဒ် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

မစ္စတာ ဗလာဒီနီအေ ဂေါ် ရှင်သည် ယနေ့မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိနိုင်ငံတော်သမ္မတ အိမ်တော်၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်းအဆင်ပြေချောမွေ့စေရေး ရင်းနှီးစွာဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၊ မြန်မာ-ထိုင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲကော်မတီ(JCC) ဥက္ကဋ္ဌ မစ္စတာ အာခွန်သန် ပစ်ထရာပိုင်ဆ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ နှစ်နိုင်ငံအကြား ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းအဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုရင်းနှီးစွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနုဆူဗာနာဂျာတာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာခွန်သန် ပစ်ထရာပိုင်ဆ်အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)





# ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Haoliang Xu အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် UNDP က မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးနေမှုများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှု ရင်းနှီးစွာဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် The United States Court of Appeals for the Fourth Circuit မှ တရားသူကြီး The Hon. Allyson K. Duncan အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် USAID တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အမေရိကန်ပြည်ထောင်စုနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြား တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာငွေ၊ ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

✪



**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် The United States Court of Appeals for the Fourth Circuit မှ တရားသူကြီး The Hon. Allyson K. Duncan တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# အစ္စလာမ္မစ်တော်လှန်ရေးနှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပချိန် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ




**တီဟီရန် ဖေဖော်ဝါရီ ၁၀**
အီရန်နိုင်ငံမြို့တော် တီဟီရန်၌ ၁၉၇၉ ခုနှစ်အစ္စလာမ္မစ်တော်လှန်ရေးနှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားများကို ဆင်နွှဲစဉ်အတွင်း အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စလာမ္မစ်တော်လှန်ရေးဆင်နွှဲခဲ့မှု ၃၈ နှစ်မြောက်နှစ်ပတ်လည်နေ့တွင် အီရန်နိုင်ငံတစ်ဝန်းအောင်ပွဲသဘင်ဆင်ယင်ကျင်းပကြသည်။ အမေရိကန်က ထောက်ခံသောရှားဘုရင်ကို ဖြုတ်ချခဲ့သည့်တော်လှန်ရေးအထိမ်းအမှတ်အဖြစ် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များနှင့် စစ်ရဲတပ်ဖွဲ့ဝင်များအပါအဝင် လူရာပေါင်းများစွာက မြို့တော်တီဟီရန်ရှိ အဇာဒီ(လွတ်မြောက်ရေး)ရင်ပြင်သို့ စုဝေးချီတက်ခဲ့ကြသည်။

မြို့တော်တီဟီရန်၌ အင်အားပြသူများက အမေရိကန်နှင့်အစ္စရေးဆန့်ကျင်ရေးကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြသည်။

အမေရိကန် ကျဆုံးပါစေဟူသောစာတန်းများပါ ပိုစတာများကို ကိုင်စွဲကာ ဆန္ဒပြခဲ့ကြပြီး တော်လှန်ရေးတေးသီချင်းများကို စစ်ရဲတပ်ဖွဲ့က တီးမှုတ်ခဲ့သည်။

တီဟီရန်မြို့လယ်ရှိ လမ်းတစ်လမ်းပေါ်တွင် ထရန့်၏ရုပ်ပုံကို ဆန္ဒပြသူများက ဖျက်ဆီးခဲ့ကြကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာန၏ သတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတထရန့်က အီရန်နိုင်ငံအား သတိဖြင့် စောင့်ကြည့်မည်ဟုပြောကြားခဲ့ခြင်းနှင့်ပတ်သက်၍ အီရန်သမ္မတဟာဆန်ရိုဟာနီက အမေရိကန်အစိုးရအဖွဲ့သစ်က ပြဿနာရှာနေသည်ဟု ဝေဖန်ခဲ့သည်။ ဇန်နဝါရီ ၂၉ ရက်က အီရန်နိုင်ငံက ပဲ့ထိန်းဒုံးကျည်စမ်းသပ်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် သမ္မတထရန့်က အီရန်နိုင်ငံရှိ ပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းတို့အပေါ် အရေးယူပိတ်ဆို့မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

**ရိုက်တာ။**

## အာဖဂန်နစ္စတန်တွင် တပ်ဖွဲ့ဝင်များ ထပ်မံလိုအပ်ကြောင်း အမေရိကန်တပ်မှူးပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**
တာလီဘန်အကြမ်းဖက်သမားများကို တုံ့ပြန်တိုက်ခိုက်ရေးအတွက် တပ်ဖွဲ့များထပ်မံလိုအပ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့များ၏ တပ်မှူးက ပြောကြားသည်။

ဗိုလ်ချုပ်ကြီး ဂျွန် နီကိုလ်ဆန်က လွှတ်တော်လက်နက်ကိုင်တပ်ဖွဲ့များရေးရာကော်မတီ အစည်းအဝေးမစတင်မီ ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။ လွန်ခဲ့သည့်နှစ်တွင် တာလီဘန်တို့၏လှုပ်ရှားမှုများကြောင့် အာဖဂန်အစိုးရထိန်းချုပ်ထားသည့် နယ်မြေ ၁၅ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ရသည်ဟု နီကိုလ်ဆန်က ပြောကြားသည်။

ယခုလောလောဆယ် အာဖဂန်နစ္စတန်တွင် နိုင်ငံတကာတပ်ဖွဲ့ဝင် ၁၃၀၀၀ ခန့် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အဆိုပါတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏တာဝန်များဖြစ်သည့် လေ့ကျင့်ရေး၊ အကြံပေးရေးနှင့် ကူညီထောက်ပံ့ရေးတာဝန်များကို ထမ်းဆောင်ရာတွင် တပ်ဖွဲ့ဝင်များ လိုအပ်လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။

ရုရှားနိုင်ငံသည် တာလီဘန်တို့နှင့် ဆက်ဆံရေးခိုင်မာအောင်ကြိုးပမ်းလျက်ရှိကြောင်းနှင့် ရုရှားနိုင်ငံက ဒေသတွင်းရေးရာများတွင် ပါဝင်ပတ်သက်လာမှုများကြောင့် အခြေအနေများ ပိုမိုရှုပ်ထွေးလျက်ရှိကြောင်း နီကိုလ်ဆန်က ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်သည် အာဖဂန်မဟာဗျူဟာကို ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။ လုံခြုံရေးအခြေအနေဆိုးရွားလာသည့် အာဖဂန်နစ္စတန်တွင် တပ်ဖွဲ့ဝင်အရေအတွက်တိုးမြှင့်ချထားရေးအတွက် တောင်းဆိုမှုကို ထရန့်အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားမလဲဆိုသည်မှာ စိတ်ဝင်စားစရာဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

## ဘာလီကျွန်းတွင် မြေပြိုမှုများဖြစ်ပွား လူ ၁၂ ဦးသေဆုံး၊ ငါးဦးထိခိုက်ဒဏ်ရာရ

**ဂျကာတာ ဖေဖော်ဝါရီ ၁၀**
အင်ဒိုနီးရှားနိုင်ငံ၏အပန်းဖြေစခန်းများတည်ရှိရာ ဘာလီကျွန်း ဘန်ဂလီခရိုင်တွင် ဖေဖော်ဝါရီ ၁၀ ရက်က ကျေးရွာနှစ်ရွာ၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦးသေဆုံးပြီး ငါးဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သဘာဝဘေးဆိုင်ရာ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဝမ်နှင့်ဆူကာဝါနာအမည်ရှိ ကျေးရွာနှစ်ရွာတွင် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ရွာသားငါးဦးသေဆုံးကာ ရွာသားအချို့ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု အင်ဒိုနီးရှားအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူးနဂ်ရိုဟိုက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ဖေဖော်ဝါရီ ၉ ရက်ဒေသစံတော်ချိန် ည ၁၁ နာရီခန့်တွင် ဆွန်ဂန်ကျေးရွာ၌ မြေပြိုမှုဖြစ်ပွားခြင်းကြောင့် လူခုနစ်ဦးသေဆုံးခဲ့ရသည်။ လူလေးဦးဒဏ်ရာရရှိပြီး မြေပြိုမှုကြောင့် လူနေအိမ်ငါးလုံးထိခိုက်ပျက်စီးရကြောင်း ဆူတိုပိုက ပြောကြားခဲ့သည်။ မြေပြိုမှုဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသူအားလုံး၏ ရုပ်အလောင်းများအား ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

အင်ဒိုနီးရှားတပ်မတော်မှ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့်ဒေသအတွင်းရှိ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်သားများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အဆိုပါဒေသတွင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ဟု ဆူတိုပိုက ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေကြမ်းများတိုက်ခိုက်မည်ဟုခန့်မှန်းချက်များထုတ်ပြန်ခဲ့ပြီး ပြည်သူများအား မြေပြိုမှုအန္တရာယ်မှ သတိထားကြရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီက သတိပေးချက်များ ထုတ်ပြန်ထားသည်။ **ဆင်ဟွာ။**

## အကြမ်းဖက်တိုက်ခိုက်မှုဘေးရန်မှ ကာကွယ်နိုင်ရေး အီဖယ်မျှော်စင်အောက်ခြေ၌ ဖန်တံတိုင်းကာမည်

ပါရီ ဖေဖော်ဝါရီ ၁၀

**ကမ္ဘာပေါ်ရှိအထင်ကရအမှတ်အသားတစ်ခုဖြစ်သော အီဖယ်မျှော်စင်ကို အကြမ်းဖက်တိုက်ခိုက်သူများဘေးရန်မှ ကာကွယ်ပေးနိုင်ရေးအတွက် မျှော်စင်အောက်ခြေတစ်ဝိုက်တွင် ဖန်တံတိုင်းတစ်ခုတည်ဆောက်ရန် ပြင်သစ်နိုင်ငံ ပါရီမြို့တော်ဝန်ရုံးက စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။**



အီဖယ်မျှော်စင် သာယာလှပရေး၊ ဧည့်သည်များ ကြည့်ရှုလေ့လာနိုင်ရေးတို့အတွက်သာမက ဧည့်သည်များနှင့်ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် မျှော်စင်အောက်ခြေတွင် အမြင့် ၂ ဒသမ ၅ မီတာရှိ ဖန်တံတိုင်းတစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပြင်သစ်ပြည်သူတို့ အမွန်အမြတ်ပြုသောအဆောက်အအုံ တစ်လုံးဖြစ်သည့် အီဖယ်မျှော်စင်ကို အကြမ်းဖက်သမားများက ပစ်မှတ်ထား၍ တိုက်ခိုက်နိုင်ခြင်းမရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့တော်ဝန်ရုံး၏ ကြေညာချက်ကို ကိုးကားလျက် လီပါရီစီယန်သတင်းစာက ရေးသားဖော်ပြသည်။

ကျည်ကာအဖြစ် တည်ရှိမည့် ဖန်တံတိုင်းတည်ဆောက်ရေးလုပ်ငန်းကို လာမည့်ဆောင်းဦးပေါက်ရာသီတွင် စတင်မည်ဆို၏။

ပါရီမြို့ရှိ ၃၂၄ မီတာအမြင့်ရှိ အီဖယ်မျှော်စင်သို့ အလည်အပတ်လာရောက်သူ ဦးရေမှာ တစ်နှစ်လျှင် ခုနစ်သန်းခန့်ရှိသည်။ ယင်းမျှော်စင်လုံခြုံရေးအတွက် ၂၀၁၆ ခုနှစ် ယူရိုဘောလုံးပြိုင်ပွဲကာလအတွင်း မျှော်စင်အောက်ခြေတွင် သတ္တုဖြင့်ပြုလုပ်သော စည်းရိုးတစ်ခုကို ယာယီအရံအတားအဖြစ် တည်ဆောက်ခဲ့ပြီးဖြစ်၏။

ပါရီမြို့ရှိ အီဖယ်မျှော်စင်နှင့်တကွ အခြားသောအထိမ်းအမှတ်အဆောက်အအုံများအားလုံးကို အကြမ်းဖက်သမားများ၏ဘေးရန်မှ ကာကွယ်နိုင်ရန် အထူးလုံခြုံရေးအစီအမံများကို ချမှတ်ဆောင်ရွက်နေကြောင်း ဒုတိယမြို့တော်ဝန် ဂျင်းဖရန်ဆွာ မာတင်က ပြောကြားသည်။

ပြင်သစ်နိုင်ငံတစ်ဝန်းတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ်ဇူလိုင်လအထိ ကာလအတွင်းအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၃၈ ဦးထက်မနည်း သေဆုံးရသည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီးနောက် အထူးလုံခြုံရေး အစီအမံများကို ဆောင်ရွက်လျက်ရှိသည်။

**ရိုက်တာ။**

## ရုရှားဂျက်လေယာဉ်တစ်စင်းက တူရကီတပ်ဖွဲ့ဝင်များကို မှားယွင်းစွာ ပစ်ခတ်

**အန်ကာရာ ဖေဖော်ဝါရီ ၁၀**
ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ရုရှားနှင့်တူရကီတပ်ဖွဲ့တို့သည် အိုင်အက်စ်စစ်သွေးကြွများအား ပူးပေါင်းသုတ်သင်ဖယ်ရှားလျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်က ရုရှားဂျက်လေယာဉ်တစ်စင်းသည် တူရကီတပ်ဖွဲ့ဝင်များအား မတော်တဆ မှားယွင်းပြီး စက်လက်နက်များဖြင့်ပစ်ခတ်ခဲ့သည့်အတွက် တူရကီစစ်သည်အချို့သေဆုံးခဲ့ရကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ရုရှားဂျက်လေယာဉ်တစ်စင်းသည် ဆီးရီးယားနိုင်ငံ အယ်လ်ဘတ်လ်မြို့ရှိ အိုင်အက်စ်စစ်သွေးကြွများအား လိုက်လံရှာဖွေတိုက်ခိုက်လျက်ရှိစဉ် တူရကီတပ်ဖွဲ့ဝင်များ တပ်စွဲထားသော အဆောက်အအုံတစ်ခုအား စက်သေနတ်ဖြင့် မှားယွင်းပြီး ပစ်ခတ်ခဲ့သည်။ ယင်းပစ်ခတ်မှုကြောင့် တူရကီတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ကနဦးရှာဖွေတွေ့ရှိချက်များအရ အဆိုပါဖြစ်စဉ်မှာ မတော်တဆ ဖြစ်ပွားခဲ့ခြင်းသာဖြစ်သည်ဟု တူရကီဒုတိယဝန်ကြီးချုပ် နူမန် ကာတူမူစ်က မီဒီယာများအား ပြောကြားခဲ့သည်။

ယင်းသို့မှားယွင်းစွာ ပစ်ခတ်မှုနှင့် ပတ်သက်ပြီး ဆက်လက်စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တူရကီဒုတိယဝန်ကြီးချုပ် နူမန် ကာတူမူစ်၏ ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အင်န်တခ် မီဒီယာက သတင်းကြေညာခဲ့သည်။

နောက်ထပ်ယင်းဖြစ်ရပ်မျိုးမဖြစ်ပွားစေရန် တူရကီတပ်ဖွဲ့အနေဖြင့် ရုရှားတပ်ဖွဲ့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တူရကီဒုတိယဝန်ကြီးချုပ် နူမန် ကာတူမူစ်က အလေးပေးပြောကြားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ရုရှားကရင်မလင်ရုံးပြောရေးဆိုခွင့်ရှိသူ ဒါမီထရီ ပီစ်ကိုဗ်က ယင်းပစ်ခတ်မှုမှာ တူရကီတပ်မတော်က ညွှန်းဆိုသည့် ပစ်မှတ်များအပေါ် အခြေခံကာစစ်ဆင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့မှားယွင်းခြင်းသည် ပစ်မှတ်များဖော်ပြသည့် မြေပုံအညွှန်းရရှိမှု၏ အားနည်းချက်ပင်ဖြစ်ပြီး ယင်းကို မည်သို့ပြန်လည်တည့်မတ်ဆောင်ရွက်နိုင်မလဲဆိုသည့် နည်းလမ်းများရှာဖွေရမည်ဖြစ်ကြောင်း ရုရှားကရင်မလင်ရုံးပြောရေးဆိုခွင့်ရှိသူ ဒါမီထရီ ပီစ်ကိုဗ်က ဆိုသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက် ရုရှားသမ္မတ ဗလာဒီမာပူတင်က တူရကီသမ္မတထံ ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ဝမ်းနည်းကြောင်း တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

# ပြည်ထဲရေးဝန်ကြီးဌာန၏ အုပ်ချုပ်ရေးနှင့် စီမံရေးရာဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်နေချိန် ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများကို တိုးတိုးတိတ်တိတ်ဖြစ်စေ၊ ပေါ်ပေါ်တင်တင်ဖြစ်စေ နောက်မှလိုက်လံစုံစမ်း သတင်းမေးမြန်းရယူရန် တာဝန်ပေးခြင်း၊ ဆောင်ရွက်ခြင်းမရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပြောကြားလိုက်သည်။

အင်းစိန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၏ လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်ချိန်တွင် လိုက်လံစုံစမ်း၊ မေးမြန်းသတင်းရယူနေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို မည်သည့်တာဝန်ရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းများက တာဝန်ပေးထားခြင်း ရှိ၊ မရှိ သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယင်းသို့ ရှင်းလင်းပြောကြားခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ရွေးချယ်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အဆိုပြုလွှာများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်ပြရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈ နှင့် ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်း ရှိ၊ မရှိ စိစစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားလာပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနမှ အဆိုပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈ နှင့် ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်း ရှိ၊ မရှိ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့များသို့ စိစစ်စေပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်တင်ပြရပါကြောင်း၊ အဆိုပါကိစ္စရပ်မှလွဲ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား လိုက်လံစုံစမ်းခြင်း၊ သတင်းရယူခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး၏ ရွှေတောင်မြို့နယ်အပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်အတွင်း ပြုလုပ်နေသော မြစ်ကျောက်လုပ်ငန်းများမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချမှတ်ထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၃ တွင် မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊



ဒေါ်မြခွာညိုဦး



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတတူးဖော်ခြင်း မပြုရဟု ပြဋ္ဌာန်းထားရှိပြီး ကျူးလွန်ပါက ယင်းဥပဒေပုဒ်မ ၂၆ အရ ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ သည် ရဲအရေးပိုင်သော ပုဒ်မဖြစ်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြစ်ချောင်းများအတွင်း တရားမဝင်သဲစုပ်ယူခြင်း၊ မြစ်ကျောက်ထုတ်ယူခြင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်လုပ်ခြင်း ရှိ၊ မရှိ၊ ခွင့်ပြုချက်လိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း ရှိ၊ မရှိတို့ကို စိစစ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီမြစ်အတွင်း ပြုလုပ်နေသော မြစ်သဲကျောက်လုပ်ငန်းများနှင့် ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချမှတ်ထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေစည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ခြင်း မရှိသော လုပ်ငန်းများအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏ မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်စပ်နှင့် ထိစပ်လျက်ရှိသည့် တစ်ဖက်နိုင်ငံမှ ထုတ်လုပ်သော တယ်လီဖုန်းဆင်းမ်ကတ်များကို မောင်တော၊ ဘူးသီးတောင်မြို့နယ်များ၌ တွင်ကျယ်စွာသုံးစွဲနေခြင်းကို တားဆီးအရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက တစ်ဖက်နိုင်ငံမှ တယ်လီဖုန်းဆင်းမ်ကတ်များ သုံးစွဲနေမှုအပေါ် တည်ဆဲဆက်သွယ်ရေး ဥပဒေများအရ အရေးယူနိုင်ခြင်းမရှိသေးဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါကြောင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိရာ နေထိုင်သူအများစုမှာ တစ်ဖက်နိုင်ငံတွင် နေထိုင်သူများနှင့် အလွယ်တကူဆက်သွယ်ပြောဆိုနိုင်ရန်အတွက် တစ်ဖက်နိုင်ငံ မိုဘိုင်းဖုန်းဆင်းမ်ကတ်များကို တရားမဝင်သုံးစွဲလျက်ရှိကြပါကြောင်း။

ထိုသို့ သုံးစွဲမှုများကြောင့် မြန်မာနိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် ဖမ်းဆီးအရေးယူခဲ့မှုများဆောင်ရွက်ခဲ့ရာ မောင်တောခရိုင်အတွင်း ၂၀၁၄ ခုနှစ်တွင် ၈၁ မှု၊ ၂၀၁၅ ခုနှစ်တွင် ၈၄ မှု၊ ၂၀၁၆ ခုနှစ်တွင် ၂၂ မှု စုစုပေါင်း ၁၈၇ မှုမှ တရားခံ ၁၈၇ ဦးအား ဖမ်းဆီးအရေးယူခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ မောင်တောခရိုင်နယ်မြေအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်လုပ်သုံးစွဲသော ဆင်းမ်ကတ်များကို တရားမဝင်တွင်ကျယ်စွာ အသုံးပြုနေမှုများအား တားဆီးနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ သတင်းဖော်ထုတ်ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးသည် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ မိုင်းခတ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစဲကော်ကီ၊ မင်းတပ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ သနပ်ပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် ဘီးလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးတို့၏ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စပ်ဆိုင်သော အုပ်ချုပ်ရေးနှင့် စီမံရေးရာကိစ္စရပ်မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဝေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို တင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ထောက်ခံဆွေးနွေးသဖြင့် လွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူသောကြောင့် အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကိုတင်သွင်းရာ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က အစီရင်ခံစာဖတ်ကြားရှင်းလင်းပြီး လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ကံပေါက်သတ္တုနယ်မြေအတွင်း ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တုစုစုပေါင်း မက်ထရစ်တန် ၂၁၆၀၀ ကျန်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

DELCO ကုမ္ပဏီ၏ ဖြစ်မြောက်နိုင်စွမ်း အကြိုလေ့လာမှု အစီရင်ခံစာအရ ကံပေါက်သတ္တုတွင်းဧရိယာတွင် ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တုစုစုပေါင်း ၂၁၆၀၀ မက်ထရစ်တန် ကျန်ရှိနေသည်ကို စမ်းသပ်တိုင်းတာတွေ့ရှိရကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၏ "တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကံပေါက်ဒေသအား သတ္တုတွင်းနယ်မြေမှ ပယ်ဖျက်ပြီး ရွာမြေအဖြစ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း



ဦးမောင်မောင်လတ်

သတ္တုဧရိယာ ၄၅၁၀ ဧကရှိပါကြောင်း၊ ၎င်းဧရိယာများအနက် လက်ရှိအနေဖြင့် ကံပေါက်ဒေသတွင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီသုံးခုတို့သည် ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တု အကြီးစားနှင့် အသေးစား ထုတ်လုပ်မှုလုပ်ငန်းများကို လုပ်ကွက်သုံးကွက် စုစုပေါင်း ဧရိယာ ၂၁၆၉ ဧကတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုမ္ပဏီသုံးခုသည် ၂၀၁၆ ခုနှစ်ဒီဇင်ဘာအထိ ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တု ၂၃၅၉ ဒသမ ၁၅၆၄ မက်ထရစ်တန် ထုတ်လုပ်ခဲ့ပြီး ယခုပေါက်ဈေးအရ အမျိုးသားဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆၆၉ သန်းကျော်နှင့် နိုင်ငံတော်အနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၇၃ သန်းကျော် ခွဲဝေရရှိထားပြီးဖြစ်သည့်အပြင် အလုပ်သမားဦးရေ ၄၀၀ ကျော်အား အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားနိုင်သည်ကို တွေ့ရပါကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက်ကျေးရွာအုပ်စုတွင် ကံပေါက်၊ မီးကျောင်းအိုင်၊ လှည်းကုန်း၊ ဖက်တောင်ဟူ၍ ကျေးရွာလေးရွာရှိပြီး ကံပေါက်ကျေးရွာသည် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော်လည်း မြေယာအဆောက်အအုံပိုင်ဆိုင်မှု၊ ဆောက်လုပ်မှုများနှင့်ပတ်သက်၍ မြေအမျိုးအစားမှာ သတ္တုတွင်းမြေအမျိုးအစားဖြစ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့်



ဦးမောင်ကျော်ဇံ

သတ္တုတွင်းနယ်မြေအဖြစ်မှ စွန့်လွှတ်ခဲ့ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျေးရွာမြေအဖြစ် သတ်မှတ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံစမ်းသပ်တိုင်းတာတွေ့ရှိချက်များအရ သတ္တုသိုက်လက်ကျန်များစွာ ကျန်ရှိနေနိုင်သည့်အတွက် လောလောဆယ်တွင် ကံပေါက်ဒေသကို သတ္တုတွင်းနယ်မြေမှ ပယ်ဖျက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ "ရခိုင်ပြည်နယ်အတွင်း ပြုန်းတီးသွားသည့် ဒီရေတောများနေရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ်အတွက် တည်ထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးသိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှု မဖြစ်ပေါ်စေရေး၊ သဘာဝတောများအပေါ် မှီခိုမှုအားလျှော့ချနိုင်ရေး၊ ရေဝေရေလဲဒေသများနှင့် ဒီရေတောများ ပိုမိုထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်တွင် ဝမ်ဗိုက်ကြိုးပိုင်းနှင့် မင်းကြောင်းကြိုးပြင် ကာကွယ်တောအတွင်း ၂၀၀၇-၂၀၀၈ ခုနှစ်မှစတင်၍ ၂၀၁၆-၂၀၁၇ ခုနှစ်ထိ ဒီရေတောစိုက်ခင်း (၁၉၅၀)ဧက တည်ထောင်စိုက်ပျိုးခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ (၁၀)နှစ်စီမံကိန်းတွင် ဒီရေတောစိုက်ခင်း (၁၂၃၀)ဧက တည်ထောင်စိုက်ပျိုးရန် အစီအစဉ်များ ရေးဆွဲထားပါကြောင်း။

ထို့ပြင် ဒီရေတောစိုက်ခင်း တည်ထောင်ခြင်းသာမက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေးနှင့် ဒီရေတောများမပျက်စီးစေရေးအတွက် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်တွင် ဒီရေတော စုစုပေါင်း(၄၀၅၀၀)ဧက တိုးချဲ့ဖွဲ့စည်းရန်နှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် စစ်တွေခရိုင်နှင့် သံတွဲခရိုင်တို့တွင် ဒီရေတော စုစုပေါင်း ၄၂၀၅ ဒသမ ၄၁ ဧက တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ရှိ ပျက်စီးပြုန်းတီးသွားသော ဒီရေတောများအပါအဝင် သစ်တောမြေအတွင်း ဒေသခံပြည်သူများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ယာမြေများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း နည်းစနစ်ဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်

စာမျက်နှာ ၇ သို့ ❍

# လွတ်လပ်ရေးသမိုင်း၌ ပြည်ထောင်စုလမ်းကြောင်းပေါ် တွန်းတင်ပေးလိုက်သော ပထမပင်လုံညီလာခံအတွင်းရေးများ

ဟံသာဝတီ-ဦးအုန်းကြိုင်

၁၉၄၆ ခုနှစ် မတ်လ အနေးနှင့်အမြန် လွတ်လပ်ရေး ရတော့မည့် ဗမာပြည်မနှင့်အတူ နယ်စပ်ဒေသများ ကိုပါ လွတ်လပ်ရေးတပေါင်းတစည်းတည်းပေးရန် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင် များ အပြင်းအထန် ခေါင်းချင်းရိုက်စီမံဆိုင်းပြင်းလာ ကြသော အချိန်ဖြစ်သည်။

ထိုအချိန်တွင် ဗမာပြည်မနှင့် နယ်စပ်ဒေသတို့ကို နိုင်ငံရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ မည်သည့် နည်းနှင့်မျှ ဆက်သွယ်ခြင်း၊ ပေါင်းစည်းခြင်း မရှိနိုင်ကြ စေရန် ဗြိတိသျှနယ်ချဲ့အစိုးရအာဏာပိုင်များက အစွမ်းကုန် တားမြစ်ပိတ်ပင် ဆောင်ရွက်နေကြသော အချိန်လည်းဖြစ်သည်။

**နယ်ချဲ့တို့သွေးခွဲ ရန်တိုက်ပေးနေချိန်**

ထိုသို့ နယ်ချဲ့သမားတို့က အပြင်းအထန်သွေးခွဲ ရန်တိုက်ပေးနေချိန်တွင် အမြော်အမြင်ကြီးမားကြသော မိုင်းပွန်စော်ဘွား၊ တောင်ပိုင်စော်ဘွား၊ ညောင်ရွှေ စော်ဘွားတို့ ဦးဆောင်သည့် ရှမ်းစော်ဘွားကြီးများသည် နယ်စပ်ဒေသ ခေါင်းဆောင်များနှင့် ဗမာပြည်မမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိသော ခေါင်းဆောင်များအား လျှို့ဝှက်ဖိတ်ကြား ပြီး ရှမ်းပြည်နယ်တစ်နေရာတွင် ဆုံစည်းကြ၍ ဆွေးနွေး နှီးနှောနိုင်ကြရန်အတွက် အပူတပြင်း စည်းရုံးပြင်ဆင် နေကြသော အချိန်လည်းဖြစ်သည်။

**ပထမပင်လုံညီလာခံ**

ဤကဲ့သို့သော အခြေအနေများအကြားမှနေ၍ "ပထမအကြိမ် ပင်လုံညီလာခံ"ဟု သမိုင်းဝင်ခေါ်ဆို ခဲ့ကြသည့် တောင်တန်းပြည်မခေါင်းဆောင်များ၏ စည်းဝေးပွဲကြီးကို ၁၉၄၆ ခုနှစ် မတ်လ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း နှင့် အရှေ့ပိုင်းတို့လမ်းကြောင်းဆုံရာ ပင်လုံမြို့ကလေး ကို ဗဟိုပြုပြီး ကျင်းပနိုင်ခဲ့ကြသည်။

**လွတ်လပ်ရေး ရ မရ မရေရာသောကာလ**

ထိုအချိန်က စစ်ပြီးခေတ် ဗြိတိသျှနယ်ချဲ့အစိုးရသည် ဗမာပြည်မကို မလွှဲသာ၍ လွတ်လပ်ရေးပေးရသည့် တိုင်အောင် ဗြိတိသျှအုပ်စိုးမှုလက်အောက်ခံ ဒိုမီနီယံ အဆင့်အတန်းလောက်သာပေးမည့် စက္ကူဖြူစီမံကိန်း (White Paper Scheme) ဖြင့် စတင်အုပ်ချုပ်စပြုပြီး၊ ရခိုင်တိုင်း၊ ချင်းဝိသေသတိုင်း၊ ကချင်တောင်တန်း၊ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်(ကယား) တို့ပါဝင်သော၊ မြန်မာပြည်ထိပ်ချွန်ပိုင်း မြင်းခွာပုံသဏ္ဌာန်ရှိသော နယ်စပ်ဒေသများကို "မောပြည်မနှင့်ခွဲထုတ်၍ သီးခြား အုပ်ချုပ်ထားသည့် စည်းမျဉ်း" (Schedule Area Administration Regulation) ဖြင့် လွတ်လပ်ရေး မပေးဘဲ ကိုလိုနီပြုကာ ဆက်လက်စိုးမိုးအုပ်ချုပ်ထားရန် ကြံစည်ဖော်ဆောင်စပြုနေချိန်လည်းဖြစ်သည်။

**ဗြိတိသျှတို့၏ လျှို့ဝှက်ချက်ထုတ်ဖော်သူ**

ဗြိတိသျှနယ်ချဲ့သမားတို့က လျှို့ဝှက်စွာ ကြံစည် ဖော်ဆောင်နေသော "ဗမာပြည်မနှင့် ခွဲထုတ်၍ သီးခြား အုပ်ချုပ်ထားသည့် စည်းမျဉ်း"ကို ထိုစဉ်က မြန်မာ့ အလင်း သတင်းထောက်ဦးစံအောင်နှင့် တောင်ကြီး မှ တိုးတက်သော လူငယ်ခေါင်းဆောင်တစ်စုတို့က ဖော်ထုတ်တင်ပြလိုက်သဖြင့် ရှမ်းစော်ဘွားကြီးများ ကိုယ်တိုင် ဗြိတိသျှနယ်ချဲ့အုပ်စိုးသူ အာဏာပိုင်တို့အပေါ် အယုံအကြည်လျော့နည်းလာကြပြီးနောက် ဗမာပြည်မ မှ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် ခေါင်းဆောင် များနှင့် လျှို့ဝှက်တွေ့ဆုံကြကာ ဤပထမပင်လုံ ညီလာခံကို ကျင်းပဖြစ်ရန် စီမံကြခြင်းဖြစ်သည်။

**အောက်ခြေအထိ ကွင်းဆင်းစည်းရုံးကြရန်**

ပထမပင်လုံညီလာခံကျင်းပဖြစ်နိုင်ရန်အတွက် ကျားကုတ်ကျားခဲ ဆော်ဩလှုံ့ဆော်စည်းရုံးစီမံပေးခဲ့ သူတို့မှာ ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ လူငယ်ခေါင်းဆောင်များဖြစ်သည်။ ထိုရှမ်းပြည်သူ့ လွတ်လပ်ရေးလူငယ် ခေါင်းဆောင်များသည် ၎င်းပထမ ပင်လုံညီလာခံမတိုင်မီအချိန်များမှ စတင်၍ ရှမ်းပြည် အနာဂတ်အရေးအတွက် ရှမ်းပြည်လူထုထံမှ အကြံဉာဏ် များရယူခြင်း၊ အကြိမ်ကြိမ် ဆွေးနွေးခြင်း၊ ဟောပြော စည်းရုံးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထိုလူထုဆွေးနွေးပွဲ များ၏ အဓိကဦးတည်ချက်မှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ရှမ်းပြည်လွတ်လပ်ရေး၊ ရှမ်း-မြန်မာပေါင်းစည်းရေးတို့ ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးစသည့် ဘာသာရပ်အသီးသီးတို့ကိုလည်း ကဏ္ဍ များခွဲခြား၍ ဆွေးနွေးဟောပြောခဲ့ကြရာမှ ပထမပင်လုံ ညီလာခံကျင်းပဖြစ်သည့် အဆင့်အထိ အရှိန်အဟုန်ကြီး မားခဲ့ရသည်ဟု ရှမ်းပြည်လူငယ်ခေါင်းဆောင်များက ပြောဆိုကြသည်။

**အစိုးရအာဏာပိုင်များ လက်ပိုက်ကြည့်နေကြရခြင်း**

ထိုရှမ်းလူထုဆန္ဒ အရှိန်အဟုန်မြင့်မားလာမှုကြောင့် လည်း အုပ်ချုပ်သူနယ်ခြားဒေသအစိုးရအာဏာပိုင်များ သည် ပထမပင်လုံညီလာခံကို ကျင်းပနိုင်ရေးတွင် ဝင်ရောက်မစွက်ဖက်နိုင်ကြတော့ဘဲ လက်ပိုက်ကြည့်နေခဲ့ ကြရသည်ဟု ဆိုသည်။ ဤသို့ဖြစ်ရသည်မှာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လူထု ထောက်ခံမှု၊ လူထုအပေါ် ဩဇာညောင်းမှု၊ အရှိန်အဝါ ကြီးမားမှုကြောင့်လည်းဖြစ်သည်။

**ပြကွက်ပြခန်းများဖြင့် စည်ကားခဲ့ခြင်း**

သို့နှင့် ယင်းပထမပင်လုံညီလာခံအစည်းအဝေးကြီး မှာ အတော်ပင်ကြီးကျယ်ခမ်းနားခဲ့ရပေသည်။ ရှမ်း ပြည်နယ်တစ်ဝန်းမှ ထွက်ရှိသော ထုတ်ကုန်များပြခန်း၊ စိုက်ပျိုးရေးပြခန်း၊ အနုပညာပြခန်းအစရှိသည့် ပြခန်း အများအပြားခင်းကျင်း ပြသခြင်းများဖြင့် စည်စည်ကားကား ဖြစ်ခဲ့သည်။ ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ၏ ယာယီရုံးခန်းကိုလည်း ပင်လုံညီလာခံတွင်ဖွင့်လှစ်၍ ညီလာခံနှင့်ပတ်သက်သော လုပ်ငန်းများကို စီမံဆောင် ရွက်ရင်း တစ်ဖက်မှလည်း နိုင်ငံရေးဦးတည်ချက်ပညာ ပေးသရုပ်ဖော်ပြခန်းအဖြစ် ရှမ်းပြည်မှ နာမည်ကျော် ပန်းချီဆရာကြီး ဦးစံဖေပုံဖော်ဖန်တီးထားချက်တို့မှာ လည်း များစွာစိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

**ပန်းချီကျော်ဦးစံဖေ၏ ထူးခြားလက်ရာ**

အလျားပေ ၃၀× အနံ ၂၅ ပေအကျယ်ရှိ ရှမ်းပြည်နယ် ပထဝီဝင်ဆိုင်ရာမြေပုံကြီးမှာ ရှမ်းပြည်နယ်၏ လမ်းပန်း ဆက်သွယ်ရေး၊ မီးရထားလမ်း၊ မော်တော်ကားလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်းများဖြင့် ဆက်သွယ် ထားရှိသော မြို့များ၊ ကျေးရွာများ၊ နယ်ခြားသတ်မျဉ်းများ၊ မြစ်များ၊ ချောင်းများ၊ ရေတွင်း၊ ရေအိုင်၊ ရေကန်များ၊ လူမျိုးစု တိုင်းရင်းသားများ နေထိုင်ကြရာ နေရာဒေသ များ၊ နယ်မြေဒေသအလိုက် ထွက်ကုန်များစသည်တို့ဖြင့် လက်ရှိပထဝီဝင်အခြေအနေတို့ကို ဆေးရောင်စုံဖြင့် ပီပြင် စွာ ရေးဆွဲဖော်ပြထားလေရာ ကြည့်ရှုလေ့လာသူ ပရိသတ်တို့ စိတ်အဝင်စားဆုံးပြကွက်ကြီးတစ်ခုအဖြစ် ထင်ရှားခဲ့လေသည်။

**လွတ်လပ်သော ရှမ်းပြည်သရုပ်ပြခန်း**

ထိုရှမ်းပြည်ပထဝီဝင်ပြမြေပုံကြီးတွင် ပန်းချီကျော် ဦးစံဖေက မြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီးသည့် နောက် အခြေအနေတို့ကို ဖော်ပြသည့်အနေဖြင့် စက်ရုံ၊ အလုပ်ရုံများ၊ စုပေါင်းလယ်ယာစခန်းများ၊ လျှပ်စစ် ဓာတ်အား ပေးစက်ရုံကြီးများ၊ သတ္တုတွင်းများ၊ သတ္တု သန့်စင်ထုတ်လုပ်ရေးစက်ရုံကြီးများ၊ တူ၊ တံစဉ်ကိုင်လျက် လက်တွဲချီတက်နေကြသော ရှမ်းတိုင်းရင်းသားပြည်သူများ ၏ ရုပ်ပုံများဖြင့် အသားပေးရေးဆွဲထားသည်ကိုလည်း ထိုပထမ ပင်လုံညီလာခံသို့ ရောက်ကြသူတိုင်းက ချီးကျူး မဆုံး ဖြစ်ခဲ့ကြရသည်။

**မင်းပေါင်းစုံညီဖိတ်ကြားခြင်း**

ထိုပထမပင်လုံညီလာခံကြီးသို့ တက်ရောက်ရန် ကိုယ်စားလှယ်များကိုလည်း တင်ကြိုဖိတ်ကြားကြသည်။ ချင်းတောင်တန်းနှင့် ကချင်တောင်တန်းဒေသမှ ဒူးဝါး ကြီးများ၊ လူထုခေါင်းဆောင်များ၊ နယ်ခြားဒေသအစိုးရ ဌာနဆိုင်ရာ အကြီးအကဲများ၊ နယ်ခြားဒေသအတွင်းဝန် မစ္စတာစတီဗင်ဆင်တို့အပြင် ရှမ်းပြည်နယ်မှ နယ်မြေ ဆိုင်ရာ နယ်ရှင်စော်ဘွားများ၊ စဝ်ဖလုံများ၊ ပြည်မမှ ဖဆပလအဖွဲ့ချုပ် ကိုယ်စားလှယ်များအဖြစ် ဗိုလ်ချုပ် အောင်ဆန်း၊ ဦးဘဖေ(ဘကြီးဘဖေ)၊ မျိုးချစ်ပါတီမှ ဂဠုန်ဦးစော၊ မိတ္ထီလာဦးဘရင်၊ မြေပြန့်ပအိုဝ်းသထုံ- ဦးလှဖေ အစရှိသည့် လူထုခေါင်းဆောင်များနှင့် ရန်ကုန် သတင်းစာတိုက်များမှ သတင်းစာဆရာများစသည်တို့ကို ဖိတ်ကြားခဲ့သည်။

**ညောင်ရွှေဟော်နန်းရှင်၏ ထမင်းဆိုင်**

ပင်လုံညီလာခံဝင်းကြီးအတွင်းတွင် တောင်ကြီးမှ တရားရုံးချုပ်ရှေ့နေ ဦးရွှေအုန်းက "ဝင်းစားမြိန်ရိပ်သာ" ဆိုင်ဖွင့်၍လည်းကောင်း၊ ညောင်ရွှေမဟာဒေဝီက ထမင်းဆိုင်တည်ခင်း၍ လည်းကောင်း အဖိုးနှုန်းချိုသာ စွာဖြင့် ဆိုင်များဖွင့်လှစ်ရောင်းချကြသည်။

**စော်ဘွားကြီးသုံးဦးနှင့် ဦးတင်အေး**

ထိုပထမအကြိမ် ပင်လုံညီလာခံဖြစ်မြောက်အောင်မြင် အောင် အဓိကရှေ့ဆောင်ရှေ့ရွက်ပြုကာ တာဝန်ယူ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်ကြီးများမှာ မိုင်းပွန် စော်ဘွားကြီး၊ ညောင်ရွှေစော်ဘွားကြီး၊ တောင်ပိုင်နှင့် သိန္နီစော်ဘွားကြီးတို့ ဖြစ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း နှင့် အဓိကရင်းနှီးပြီး ညီလာခံကို အဓိကကြိုးကိုင်သူမှာ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းဖြစ်သည်။ ၎င်းမိုင်းပွန် စော်ဘွားကြီး၏ နောက်ကွယ်မှ မထင်မရှားအကြံဉာဏ် ပေးသူမှာ ရှမ်းပြည် ဦးတင်အေးဖြစ်သည်။

**ဂဠုန်ဦးစော လူအထင်ကြီးအောင်လုပ်ပြခြင်း**

ပထမပင်လုံညီလာခံသို့ အစောဆုံးရောက်လာသူ မှာ ဗမာပြည်အစိုးရနန်းရင်းဝန်ဟောင်း ဂဠုန်ဦးစောနှင့် မိတ္ထီလာ ဦးဘရင်တို့ဖြစ်သည်။ (ဂဠုန်ဦးစောဆိုသူမှာ ဗိုလ်ချုပ်တို့အား လုပ်ကြံသတ်ဖြတ်သည့် နိုင်ငံတော် လုပ်ကြံမှုကြီး၏ အဓိကတရားခံဦးစောဖြစ်သည်။) ဦးစော သည် ညီလာခံသို့ ရောက်လာသည်နှင့် အနောက်တိုင်း ဥရောပဝတ်စုံတစ်လှည့် ရှမ်းအမျိုးသားဝတ်စုံတစ်လှည့်စီ ဝတ်ဆင်၍ ဗြိတိသျှမျက်နှာဖြူစစ်ဗိုလ်ကြီးများ၊ အင်္ဂလိပ် အရာရှိကြီးများနှင့် လက်ပွန်းတတီး တွဲဖက်နေပြလိုက်၊ ရှမ်းနယ်ရှင်စော်ဘွားကြီးများနှင့် ခါးဖက်၊ ပခုံးဖက်ရင်း ပွဲခင်းထဲ၌ လည်ပတ်လိုက်နှင့် လူအထင်ကြီးအောင် လုပ်ပြနေလေသည်။

**ပထမပင်လုံညီလာခံပထမဆုံးနေ့**

ပထမပင်လုံညီလာခံ ပထမဆုံးနေ့အစီအစဉ်တွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အလွတ်သဘော အလှည့်ကျဟောပြောခွင့်ရရှိကြသည်။ ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ တက်ရောက် လာကြသူများသည် ထိုဟောပြောမည့်သူများကို လူထု ဆန္ဒနှင့် ဆန့်ကျင်ဟောပြောလာပါက မေးခွန်းများ ဝိုင်းမေးကြ၍ အနှောင့်အယှက်ပြုကြရန် ကြိုတင် ပြင်ဆင်ထားကြသည်။

**ဂဠုန်ဦးစော၏ ခပ်တည်တည်ဖြီးကွက်**

ဟောပြောရန် ဦးစောအလှည့်သို့ ရောက်လာသည်။ ထိုနေ့ဟောပြောပွဲတွင် တောင်ပိုင်စော်ဘွားကြီး ခွန်ပန်းစိန် က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဦးစောသည် သူ့ကိုယ်သူမိတ်ဆက်ရာတွင် သူ၏အဘွားမှာ ရှမ်းအမျိုး သမီး စော်ဘွားမျိုးနွယ်ထဲက ဖြစ်သည်ဟု အစချီပြီး ဟောပြောပါသည်။ ဦးစောသည် အာသွက်လျှာသွက် မရှက်မကြောက် ခပ်တည်တည်ဖြင့် ပြောရဲဆိုရဲသူဖြစ် သည်။

**ဒိုမီနီယံလက်သင့်ခံကြရန်**

ဗြိတိသျှအစိုးရထံမှ မြန်မာပြည်အတွက် ဒိုမီနီယံ အုပ်ချုပ်ရေးအဆင့်အတန်းကို ရယူရန် စည်းရုံး ဟောပြောပါသည်။ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ရပလ)မှ အဖွဲ့ဝင်များသည် ထိုဟောပြောပွဲတွင် နေရာအသီးသီး၌ ခွဲ၍ ထိုင်လျက်ရှိကြရာမှ ဂဠုန် ဦးစောဟောပြောနေသော ဒိုမီနီယံအဆင့်အတန်းသည် လုံးဝမလိုလားအပ်သော အရာအဖြစ်သို့ ဆိုက်ရောက် ရပ်လုံးပေါ်လာအောင် နိမိတ်ပြမေးခွန်း (Leading Questions) များထုတ်ကာ ဝိုင်းဝန်းမေးမြန်းကြလေ၏။

**ဟစ်အော်ဆန့်ကျင်ဆူပူကုန်ခြင်း**

ဒိုမီနီယံဆိုသည်မှာ အဘယ်နည်း။ မည်သည့် ဘာသာစကားနည်း။ ဒိုမီနီယံဆိုတာ ရှမ်းစကားလည်း မဟုတ်သလို ဗမာစကားလည်းမဟုတ်၍ မိမိတို့နားမလည်။ လွတ်လပ်ရေးဆိုတာပဲ နားလည်ကြတယ်။ ဒါ့ကြောင့် မိမိ တို့က လုံးဝလွတ်လပ်ရေးသာလိုချင်ကြသည် စသည် ဖြင့် ထောင့်နေရာအမျိုးမျိုးတို့မှ ထ၍ထ၍ တစ်ယောက် တစ်ပေါက် မေးမြန်းပြောဆိုကြရာမှ ဟောပြောပွဲမှာ ဆူဆူ ညံညံဖြစ်လာတော့သည်။ ထို့ထက်ပိုမိုပြင်းထန်လာပြီး ဒိုမီနီယံအလိုမရှိ၊ လုံးဝလွတ်လပ်ရေး ချက်ချင်းပေး စသဖြင့် အော်ဟစ်၍ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့ သည်။

**စော်ဘွားကြီးများကပါ ဆန့်ကျင်ခြင်း**

သို့သော် ဂဠုန်ဦးစောကား အပြုံးမပျက်၊ ဣန္ဒြေ မပျက်၊ မှင်ကောင်းဟန်ကောင်းဖြင့် ဆက်လက် ဟောပြောရန် ကြိုးစားနေခိုက်တွင် ပရိသတ်များအားလုံး လိုလိုက ဒိုမီနီယံဆန့်ကျင်ပြောဆိုလာကြလေရာ စော်ဘွားကြီးများကပါ ဒိုမီနီယံ အလိုမရှိကြောင်းဖြင့် ပြောဆိုလာကြတော့သည်။

**ပင်လုံညီလာခံအတွင်း ဦးစောကျဆုံးသွားခြင်း**

ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့၏ ဘက်တော်သား ဂဠုန်ဦးစောတင်ပြနေသော ဒိုမီနီယံသားကောင်သည် ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဝင်လူငယ် များ၏ ပစ်ကွင်းထဲတွင် ဦးစောနှင့်အတူ မရှုမလှ ထိမှန်ကျဆုံးသွားပေတော့သည်။

**ဝိုင်းအဟားခံလိုက်ရသောဦးစော**

ဤသို့ဖြင့် ပထမပင်လုံညီလာခံကြီးကား စတင် လျက်ရှိနေပြီဖြစ်သည်။ ဖဆပလမှ ဗိုလ်ချုပ်အောင်ဆန်း တို့ကား ဖိတ်ကြားထားသော်လည်း ညီလာခံသို့ ရောက်

စာမျက်နှာ ၇ သို့

**ဗြိတိသျှနယ်ချဲ့သမားတို့က လျှို့ဝှက်စွာ ကြံစည်ဖော်ဆောင်နေသော "ဗမာပြည်မနှင့် ခွဲထုတ်၍ သီးခြားအုပ်ချုပ်ထားသည့် စည်းမျဉ်း"ကို ထိုစဉ်က မြန်မာ့အလင်း သတင်းထောက် ဦးစံအောင်နှင့် တောင်ကြီးမှ တိုးတက်သော လူငယ်ခေါင်းဆောင် တစ်စုတို့က ဖော်ထုတ်တင်ပြလိုက်သဖြင့် ရှမ်းစော်ဘွားကြီးများကိုယ်တိုင် ဗြိတိသျှ နယ်ချဲ့အုပ်စိုးသူ အာဏာပိုင်တို့အပေါ် အယုံအကြည်လျော့နည်းလာကြပြီးနောက် ဗမာပြည်မမှ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် ခေါင်းဆောင်များနှင့် လျှို့ဝှက် တွေ့ဆုံကြကာ ဤပထမပင်လုံညီလာခံကို ကျင်းပဖြစ်ရန် စီမံကြခြင်းဖြစ်သည်။**

## ပြည်တွင်းရေးရာ

❐ စာမျက်နှာ ၆ မှ

မလာနိုင်ကြသေး။ ဦးစောတစ်ယောက်တည်း လူတွင်ကျယ်လုပ်နေသည်ကို မြင်ပြင်းကတ်၊ ကြည့်မရဖြစ်နေသော တောင်ကြီး ပန်းချီ၊ ပန်းပုဆရာ ဦးစံဖေက မည်သို့ မည်နှယ်စိတ်ပေါက်လာသည်မသိ။ ကောက်ခါငင်ခါဖြင့် "ဒီဂျူန်ဦးစောက ဟိုတုန်းက သခင်တွေကို ဝါးရင်းတုတ်နဲ့ ရိုက်ခဲ့တယ်။ အခုလည်း သူ့အတိုင်းပဲ ရိုက်လွှတ်ရင် ကောင်းမယ်ထင်တယ်"ဟု ပြောချလိုက်လေရာ ဦးစောမှာ မျက်စိမျက်နှာပျက်ပြီး ဟိုဒီကြည့်ကာ တုန်လှုပ်သွားလေသည်။ ကြားလိုက်ကြရသူပရိသတ်များကား ငိုအားထက် ရယ်အားသန် ဝိုင်းရယ်ကြလေသည်။

**ဗိုလ်ချုပ်ခရီးလွန်နေ၍**

ထိုနေ့ နေ့လယ်တွင် တောင်ကြီးဌာနချုပ်ရုံးမှ ဆက်သားရောက်လာပြီး သတင်းပို့သည်။ ဗိုလ်ချုပ်အောင်ဆန်း ရခိုင်တိုင်းသို့ ခရီးလွန်နေသဖြင့် မလာနိုင်။ ဖဆပလ ကိုယ်စားလှယ်များအဖြစ် သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့ ရောက်နေကြောင်း၊ ပင်လုံအစည်းအဝေး တက်နိုင်ရန် ဖိတ်စာအမြန်ဆုံးစီစဉ်ပေးရန် စာပို့လာသည်။ မိုင်းပွန်စော်ဘွားထံမှဖိတ်စာ တောင်ကြီးသို့ ဦးတင်အေးနှင့် ပို့လိုက်သည်။

**ကယားနယ်မှ နယ်ချဲ့စနက်**

ပင်လုံအစည်းအဝေးမစတင်မီ တစ်ပတ်ခန့်အလိုက နယ်ခြားဒေသအတွင်းဝန် စတီဗင်ဆင် လွိုင်ကော်သို့ သွားရောက်ပြီး ကယားခေါင်းဆောင်များအား သွေးထိုးသွေးခွဲနေသည်ဖြစ်၍ ကယား(ကရင်နီ) လွိုင်ကော်သို့ အရင်သွားရန် ဦးတင်အေးတင်ပြချက်အရ သခင်နုတို့အဖွဲ့ လွိုင်ကော်သို့ သွားကြသည်။ သခင်နုတို့အဖွဲ့ လွိုင်ကော်သို့ ရောက်သောအခါ နယ်ချဲ့လက်ပါးစေ သွေးခွဲသမား စတီဗင်ဆင်သည် မော်ချီးမှတစ်ဆင့် တောင်ငူလမ်းအတိုင်း ရန်ကုန်သို့ ပြန်သွားပြီဟု သတင်းကြားသိကြရသည်။ ကရင်နီ(ကယား)ပြည်နယ်သည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ လွတ်လပ်သော သီးခြားနယ်မြေ (Buffer Zone)ဖြစ်ခဲ့သည်။

**ကြားခံနယ်မြေကယားတို့ပြေ(ပြည်)**

အောက်မြန်မာပြည်ကို ဗြိတိသျှများ သိမ်းပိုက်ထားစဉ်ကပင်လျှင်၊ မြန်မာမင်းသီပေါဘုရင်ကိုယ်စား ကင်းဝန်မင်းကြီးနှင့် အိန္ဒိယပြည် ဗြိတိသျှဘုရင်ခံချုပ်၏ ကိုယ်စား ဆာ၊ တီ၊ ဒီ၊ ဖောဆက်တို့သည် ကရင်နီ(ကယား)ပြည်ကို မြန်မာနှင့် ဗြိတိသျှ နှစ်ဖက်သောအစိုးရတို့၏ အကျိုးအတွက်မျှ ထိပါးစွက်ဖက်ဩဇာအာဏာပေးခြင်း လုံးဝမပြုလုပ်ကြရဘဲ ထိုကြားခံနယ်မြေ၏ လွတ်လပ်သော အချုပ်အခြာအာဏာကို အသိအမှတ်ပြုလေးစားရမည်ဟူ၍ ၁၈၇၅ ခုနှစ် ဇွန်လ ၂၁ ရက်နေ့က နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသည်။ စတီဗင်ဆင်သည် ထိုကြားခံနယ်မြေဆိုင်ရာ စာချုပ်ကို ပြလျက် ဗမာပြည်မနှင့်မပူးပေါင်းဘဲ သီးခြားရပ်တည်နေကြရန် စည်းရုံးသွားခဲ့လေသည်။

ဖဆပလ ကိုယ်စားလှယ်အဖွဲ့လည်း ကယားခေါင်းဆောင်များ၊ လူထုကိုယ်စားလှယ်များနှင့်တွေ့ဆုံ ၍ စည်းလုံးညီညွတ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ လုံးဝလွတ်လပ်ရေးရရှိရေးအတွက် ဟောပြောဆွေးနွေးကြရာမှ ကယားတို့က လုံးဝလက်ခံညီညွတ်ကြောင်း ပြောဆိုကြလေသည်။

**သခင်နုတို့အဖွဲ့ ပင်လုံရောက်ကြပြီ**

သခင်နုတို့အဖွဲ့လည်း မတ်လ ၂၄ ရက်နေ့တွင် ပင်လုံသို့ ထွက်ခွာခဲ့ကြရာ ထိုနေ့မှာ စတုတ္ထမြောက်ပွဲနေ့ဖြစ်၍ ပိုမိုစည်ကားလျက်ရှိနေလေပြီ။ ရှမ်းပြည်နယ်မြေခလေ့အရ လောင်းကစားဝိုင်းကြီးများ ဖွင့်လှစ်ကြလျက် ထိုးသားများနှင့် တိုးမပေါက်အောင် လောင်းကစားနေကြလေပြီ။

**ပထမပင်လုံညီလာခံဆိုသည်မှာ**

ဖဆပလအဖွဲ့ချုပ်မှ သခင်နုခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်များအဖွဲ့သည် ရှမ်းစော်ဘွားကြီးများ ဦးဆောင်ကျင်းပသော ရှမ်းပြည်မှ ပထမပင်လုံညီလာခံကဲ့သို့သော အစည်းအဝေးကြီးသို့ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ကြရခြင်းဖြစ်သည်။ ဗြိတိသျှတို့ရှမ်းပြည်ကို ၁၈၈၆ ခုနှစ်က သိမ်းပိုက်ခဲ့ပြီးသည့်နောက်ပိုင်း (စစ်အတွင်း ကာလ မပါဝင်သော) နှစ်ပေါင်း ၆၀ အတွင်း မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ ရှမ်းပြည်သို့ ပထမဆုံးအကြိမ်ရောက်ရှိကြခြင်းဖြစ်သည်။ ရှမ်းစော်ဘွားများသည် စစ်မဖြစ်မီကာလများက ပဒေသရာဇ်ရှမ်းကောင်စီအစည်းအဝေးများကို တောင်ကြီးမြို့ရှိ ပဒေသရာဇ် ရှမ်းကောင်စီ အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ကြသည်။ ဒါဘာပွဲခေါ် ဘုရင်ခံကိုယ်တိုင်တက်ရောက်သည့် မင်းစုံပွဲကိုလည်း ထိုခန်းမတွင် နှစ်စဉ်ကျင်းပလေ့ရှိသည်။ ယခုစစ်ပြီးကာလတွင် စော်ဘွားများသည် ပထမအကြိမ် ပဒေသရာဇ်ကောင်စီ အစည်းအဝေးသဘောမျိုးသက်ရောက်သော ပထမပင်လုံညီလာခံအစည်းအဝေးကြီးကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပကြခြင်းလည်းဖြစ်သည်။

**ဗိုလ်ချုပ်ကိုမဖိတ်ရန် နယ်ချဲ့တို့အကြံ**

ယင်းသို့ဖြစ်ခဲ့ကြ၍ ပထမပင်လုံညီလာခံသို့ တက်ရောက်ရန် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာခေါင်းဆောင်များအား ဖိတ်ကြားခြင်းကို ရှမ်းပြည်နယ်ရှိ နယ်ခြားဒေသအုပ်ချုပ်ရေးအာဏာပိုင် ဗြိတိသျှအရာရှိကြီးများက တားဆီးပိတ်ပင်ရန် အစွမ်းကုန်ကြိုးပမ်းခဲ့ကြသေးသည်။ သို့သော် နိုင်ငံရေးအသိ နိုးကြားနေကြပြီဖြစ်သော ရှမ်းစော်ဘွားကြီးများက ဗိုလ်ချုပ်အောင်ဆန်းအား လိုလိုလားလား ဖိတ်ကြားခဲ့ကြခြင်းဖြစ်သည်။

**သမိုင်းဝင်ညီလာခံကြီး**

ပထမပင်လုံညီလာခံမှအစပြု၍ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စုဖွဲ့စည်းတည်ဆောက်ရေး သဘောတရားများ စတင်အမြစ်တွယ်လာရုံမျှမက မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးသမိုင်းတွင် ဤပထမပင်လုံညီလာခံကြီးသည် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့အား ပြည်ထောင်စုလမ်းကြောင်းပေါ်အရောက် အရှိန်အဟုန်ပြင်းပြင်းနှင့် တွန်းတင်ပေးလိုက်သော ပထမဆုံး သွေးစည်းညီညွတ်သည့် သမိုင်းဝင်ညီလာခံကြီးတစ်ရပ်ပင်ဖြစ်ပေသည်။

**ဒုတိယပင်လုံညီလာခံကျင်းပရန်**

ထိုညီလာခံကြီးတွင် နယ်စပ်ဒေသခေါင်းဆောင်များလည်း အချင်းချင်းနားလည်မှုရရှိကြကာ အညီအညွတ်ပေါင်းစည်းမိကြတော့သည်။ နောင်နှစ်တွင်လည်း ဒုတိယအကြိမ်မြောက် ပင်လုံညီလာခံကျင်းပကြရန် ထိုပထမညီလာခံမှ အားလုံးသဘောတူဆုံးဖြတ်ကြလေသည်။

**လုံးဝလွတ်လပ်ရေးတိုက်ပွဲအရှိန်အဟုန်**

ထိုပထမပင်လုံညီလာခံကျင်းပနေချိန်တွင် ဗမာပြည်မတစ်ဝန်းလုံး၌ လွတ်လပ်ရေးတိုက်ပွဲများ အရှိန်အဟုန်ပြင်းထန်လျက်ရှိနေလေပြီ။ ဗမာပြည်ကြားဖြတ်အစိုးရဖွဲ့စည်းရေးနှင့် တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ယူရေးကိစ္စများအတွက် အောင်ဆန်း-အက်တလီစာချုပ်ပေါ်ပေါက်လာပြီဖြစ်သည်။

**အောင်ဆန်း-အက်တလီစာချုပ်**

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ်(၁၀)ဗြိတိသျှနန်းရင်းဝန်၏ နေအိမ်ရုံးတွင် "တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးပေးရမည်" ဆိုသည့် အာမခံချက်ပါရှိသော မြန်မာ့လွတ်လပ်ရေးသမိုင်းဝင် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြသည်။

ထိုစာချုပ်အပိုဒ် (ဂ) နယ်ခြားဒေသများ ခေါင်းစဉ်အောက်၌ အောက်ပါသဘောတူချက်များကို ဖော်ပြထားသည်။

**ဗြိတိသျှ-မြန်မာသဘောတူညီချက်**

နယ်စပ်ဒေသများတွင် နေထိုင်သော ပြည်သူလူထု၏ သဘောတူညီချက်ရယူပြီး ထိုဒေသများကို ဗမာပြည်မနှင့် အမြန်ဆုံးပူးပေါင်းပေးရန်လိုအပ်သည်ဟု ဗြိတိသျှအစိုးရနှင့် မြန်မာကိုယ်စားလှယ်က သဘောတူညီကြောင်း။

ထိုကဲ့သို့ ပူးပေါင်းရေး မတည်ထောင်မီကာလအတွင်း နယ်စပ်ဒေသနှင့် ဗမာပြည်မတို့ နှစ်ဦးနှစ်ဖက်အကျိုးသက်ရောက်သော ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များကို နှစ်ဦးနှစ်ဖက်လုံး လက်ခံနိုင်သောနည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ထိုသို့ ဆောင်ရွက်ရန် အောက်ပါအတိုင်း သဘောတူကြသည်။

(က) နယ်စပ်ဒေသတွင် နေထိုင်သူများနှင့် ဗမာပြည်မတွင် နေထိုင်ကြသူများ အချုပ်အချယ်မရှိ လွတ်လပ်စွာ ဆက်ဆံခွင့်၊ လွတ်လပ်စွာ ဝင်ရောက်သွားလာခွင့်ရှိစေရမည်။

(ခ) ပင်လုံညီလာခံဖြစ်စေ၊ အထူးဖိတ်ခေါ်သော ညီလာခံဖြစ်စေ၊ နယ်စပ်ဒေသခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ကြားဖြတ်ကာလအတွင်း အောက်ပါမူ (၃)ခုအနက်မှ ၎င်းတို့လက်ခံနိုင်သော ပူးပေါင်းရေးမူကို တင်ပြစေရမည်။

**ပူးပေါင်းရေးမူ**

(၁) ဘုရင်ခံကို အကြံဉာဏ်ပေးရန် နယ်စပ်ဒေသအဖွဲ့ငယ်တစ်ဖွဲ့ ခန့်ထားရန်။

(၂) နယ်စပ်ဒေသကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံ၏ အတိုင်ပင်ခံအဖြစ်ခန့်ထားရန်။

(၃) အခြားသောနည်းဖြင့် ဆောင်ရွက်ရန်။

(ဂ) ပင်လုံညီလာခံ သို့မဟုတ် အထူးညီလာခံတွင် ဗြိတိသျှအစိုးရနှင့် မြန်မာတို့ သဘောတူညီထားသော ရည်ရွယ်ချက်များကို နယ်စပ်ဒေသ ပြည်သူပြည်သားတို့၏ လိုလားချက်နှင့်အညီ ဖြစ်မြောက်အောင်မြင်စေရန် အကောင်းဆုံးနည်းလမ်းကို အတူတကွ ရှာဖွေဆောင်ရွက်ရမည်။

(ဃ) မြန်မာပြည်အတွက် အခြေခံဥပဒေသစ်ရေးဆွဲရန် နယ်စပ်ဒေသတိုင်းရင်းသားများသည် ပါဝင်ပူးတွဲလုပ်ဆောင်နိုင်ရန် အကောင်းဆုံးနည်းလမ်းရှာဖွေရန်အတွက် စုံစမ်းရေးကော်မတီတစ်ရပ် ချက်ချင်းဖွဲ့စည်းတည်ဆောက်ရမည်။

**အပူတပြင်းဖြေရှင်းရမည့်ပြဿနာများ**

၎င်းအောင်ဆန်း-အက်တလီ သဘောတူစာချုပ်အရ ရှမ်းပြည်နယ်နှင့် ဗမာပြည်ပူးပေါင်းရေးကိစ္စသည် အလွန်အရေးကြီးလာပြီဖြစ်သည်။ ရှမ်းပြည်နှင့် ဗမာပြည် ဘယ်ပုံဘယ်နည်း ပူးပေါင်းကြမည်နည်း။ မကြာမီခေါ်ယူကျင်းပမည့် တိုင်းပြည်ပြုလွှတ်တော်သို့ ရှမ်းပြည်က ပါဝင်မည်လားစသည့် ပြဿနာများစွာတို့သည် ရှမ်းစော်ဘွားများနှင့် လူထုခေါင်းဆောင်များက အပူတပြင်း အဖြေပေးကြရမည့် ပြဿနာများဖြစ်လာပေတော့သည်။

**ပေါင်းစည်းညီညွတ်ကြသော ဒုတိယပင်လုံညီလာခံ**

ဤအရေးကိစ္စရပ်များကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပသော "ဒုတိယပင်လုံညီလာခံ"တွင် နယ်စပ်ဒေသခေါင်းဆောင်များသည် အနာဂတ်ပြည်ထောင်စုဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဗမာပြည်မနှင့် ပူးပေါင်းလျက် တိုင်းပြည်ပြုလွှတ်တော်သို့ တက်ရောက်ကြရန် တညီတညွတ်တည်း သဘောတူဆုံးဖြတ်ကြလေတော့သည်။

(ဒုတိယပင်လုံညီလာခံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားသွေးစည်းညီညွတ်ရေးကို အခိုင်အမာတည်ဆောက်လျက် တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တစ်အူထုံဆင်း တိုင်းရင်းသားချင်း "တောင်ပံချင်းခက်လက်ချင်းယှက်၍" လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို အခက်အခဲပေါင်းများစွာကျော်ဖြတ်ကာ တည်ဆောက်ခဲ့ပုံအတွင်းရေးများကို ဆက်လက်ရေးသားတင်ပြမည်ဖြစ်ပါသည်။)

❍ စာမျက်နှာ ၅ မှ

သစ်တောတည်ထောင်ခြင်းကို ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ စုစုပေါင်း ၃၀၉၀ ဒသမ ၅၁ ဧက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသရှိ ပြုန်းတီးသွားသည့် ဒီရေတောများနေရာ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ်တွင် တည်ထောင်ပေးသွားရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **"စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ သနန်းကျေးရွာအုပ်စုတွင် ခွင့်ပြုချက်မရှိဘဲ သဘာဝသစ်တော ဧက ၅၀ ကျော်ကို ခုတ်ထွင်ရှင်းလင်းထားသော ကုမ္ပဏီအား ဥပဒေအရ မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် အဆိုပါမြေနေရာအား ဒေသခံပြည်သူများ တရားဝင်လျှောက်ထားလာပါက စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ"**မေးခွန်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **"မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောက်မီးသွေးသုံးစွဲလည်ပတ်လျက်ရှိသည့် ကျောက်ဆည်၊ ပင်းပက်နှင့် ပြည်ညောင်ဒေသများရှိ ဘိလပ်မြေစက်ရုံများအပြင် မြိုင်ကလေး တန် ၄၀၀၀ စက်ရုံကို သဘာဝဓာတ်ငွေ့အစား ကျောက်မီးသွေးအသုံးပြု၍ ပြောင်းလဲလည်ပတ်ရန် ဆောင်ရွက်နေမှုတို့သည် (EIA)(SIA) ဆန်းစစ်ချက်များ တင်ပြထားခြင်း ရှိ၊ မရှိနှင့် ထုတ်လွှင့်အခိုးအငွေ့(Air Emissions) များသည် အမိန့်ကြော်ငြာစာ(၆၁၅/၂၀၁၅) သတ်မှတ်စံနှုန်းအတွင်း ရှိ၊ မရှိကို မည်သည့်အဖွဲ့အစည်းက ကြပ်မတ်ဆောင်ရွက်သည်ကို သိရှိလိုခြင်း"**မေးခွန်းတို့နှင့် စပ်လျဉ်း၍လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

**မော်စီ(သတင်းစဉ်)**

# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု ကုန်းသာ-ပိုင်းလင်း ကျောက်ချောလမ်းဖွင့်

**သီပေါ ဖေဖော်ဝါရီ ၁၀**

နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလမ်းမကြီး ကုန်းသာ-ပိုင်းလင်း ကျောက်ချောလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက ကျောက်ချောလမ်းခင်းကျင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ဦးစီးမှူး ဦးခိုင်ထွန်းတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောက်ချောလမ်းကို တင်ဒါအောင်မြင်သည့် Silver Mark ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ခွင့်ပြုငွေကျပ် ၇၂ ဒသမ ၃၇၅ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**စိုင်း(သီပေါ)**




စည်းလုံးမှုပုံရိပ် ညီညွတ်မှုစိတ်ထား
ပြည်ထောင်စု၏ နှလုံးသား

# ကလေးသူငယ်တိုင်း ကလေးသူငယ်အခွင့်အရေးရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာအားလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ပြည်နယ်ဦးစီးမှူးရုံး အဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေအားလည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံအားလည်းကောင်း ကြည့်ရှုပြီး လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မော်လမြိုင် မူလတန်းကြိုကျောင်း အမှတ်(၁)နှင့် အမှတ်(၂)သို့ သွားရောက်၍ ကလေးများအား မူကြိုနည်းပညာရပ်များနှင့်အညီ လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပြုစုပျိုးထောင်ပေးရေး တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ပြီး ကလေးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

ဆက်လက်၍ မော်လမြိုင်ကလေးပြုစုရေးဌာနသို့သွားရောက်၍ ပြုစုစောင့်ရှောက်ထားသော ကလေးများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကစားစရာနှင့် အာဟာရပဲနို့ရည်များကို ပေးအပ်သည်။ ယင်းနောက် မော်လမြိုင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်ပြီး သင်တန်းသားများအား အဝတ်အထည်များထောက်ပံ့ပေးအပ်ကာ အခြေခံပညာနှင့် သက်မွေးပညာရပ်များ စနစ်တကျသင်ကြားပြုစုပျိုးထောင်ပေးရေး တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင် လူငယ်သင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အထူးစောင့်ရှောက်မှုလိုအပ်သော ကလေးများအတွက် လေ့ကျင့်သင်ကြားရေး ကျောင်းအဆောက်အအုံ ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

ယင်းနောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက လူငယ်သင်တန်းကျောင်းအတွက် အဝတ်အထည်များအား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ အထူးစောင့်ရှောက်မှုလိုအပ်သော ကလေးများအတွက် လေ့ကျင့်သင်ကြားရေး ကျောင်းအဆောက်အအုံ ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ သတ်မှတ်နေရာများတွင် ပန္နက်ရိုက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဖားအောက်တောရရိပ်သာ ဆရာတော်ကြီးနှင့် စွန်းလွန်းဓမ္မရိပ်သာ ဆရာတော်ကြီးတို့အား သွားရောက်ဖူးမြော်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ ဝန်ကြီးဌာနက လှူဒါန်းသော လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မော်လမြိုင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း အစည်းအဝေးခန်းမတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်း ၅၁ ခုမှ ကိုယ်စားလှယ် ၁၁၀ ခန့် တက်ရောက်ခဲ့ပြီး ၎င်းတို့၏ အခက်အခဲများ၊ လိုအပ်ချက်များ၊ အကြံပြုချက်များအား ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များရယူပေးပို့နိုင်သည့် DAN Mobile Application အား ရှင်းလင်းပြသကာ တက်ရောက်လာသူများ၏ လက်ကိုင်ဖုန်းများအတွင်း ထည့်သွင်းပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်(တောင်ဝိုင်း) ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုး၊ အဘွား ၅၀ အား ပုဆိုးနှင့် မဝတ်လုံချည်များပေးအပ်ကာ ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# YRTAအောက်တွင် နည်းပညာပိုင်းဆိုင်ရာကော်မတီတစ်ခုကို တည်ထောင်ရန် တူရင်မြို့၏ ဒုတိယမြို့တော်ဝန်ဦးဆောင်သောအဖွဲ့ အကြံပြု

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**
ရန်ကုန်တိုင်းဒေသကြီး၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ပိုမိုလျင်မြန်ချောမွေ့စေရန်အတွက် သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့(YRTA) အောက်တွင် နည်းပညာပိုင်းဆိုင်ရာ ကော်မတီတစ်ခုကို ဖွဲ့စည်းတည်ထောင်သင့်ကြောင်း မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် အီတလီနိုင်ငံ တူရင်မြို့၏ ဒုတိယမြို့တော်ဝန် ဦးဆောင်သောအဖွဲ့က သက်ဆိုင်ရာသို့ အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။




"မြန်မာနိုင်ငံမှာဆိုရင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်တွေနဲ့ မြို့ပြစီမံကိန်းတွေမှာ ဘယ်လိုနည်းလမ်းတွေနဲ့ အစီအမံတွေကို ဆောင်ရွက်သွားနိုင်မလဲဆိုတာတွေအပြင် သယ်ယူပို့ဆောင်ရေးအတွက် ရေရှည်တည်မြဲဖို့ လုပ်တဲ့အခါမှာ လုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာအဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်။ အဓိကအားဖြင့်တော့ သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေချောမွေ့သွားဖို့ လာပြီးလုပ်ဆောင်နေတာဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီး ဆွေးနွေးခဲ့တယ်။ အချိန်အနည်းငယ်အတွင်း ဆွေးနွေးခဲ့ရာမှာ လုပ်ငန်းလုပ်ဆောင်သင့်တဲ့ အကြံပြုချက်တွေကို ပေးခဲ့တယ်။ နည်းပညာပိုင်းဆိုင်ရာမှာ ကူညီပေးမယ်လို့ပြောခဲ့ပါတယ်"ဟု အီတလီနိုင်ငံ တူရင်မြို့၏ ဒုတိယမြို့တော်ဝန် Mr. Guido Montanari က ပြောကြားသည်။

ဆက်လက်၍ "အခုမှ ပူးပေါင်းဆောင်ရွက်တဲ့ နည်းလမ်းစဉ်တွေကို စတင်ပြီး လုပ်တာဖြစ်ပါတယ်။ အဆိုတင်ထားပြီးသား အခြေအနေဖြစ်ပါတယ်။ ရန်ကုန်မြို့မှာဆိုရင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်ထဲမှာ အများပြည်သူအသုံးပြုနေတဲ့ ဘတ်စ်ကားစနစ်ကို ဘယ်လိုကောင်းအောင် လုပ်ငန်းတွေလုပ်ဆောင်သွားမလဲ ဆိုတာမျိုးတွေအပြင် ရရှိတဲ့အချက်အလက်တွေကနေ လိုအပ်ချက်တွေကို နည်းပညာအရရှာဖွေပြီး ကောင်းမွန်တိုးတက်အောင် ဘယ်လိုလုပ်ဆောင်သွားမယ်ဆိုတဲ့ အစီအစဉ်ရှိပါတယ်"ဟု ပြောသည်။

တူရင်မြို့၏ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ၂၀၁၅ ခုနှစ်ကစတင်ခဲ့သည့် ဥရောပသမဂ္ဂ၏ စီမံကိန်းတစ်ခုဖြစ်သော ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေးစီမံမှုစီမံကိန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်ပြီး ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေးစီမံမှု စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲတွင် မီဒီယာများအား ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ် ပြည်သူ့ကိုယ်စားလှယ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကျွမ်းကျင်သည့် ပညာရှင်များနှင့် ကဏ္ဍပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော နည်းပညာပိုင်းဆိုင်ရာ ကော်မတီတစ်ခုကို ဖွဲ့စည်းတည်ထောင်နိုင်ရန်အတွက် YRTA ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် သွားရောက်တွေ့ဆုံကာ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ဆွေးနွေးခဲ့မှုနှင့်ပတ်သက်၍ အီတလီနိုင်ငံ တူရင်မြို့ Metropolitan Mobility Transport အေဂျင်စီ၏ ဥက္ကဋ္ဌဖြစ်သူ Prof.Cristina က "ဒီကိုလာပြီး လေ့လာသုံးသပ်မှုအရ နည်းပညာပိုင်းဆိုင်ရာ ကော်မတီတစ်ခု လုပ်သင့်တယ်ဆိုတာကို အကြံပြုထားတာပဲရှိပါတယ်။ တကယ်လုပ်တာ၊ မလုပ်တာ၊ အတည်ပြုတာ၊ မပြုတာကို သေချာဆွေးနွေးမယ်လို့ ဝန်ကြီးက ပြောပါတယ်"ဟု ရှင်းပြသည်။

ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေး စီမံမှုစီမံကိန်းသည် ဥရောပသမဂ္ဂ စီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ခဲ့ရာ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးဆုံးမည်ဖြစ်သည်။ စီမံကိန်းကို တူရင်မြို့တော်ဝန်နှင့်အဖွဲ့က အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ရွှေ့ပြောင်းစီမံချက်အနေဖြင့် တာမွေနှင့် သင်္ဃန်းကျွန်းမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်း၏ ဆောင်ရွက်မှုများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ပြည်သူများပါဝင်သော အသေးစားကော်မတီများဖြင့် ဘတ်စ်ကားမှတ်တိုင်များတွင် သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးဖလှယ်မှုများ ပြုလုပ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးခြင်း၊ မြို့နယ်နှစ်မြို့နယ်မှ အခြေခံကျောင်းများသို့ သွားရောက်ကာ အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခြင်း စသည်တို့ ပါဝင်ကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# နိုင်ငံခြားဘာသာတက္ကသိုလ်တွင် Intangible Cultural Heritage ပြပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**
China-Asean Centre နှင့် Beijing မြို့ပြင်ပဆက်ဆံရေးဌာနတို့ ပူးပေါင်း၍ Intangible Cultural Heritage ပြပွဲနှင့် ဖျော်ဖြေပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပရာ အဆိုပါပွဲတွင် တရုတ်ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ခင်းကျင်းပြသခဲ့ကြောင်းသိရသည်။

" Intangible Cultural Heritage ဆိုတာ ကိုင်တွယ်ထိတွေ့လို့မရတဲ့ ယဉ်ကျေးမှုအမွေအနှစ်ကို ပြောတာပါ။ လာပြတဲ့အများစုက ကမ္ဘာ့အဆင့်မီသူတွေပါ။ ဆရာတစ်ဦးဆိုရင် တရုတ်ရိုးရာ မင်တံနဲ့ရေးတဲ့ Cultural Heritage ကို ပြသသွားမှာပါ။ သူ့ရဲ့အရေးအသားဟာဆိုရင် တရုတ်နိုင်ငံက နောက်ဆုံးလွှင့်တင်လိုက်တဲ့ အာကာသယာဉ်နှစ်စင်းမှာ သူ့ရဲ့မင်တံနဲ့ရေးထားတဲ့ပန်းချီစာလုံးတွေကို သယ်ဆောင်ပြီး အချိန်ကာလကြာမြင့်စွာရပ်တန့်ပြီး ထားရှိခဲ့ဖူးပါတယ်"ဟု အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြပွဲနှင့်ပတ်သက်၍ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါ်ရီရီမြင့်က "ဘာသာတစ်ခုကို လေ့လာမယ်ဆိုရင် အဲဒီမူလဘာသာစကားရဲ့ ယဉ်ကျေးမှုကိုနားလည်ရမယ်။ ဆက်သွယ်တဲ့အခါ ပိုပြီးထိထိရောက်ရောက်ရှိတယ်။ လေ့လာရတာ အလွန်အကျိုးရှိတယ်လို့ ထင်မြင်ယူဆပါတယ်"ဟု ပြောသည်။

အဆိုပါ ပြပွဲဖျော်ဖြေပွဲသို့ မြန်မာနိုင်ငံရှိ တရုတ်သံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**(ဇာနည်မောင်)**



တရုတ်ရိုးရာယဉ်ကျေးမှု အမွေအနှစ်များအား ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။
(ခင်မောင်ဝင်း)




# နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနား (ပင်လုံ)နှင့် ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနား(ပင်လုံ)နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ "ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း" "Panglong Peace Talk" အစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀ မှ စတင်၍ MRTV ရုပ်သံလိုင်းနှင့် Myanmar State Counsellor Office Facebook Page တို့မှ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း ပင်လုံညီလာခံတက်ရောက်စဉ် စာဖတ်ခဲ့သော ညောင်ပင်အောက်နေရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးစကားဝိုင်း Panglong Peace Talk ကို ကျင်းပမည်ဖြစ်သည်။

ရှမ်းပြည်နယ် ပင်လုံမြို့တွင် ကျင်းပမည့် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနား (ပင်လုံ)တွင် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်များ၏ မိသားစုဝင်များ (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်) တက်ရောက်ကြမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**






❖ **ကျောဖုံးမှ**

ဧရာဝတီအသင်းသည် အဖွင့်ပွဲတွင် အနိုင်ရပြီးကတည်းက နိုင်ပွဲပျောက်ဆုံးနေခဲ့ပြီး ယခုပွဲတွင် ထပ်မံသရေကျခဲ့သောကြောင့် လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။

သုံးပွဲဆက်နိုင်ပွဲပျောက်ထားသည့် ဧရာဝတီအသင်းသည် ဒဏ်ရာရကစားသမားများပြားနေသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဇွဲကပင်အသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံးတိုက်စစ်အားပြုကစားခဲ့သော်လည်း တိုက်စစ်တွင် ကစားပုံပျက်နေသောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့်များ မရခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ဧရာဝတီအသင်းက ဝါရင့်ကွင်းလယ်လူ မင်းမင်းသူကို ထည့်သွင်းကစားခဲ့သောကြောင့် ကစားပုံပိုကောင်းလာပြီး ဇွဲကပင်ဘက်သို့ ဖိအားပေးကစားနိုင်ခဲ့သည်။ ဧရာဝတီအသင်းသည် ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း မာတူနာနှင့် မင်းမင်းသူတို့ အသုံးမချနိုင်ခဲ့ပေ။ ဇွဲကပင်အသင်းသည် ဒုတိယပိုင်းတွင် ပင်နယ်တီရနိုင်သည့် အခွင့်အရေးတစ်ကြိမ်ရခဲ့သော်လည်း ကွင်းလယ်ဒိုင်က ငြင်းဆန်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသော GFA နှင့် ချင်းယူနိုက်တက်အသင်းတို့၏ ချင်းဒါဘီပွဲတွင် GFAအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၂၈ မိနစ်တွင် ကိုဖီက ပင်နယ်တီမှတစ်ဆင့် ချင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း GFA အတွက် ချေပဂိုးကို ၃၉ မိနစ်တွင် အီမန်နျူရယ်က သွင်းယူခဲ့သည်။ GFAအတွက် အနိုင်ဂိုးကို ၆၇ မိနစ်တွင် ဝင်းမင်းက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်နှင့် ရတနာပုံ၊ အောင်ဆန်းကွင်း၌ မကွေးနှင့် ရခိုင်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့်ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - စိုးညွန့်**

❍ **YBS မှ**

ဘုန်းကြီးလမ်း စံပြရုပ်ရှင်ရုံရှေ့ စံပြမှတ်တိုင်တွင်ဂိတ်ဆုံးကာ ထောက်ကြန့်သို့ ပြန်မည့်လမ်းကြောင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ YBS ၃၇ ယာဉ်လိုင်းသည် ယခင်က BRT Lite အမည်ဖြင့် ပုံသေယာဉ်စီးခ ကျပ် ၃၀၀ နှုန်းဖြင့် ပြေးဆွဲပေးနေသော ယာဉ်လိုင်းဖြစ်ပြီး ကတ်စနစ်ဖြင့် ငွေပေးချေစနစ်ကျင့်သုံးနေသော ယာဉ်လိုင်းတစ်ခုဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်က စတင်ပြောင်းလဲခဲ့သော YBS ယာဉ်လိုင်းများအဖြစ် ပြောင်းလဲပြေးဆွဲခဲ့မှုတွင် YBS ၃၇ ယာဉ်လိုင်းအမှတ်ဖြင့် ပြေးဆွဲပေးနေပြီး ပုံသေယာဉ်စီးခ ကျပ် ၂၀၀ သာ ကောက်ခံလျက်ရှိသည်ဟု သိရသည်။

YBPC ကုမ္ပဏီအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု PPP စနစ်ဖြင့် ဖွဲ့စည်းထူထောင်ထားသည့် ဘတ်စ်ကားအများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး လက်ရှိတွင် ယာဉ်အစီးရေ ၁၀၀ နီးပါးခန့်ရှိလာကာ ယာဉ်အသစ်များ တိုးချဲ့ရန်စီစဉ်လျက်ရှိသည်ဟု သိရသည်။

အဆိုပါ ယာဉ်လိုင်းကဲ့သို့ YBS ယာဉ်လိုင်းများအနေဖြင့် အများပိုင်ကုမ္ပဏီထူထောင်ရန် ပြင်ဆင်နေပြီး ယင်းကဲ့သို့ အများပိုင်စနစ် ပီပြင်စွာဖြစ်ပေါ်လာပါက YBS ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲမှု ပိုမိုအောင်မြင်လာနိုင်ကြောင်း အဆိုပါကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက သုံးသပ်သည်။ **(ဝဝ၁)**

❒ **နှစ် (၇၀)မြောက်မှ**

အခမ်းအနားတွင် ဖျော်ဖြေမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများကို ညနေ ၆ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုသွေး အပြည့်မွေးလျက် ပြည်ထောင်စုစိတ် ပြည့်လျှံဖိတ်ကာ ပုံရိပ် "ပင်လုံ" မြန်မာ့ဂုဏ်ကို တူစုံထမ်းရွက် လှမ်းချီတက်

## ပင်လုံသက်သေ ဒို့အမွေ

❍ အို… မျိုးဆွေသားချင်း ညီနောင်ရင်းတို့
နှစ်ခုနှစ်ဆယ် ညောင်းကြာသော်လည်း
မြဲမြံစိတ်တွင် ဟောင်းမထင်ဘူး
ညီညွတ်သွေးစည်း ဝေးနီးဆွေရင်း
သွေးသားချင်းမို့ ဒို့များဘိုးဘွား
တည်ထားချန်ရစ် ပင်လုံချစ်သည့်
အမွေနှစ်ကို ညီနောင်ဒို့များ
မြဲခိုင်အားနှင့် ထိန်းသိမ်းစို့လေ
ညီရင်းဆွေ…

❍ အို… မျိုးဆွေသားချင်း ညီနောင်ရင်းတို့
ခုများမကြာ ကျင်းပလာမည့်
ဒို့ညီရင်းများ စုစည်းအားကို
ပြသမယ့်ပွဲ မလွဲသေချာ
လှမ်းလာပါဆွေ ဒို့များချစ်ကြည်
ငြိမ်းဝေစည်ဖို့ ရာစုပင်လုံ
ရင်ခုန်စောင့်စား ပြည်သူများတွက်
သမိုင်းသက်သေ ပြကြစို့လေ
ညီရင်းဆွေ…

**မင်းမခ**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့နှင့် (၂၁) ရာစုပင်လုံညီလာခံအား ကြိုဆိုဂုဏ်ပြုလျက်။

# တစ်နိုင်ငံလုံးအနေဖြင့် ရှုပ်ထွေးဆားဖစ်ဝါယာကြိုးများရှင်းလင်းရမည့် အရေအတွက် ၁၀၁၁၈ နေရာအနက် ၃၃၀၁ နေရာဆောင်ရွက်ပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ ဗို့အားပြည့်ဝတည်ငြိမ်စွာ အသုံးပြုနိုင်ရေးအတွက် တိုးတက်လာသော ဓာတ်အားသုံးစွဲမှုနှင့်အညီ ဓာတ်အားခွဲရုံများ အင်အားတိုးချဲ့တည်ဆောက်ခြင်း၊ ဝန်အားမနိုင်သည့် ဓာတ်အားလိုင်းများအား ဓာတ်အားလိုင်းကြိုးအကြီးများဖြင့်လဲလှယ်ခြင်း၊ ဓာတ်အားလိုင်း အပြစ်ဖြစ်၍ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် အရည်အသွေးကျဆင်းနေပြီးဖြစ်သော ဓာတ်အားလိုင်းကြေသီးများ လဲလှယ်ခြင်း၊ သစ်သားလက်တန်းများအား သံလက်တန်းများဖြင့် လဲလှယ်ခြင်း၊ ဆွေးမြေ့သစ်သားတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုး လဲလှယ်ခြင်းလုပ်ငန်းများအား ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝတည်ငြိမ်စွာအသုံးပြုနိုင်ရေးအတွက် ရှုပ်ထွေး ဆားဖစ်ဝါယာကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရှင်းလင်းမှုများကို လက်ရှိအချိန်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း (တောင်၊မြောက်)၊ စစ်ကိုင်း၊ ပဲခူး (အရှေ့၊ အနောက်)၊ မကွေး၊ နေပြည်တော်၊ တနင်္သာရီနှင့် ဧရာဝတီစသည့်ဒေသများတွင် မြို့နယ်အလိုက် စစ်ဆေးမှုများအရ ရှုပ်ထွေးဆားဖစ် ရှင်းလင်းခြင်း ဆောင်ရွက်ရမည့် အရေအတွက် ၆၇၀၇ နေရာအနက် ၁၀၆၃ နေရာကို ဆောင်ရွက်ပြီးစီးပြီး ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ရှုပ်ထွေးဆားဖစ်ဝါယာကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မန္တလေးတိုင်းဒေသကြီးတွင် ရှင်းလင်းခြင်းဆောင်ရွက်ရမည့် အရေအတွက် ၂၂၂၀ နေရာအနက် ၁၀၆၃ နေရာကို ဆောင်ရွက်ပြီးစီးကာ ၁၁၅၇ နေရာ ဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ရမည့် အရေအတွက် ၁၁၉၁ နေရာအနက် ၄၆၇ နေရာကို ဆောင်ရွက်ပြီးစီးကာ ၇၂၄ နေရာဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်း သိရသည်။

တစ်နိုင်ငံလုံးအနေဖြင့် ရှုပ်ထွေးဆားဖစ်ဝါယာကြိုးများ ရှင်းလင်းခြင်း ဆောင်ရွက်ရမည့် အရေအတွက် ၁၀၁၁၈ နေရာအနက် ၃၃၀၁ နေရာကို ဆောင်ရွက်ပြီးစီးပြီး ၆၈၁၇ နေရာမှာ ဆောင်ရွက်ရန်ကျန်ရှိနေသေးသဖြင့် အဆိုပါရှင်းလင်းရန် ကျန်ရှိသည့်နေရာများကို ပြည်သူပါဝင်သော လုပ်ငန်းများအဖြစ်စည်းရုံး၍ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပသော သတင်းထုတ်ပြန်ခြင်း အခမ်းအနားမှ သိရသည်။ **(နိုင်လင်းကြည်)**



ရှုပ်ထွေးဆားဖစ်ကြိုးများ မရှင်းလင်းမီနှင့် ရှင်းလင်းပြီးပုံ။

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေး

**ပန်းတောင်း ဖေဖော်ဝါရီ ၁၀**

ပန်းတောင်းမြို့နယ် ရပ်သာကျေးရွာ အမကနှင့် ကျောက်ဖူးကျေးရွာအုပ်စု ဘင်္ဂကျေးရွာ အမကတို့တွင် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စာပေများလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကလေးများ ဉာဏ်ရွှင်လာစေရန် စာကြည့်တိုက်မှူး ဒေါ်ခက်ခက်ဦးက ပုံပြင်စာအုပ်များဖတ်ပြခြင်းနှင့် ကျောင်းသား ကျောင်းသူများ ခွင့်မပြုဓာတုဆိုးဆေးများပါဝင်သည့် မုန့်များနှင့် လုံခြုံစိတ်ချရသော အစားအစာများကို ရွေးချယ်စားသောက်ရန် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းအေးက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# ကျောင်းပြင်ပမူလတန်းစံထားစစ်ဆေးလွှာစစ်ဆေးရန် ဇုန်အဆင့်သင်တန်းဖွင့်

**ထားဝယ် ဖေဖော်ဝါရီ ၁၀**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး(ဒုတိယအဆင့်) စံထားစစ်ဆေးလွှာဖြင့် စာမေးပွဲ စစ်ဆေးခြင်းကြီးကြပ်ရေးမှူးသင်တန်းကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းစီမံချက်များ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ သင်္ချာဘာသာ၊ အထွေထွေဘာသာ စစ်ဆေးမှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များ၊ အဖြေလွှာများပေးပို့ရာတွင် ဆောင်ရွက်ရမည့်အဆင့်များကို ရှင်းလင်းတင်ပြကြပြီး ဆောင်ရွက်ခဲ့ပြီးသော နှစ်နှစ်တာ အတွေ့အကြုံများမှ အားနည်းချက်များကို ရှင်းလင်းပြောကြကာ ၎င်းအားနည်းချက်များ ထပ်မံမဖြစ်ပွားစေရန် မှာကြားချက်များကို တင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာသော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဇုန်မှ ဆရာ ဆရာမများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ထားဝယ်(ပြန်/ဆက်)**

# မှုခင်းကျဆင်းရေးပြခန်းယာဉ်ဖြင့် ပညာပေးဟောပြော

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး သံရွာကျေးရွာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒု-ရဲမှူးမျိုးလွင်နှင့်အဖွဲ့က မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဖေဖော်ဝါရီ ၉ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာအထကနှင့် ဈေးအရှေ့တွင် ပညာပေးပြသပေးခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒု-ရဲမှူးမျိုးလွင်က မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ မူးယစ်ဆေးဝါး၊ လူမှောင်ခိုလူကုန်ကူးမှုနှင့်ပတ်သက်၍လည်းကောင်း၊ ကျောက်ဆည်မြို့မရဲစခန်းမှ ရဲအုပ်သန်းထိုက်က မှုခင်းအသိပညာနှင့်ပတ်သက်သော လူသတ်မှု၊ မုဒိန်းမှု၊ သက်ငယ်မုဒိန်းမှုများအကြောင်းကိုလည်းကောင်း၊ အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကျောက်ဆည်)ရဲအုပ်ကျော်စိုးလွင်က မူးယစ်သောက်စား၍မောင်းနှင်ခြင်း၊ နှစ်ဦးထက်ပိုစီးခြင်း၊ ဦးထုပ်မဆောင်းခြင်း၊ မေးသိုင်းကြိုးမတပ်ဆင်ခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ ယာဉ်အင်္ဂါနှင့်မပြည့်စုံခြင်း၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်မရှိခြင်းတို့အား ပညာပေးဆွေးနွေးသည်။

အဆိုပါ ပြပွဲနှင့်ဟောပြောပွဲကို ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စိတ်ပါဝင်စားစွာလေ့လာကြပြီး ယာဉ်အန္တရာယ်ကင်းဝေးရေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**(ခင်မောင်လွင်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

(ယမန်နေ့မှအဆက်)

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၂ | Rosalie Metro, Ph.D Aung Khine | မြန်မာ့သမိုင်းကိုမှတ်တမ်း အခြေပြုလေ့လာခြင်း | ၈၀၀၀ိ/- | မုခ်ဦးစာပေ |
| ၄၃ | U TIN GYI(A.T.M) District (Volume A) | Burma Gazetter Thaton | ၁၀၀၀၀ိ/- | ဦးဆောက်ပန်း စာပေ |
| ၄၄ | ကလောင်စုံ | ခုနစ်စဉ်ကြယ်ရသဝတ္ထုတိုများ (အမှတ်-၂) | ၂၅၀၀ိ/- | Aquarius |
| ၄၅ | ပန်ဒိုရာ | လေသံပြင်းပြင်း မြန်မာအမျိုးသမီး ကဗျာများ စုစည်းမှုအမှတ်-၂ | ၃၅၀၀ိ/- | နှစ်ကာလများ |
| ၄၆ | လူဝင်းအောင် (ချေမ်းသူတို့စံပျော်ရာ) | မြန်မာဂဏသုမ္ဘိဝိမလဆန်းကျမ်းဗေဒင် | ၅၀၀၀ိ/- | ပြည့်ဝပျော်ရွှင်စာပေ |
| ၄၇ | ကောင်းမြတ်လွန်းသော် | မှော်သတ္တဝါဆန်းများရှာဖွေခြင်း | ၂၈၀၀ိ/- | ရွှက်စိမ်းစာပေ |
| ၄၈ | မြင်းခြံကျော်အောင်(ခ) သန်းထက်စံ | ကြီးပွားချမ်းသာနည်းအဖြာဖြာ | ၁၅၀၀ိ/- | ရွှက်စိမ်းစာပေ |
| ၄၉ | Han Tun | The political Turmoil in Burma | ၄၀၀၀ိ/- | ရာပြည့် |
| ၅၀ | သိပ္ပံစိုးမြင့်နိုင် | လူငယ်များအတွက် လျှပ်စစ် | ၂၅၀၀ိ/- | ရဲအောင်စာပေ |
| ၅၁ | ချစ်ဦးညို | ငြိမ်းချမ်းရေး မဟာတမန် | ၄၀၀၀ိ/- | လင်္ကာဒီပစာပေ |
| ၅၂ | ချစ်ဦးညို | စက္ကရုနှင့်ဘဒ္ဒါ | ၃၀၀၀ိ/- | လင်္ကာဒီပစာပေ |
| ၅၃ | အောင်စိုးသူ | မဟာတံတိုင်းကြီးအားကျော်ဖြတ်ခြင်း ၂၁ရာစုမှာ တရုတ်တို့ကမ္ဘာကိုကြီးစိုးနိုင်မှာလား | ၄၀၀၀ိ/- | သင်းစာပေ |
| ၅၄ | တုံးမောင်း | ကျောင်းကန်ရိပ်ကဖြစ်ရပ်မှန်ဟာသများ | ၁၅၀၀ိ/- | သင်းစာပေ |
| ၅၅ | | စာရွက်ကလေးတွေမလွဲအောင်လှန်ကြမယ် | ၂၀၀၀ိ/- | ဉာဏ်ကြီးရှင်စာပေ |
| ၅၆ | ကလောင်စုံ | တစ်နှစ်မှသုံးနှစ်အရွယ်ကလေးများအတွက် ဉာဏ်ရည်ဖွံ့ဖြိုးရေး လေ့ကျင့်ခန်းများ | ၄၀၀၀ိ/- | ဉာဏ်ကြီးရှင်စာပေ |
| ၅၇ | မောင်ကြော့ဝေ | မြန်မာ့နိုင်ငံရေးနှင့်အဓိပတိကြီး ဒေါက်တာဘမော် | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၅၈ | ကောင်းသန့် | လူငယ်များဖတ်ဖို့(၁) | ၅၀၀ိ/- | ကောင်းသန့် |
| ၅၉ | ကောင်းသန့် | လူငယ်များဖတ်ဖို့(၂) | ၅၀၀ိ/- | ကောင်းသန့် |
| ၆၀ | ကောင်းသန့် | လူငယ်များဖတ်ဖို့(၃) | ၅၀၀ိ/- | ကောင်းသန့် |
| ၆၁ | ကောင်းသန့် | လူငယ်များဖတ်ဖို့(၄) | ၅၀၀ိ/- | ကောင်းသန့် |
| ၆၂ | ခရမ်းပြာ | ဘာလိုသေးလဲအချစ်ရယ်(အချစ်ကဗျာရှည်) | ၁၅၀၀ိ/- | ဆောင်းစုရတီစာပေ |
| ၆၃ | ညေး | သွေးနဲ့ရေးတဲ့ခေတ်သစ်ကျွန်ပြဇာတ် | ၄၀၀၀ိ/- | ညေးစာပေ |
| ၆၄ | ဒဂုန်တာရာ | ကြယ်ရိပ်ပန်းနု | ၃၀၀၀ိ/- | နေရီရီစာပေ |
| ၆၅ | | ရေဦးအနုပညာမဂ္ဂဇင်းအမှတ်(၅)၂၀၁၆ | ၃၅၀၀ိ/- | ရေးဦးမဂ္ဂဇင်း |
| ၆၆ | | ရွှေနိုင်ငံ | ၁၀၀၀ိ/- | ရွှေနိုင်ငံစာပေ |
| ၆၇ | မင်းခိုက်စိုးစန် | ကမ္ဘာဦးရည်းစား | ၂၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၈ | မေငြိမ်း | အချစ်ကြောင်းပြောရအောင် | ၂၀၀၀ိ/- | ပင်ဝါးရုံစာပေ |
| ၆၉ | မေငြိမ်း | ပကတိမြွား | ၂၀၀၀ိ/- | ပင်ဝါးရုံစာပေ |
| ၇၀ | ရှား | တိမ်လိုလိုမြူလိုလို | ၂၀၀၀ိ/- | ပင်ဝါးရုံစာပေ |
| ၇၁ | လင်းဝေမြိုင် | ကုတ်အင်္ကျီ | ၅၀၀ိ/- | လင်းသစ်ရောင်စဉ် |
| ၇၂ | မောင်တင်ဦး(မြောင်းမြ) | လူငယ်၊ ပြည်သူနှင့် နိုင်ငံတော်အရေး | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၃ | ဆောင်းဝေ(နတ်မောက်) | လွတ်လပ်ခွင့်တန်ဖိုး | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၇၄ | ဆရာဦးခန့်ကျော် | ကမ္ဘာကျော်အရှေ့တိုင်း အနောက်တိုင်း နက္ခတ္တဗေဒပညာ | ၁၀၀၀ိ/- | ခန့်ကျော်စာပေ |
| ၇၅ | ခင်မောင်တိုး(မိုးမိတ်) | တစ်ခေတ်ကကျောင်းသုံးစာအုပ်လာ ကလေးကြိုက်ပုံပြင်များ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၇၆ | မေသွန်းခေတ် | ငွေမင်ကောက်ကြောင်း | ၂၀၀၀ိ/- | ယဉ်မျိုး |
| ၇၇ | သစ္စာနီ | သန္တရသ လွင်ပြင်နှင့် ဗုဒ္ဓဝင်မှတ်တမ်း | ၂၀၀၀ိ/- | ဇွန်ပွင့် |
| ၇၈ | ပါရဂူ | မြသန်းတင့် | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၇၉ | မြတ်လေးမောင် | ကြယ်ရိုင်းတေး | ၂၀၀၀ိ/- | ဝါးလည် |
| ၈၀ | ကောင်းမြတ် | အိပ်မက်မြစ်ကမ်းနှင့် အခြားဝတ္ထုတိုများ | ၂၅၀၀ိ/- | Global Piece Group |

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းမြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၀ ရက်ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**



ပြည်ထောင်စု တိုင်းရင်းသားများအားလုံး ကာယသုခ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းအပ်ပါတယ်။

ဧပြီလ ၁ ရက်နေ့ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲဆန္ဒနယ် ၁၈ နေရာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမှာ ဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင် ပြည်သူလူထုအား ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်များကို တင်ပြမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား -**

"အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်သည်"ဆိုတဲ့ ဒီမိုကရေစီရဲ့ အခြေခံမူအရ ဒီမိုကရေစီစနစ်တည်ထောင်ရာမှာ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားဟာ အဓိကကျပါတယ်။ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုလိုအပ်သလို ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်ဟာ အလွန်အရေးကြီးပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်မှာ တည်ထောင်စဉ်ကတည်းက အများပြည်သူတို့ရဲ့ဆန္ဒနဲ့ ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကို အာမခံမယ့် စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်၊ အာဏာရှင်ဆန်၍ ပြည်သူလူထုကို ဖိစီးနှိပ်စက်မည့် နိုင်ငံရေးစနစ်မျိုး မည်သည့်အခါမျှ မပေါ်ပေါက်စေရန် စတဲ့ရည်မှန်းချက်များနဲ့ တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဒီရည်မှန်းချက်များအောင်မြင်ဖို့ ကြိုးပမ်းရာမှာ အကြမ်းမဖက်ဘဲ ငြိမ်းချမ်းချောမွေ့သောနည်းကို အသုံးပြုရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေးရှုရေးစတဲ့ သဘောတရားများကို ခိုင်ခိုင်မာမာစွဲကိုင်ခဲ့ပါတယ်။

နိုင်ငံရေးရာသီဥတုကြမ်းတမ်းပြီး နိုင်ငံရေးမှန်တိုင်းထန်တဲ့ကာလမှာ အဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များဟာ ပြင်းပြင်းထန်ထန် နှိပ်ကွပ်တိုက်ခိုက်ခြင်းများ ခံခဲ့ရပေမယ့် ဒီမူဝါဒသဘောထားတွေကို လုံးဝစွန့်လွှတ်ခြင်းမပြုခဲ့ပါ။ ယခုလည်း ကျွန်တော်တို့နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာဖြင့် ဒီမိုကရေစီအသွင် ကူးပြောင်းနိုင်ရေးအတွက် ဒီမူဝါဒသဘောထားတွေနဲ့အညီ မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်က တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဦးတည်ချက်များအဖြစ် ကြေညာခဲ့ပါတယ်။ ပြည်သူလူထုရဲ့ ယုံကြည်ထောက်ခံမှုကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ မဲဆန္ဒနယ်များရဲ့ ၈၀ ရာခိုင်နှုန်းခန့် အနိုင်ရရှိခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ တစ်ခဲနက်ထောက်ခံမှုကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားများရဲ့ လိုအင်ဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခွင့်ရခဲ့ပါတယ်။ နိုင်ငံသူ နိုင်ငံသားများ အာသာဆန္ဒပြင်းပြစွာ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးများ ခံစားစံစားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခွင့်ရရှိခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ကျေးဇူးတရားကို မမေ့မလျော့ အလေးအနက်တန်ဖိုးထားလျက်ရှိပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား -**

တရားဥပဒေစိုးမိုးရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဟာ ဆက်နွှယ်လျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးနဲ့ ဒီမိုကရေစီအခွင့်အရေးများရှိပါမှ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှလည်း တရားဥပဒေစိုးမိုးရေးနဲ့ ဒီမိုကရေစီရေးတို့ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုမရှိတဲ့၊ ပြည်သူလူထု လိုက်နာကျင့်သုံးနိုင်ခြင်းမရှိတဲ့၊ ဒီမိုကရေစီစံနှုန်းစံထားနှင့်မညီညွတ်တဲ့၊ လူ့အခွင့်အရေး စံချိန်စံညွှန်းနှင့် မကိုက်ညီတဲ့ ဥပဒေများနဲ့ နည်းဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ ပြုလုပ်လျက်ရှိပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး ရည်မှန်းချက်ကို လွန်ခဲ့တဲ့ ၂၈ နှစ်ကစပြီး အန္တရာယ်အမျိုးမျိုး အခက်အခဲ အကျပ်အတည်းအဖုံဖုံကြားထဲမှ အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်ကစပြီး ဒုတိယပင်လုံညီလာခံကျင်းပရေးကို ဦးတည်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပင်လုံဆိုတာကတော့ ပင်လုံစိတ်ဓာတ်ရဲ့ အနှစ်သာရဖြစ်တဲ့ ဗမာများအပါအဝင် တိုင်းရင်းသားများအားလုံး စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ မိမိတို့ရဲ့ ရည်မှန်းချက်များကို အောင်အောင်မြင်မြင်၊ အေးအေးချမ်းချမ်းနဲ့ အကောင်အထည်ဖော်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်အပေါ် အခြေခံတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဆိုလိုခြင်းဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းခြင်း၊ ဩဂုတ်လတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီဖွဲ့စည်းခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါတယ်။ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ စတင်ပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး (NCA) ကို လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရော လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါ တက်ရောက်ဆွေးနွေးခွင့်များ ရရှိခဲ့ကြပါတယ်။

ယခုအခါ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို တနင်္သာရီတိုင်းဒေသကြီး၌လည်းကောင်း၊ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကရင်ပြည်နယ်၌ လည်းကောင်း၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၌လည်းကောင်း ပြည်သူများရဲ့ တက်ကြွစွာပါဝင်မှုနဲ့ ကျင်းပပြီးပါပြီ။ ဆွေးနွေးပွဲများသို့ တရားဝင်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပါဝင်သင့် ပါဝင်ထိုက်သူများ တက်ရောက်လျက်ရှိကြပါတယ်။ ဆွေးနွေးပွဲများတွင် နိုင်ငံရေးကဏ္ဍဆိုင်ရာစာတမ်း၊ စီးပွားရေးကဏ္ဍဆိုင်ရာစာတမ်း၊ လူမှုရေးကဏ္ဍဆိုင်ရာစာတမ်း၊ မြေယာနှင့် သဘာဝသယံဇာတကဏ္ဍဆိုင်ရာ စာတမ်းတို့ကို ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ထပ်မံကျင်းပပြုလုပ်ရန်လည်းရှိပါတယ်။ မကြာမီ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတို့တွင်လည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားမှာဖြစ်ပါတယ်။

(၂၁) ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမယ့် ပြည်ထောင်စုတိုင်းရင်းသားများရဲ့ ဘုံသဘောတူညီချက်များနှင့်အညီ စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီးတည်ဆောက်သွားနိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နဲ့သင့်လျော်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေမယ့် စီးပွားရေးအခြေအနေကောင်းများရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ အချိန်အတိုင်းအတာတစ်ခု လိုအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုနိုင်ငံတော်ရဲ့ အနာဂတ်တစ်ခုလုံးအတွက် ရည်ရွယ်တဲ့ သဘောတူညီချက်များကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟာ ဒီမိုကရေစီကျင့်စဉ်နဲ့ ညီညွတ်သလို မှန်ကန်တဲ့လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။ သို့သော်လည်း အကန့်အသတ်မဲ့ အချိန်ဆွဲတာမျိုး မဖြစ်ဖို့လည်း အထူးအရေးကြီးပါတယ်။ ညှိနှိုင်းဆွေးနွေးပွဲတွေကတစ်ဆင့် ထွက်ပေါ်လာမယ့် သဘောတူညီချက်တွေကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသူ နိုင်ငံသားများရဲ့ စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့စေရေးတို့ကို မထိခိုက်စေဘဲ လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား -**

(၁) တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ဦးကာလအတွင်း တောင်သူလယ်သမားများထံ စိုက်ပျိုးစရိတ်ချေးငွေများအား ယခင်က တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးရာမှ ယခုအစိုးရလက်ထက်တွင် တစ်ဧကလျှင် တစ်သိန်းငါးသောင်းနှုန်းဖြင့် ထူးခြားစွာထုတ်ချေးနိုင်ခဲ့ပါတယ်။

(၂) အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခွန်ငွေတိုးတက်ရရှိသဖြင့် ပြည်သူလူထုအကျိုးအတွက် ဘဏ္ဍာငွေပိုမိုသုံးစွဲနိုင်ခဲ့ပါတယ်။

(၃) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို ရေးဆွဲပြီး ပညာရေးကဏ္ဍ (၉)ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာရေးကဏ္ဍတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာသင်ယူခွင့် ပိုမိုရရှိရေးကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားမိဘအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ပညာရေးကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာငွေ ပိုမိုကျခံသုံးစွဲရန် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။




(၄) ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုပေးရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာစေရန်တို့အတွက်လည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ဆောင်မှုများကို ပီပြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်းကို ရေးဆွဲနိုင်ခဲ့ပါတယ်။ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကာကွယ်ကုသပေးခြင်းများကိုလည်း ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အရာထမ်း ၂၀၀၄ ဦးနှင့် အမှုထမ်း ၇၄၅၆ဦးကို ခန့်ထားပေးနိုင်ခဲ့ပါတယ်။ ပြည်သူများကျန်းမာရေးအတွက် ဆေးကုသစရိတ်ကို လျှော့ချနိုင်ရန် ကျန်းမာရေးဘက်ဂျက်များကို တိုးချဲ့သုံးစွဲလျက်ရှိပါတယ်။

(၅) မိမိတို့နိုင်ငံတွင် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ စသည်တို့အတွက် ကာကွယ်မှု၊ ကုသမှု၊ ပြန်လည်ထူထောင်မှုလုပ်ငန်းများကို ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နိုင်ငံတကာအဆင့်မီ နောက်ဆုံးပေါ် ရောဂါရှာဖွေသည့် စက်ကိရိယာဖြင့် ကင်ဆာလူနာပေါင်း ၂၀၀ ကျော်ကို စစ်ဆေးနိုင်ခဲ့ပါတယ်။ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ၂၇ ခုနှင့် ရိုးတွင်းခြင်ဆီအစားထိုးမှုကိုးခု၊ အသည်းအစားထိုး ခွဲစိတ်ကုသမှုသုံးခုတို့ကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၆) သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများက အလျင်အမြန်သွားရောက်၍ ကူညီထောက်ပံ့မှုများကို ပြည်သူ့ထံ တိုက်ရိုက်ရောက်ရှိရန် လူမှုအဖွဲ့အစည်းများနဲ့ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၇)အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ပထဝီသဘောသဘာဝအခြေအနေများနှင့် ကိုက်ညီသော မဟာဗျူဟာအရ စီမံဆောင်ရွက်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးအတွက် ဥပဒေနှင့်အညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်သော နိုင်ငံတကာအရည်အသွေးမီသည့် ရဲတပ်ဖွဲ့ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါတယ်။

(၈) နိုင်ငံသားများရဲ့ဘဝ လုံခြုံမှုနှင့် စိတ်လုံခြုံမှုရရှိရေး၊ မူလအခွင့်အရေးများ မဆုံးရှုံးစေရေးစသည်တို့အတွက် ခေတ်စနစ်နဲ့ မလျော်ညီသော၊ ဒီမိုကရေစီစံချိန်စံညွှန်းနဲ့ မညီညွတ်သော၊ လူ့အခွင့်အရေးစံနှုန်းစံထားနဲ့ မကိုက်ညီသော ဥပဒေများကိုလည်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုလုပ်နိုင်ခဲ့ပါတယ်။

(၉) ရန်ကုန်တိုင်းဒေသကြီးတွင်လည်း အထည်ချုပ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှာ ဖြစ်ပါတယ်။ ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု (YBS)စနစ်တစ်ရပ်ကိုလည်း ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပါတယ်။ မိုးရာသီကာလတွင် ရေကြီးရေလျှံမှုများမဖြစ်စေရန် နောက်ဖေးလမ်းကြားများ၊ ရေမြောင်းများကို ရှင်းလင်းဖော်ဆောင်နိုင်ခဲ့ပါတယ်။ တန်ဖိုးနည်းတိုက်ခန်း ၁၅၆၂ ခန်းနဲ့ တန်ဖိုးသင့်တိုက်ခန်း ၄၂၁ ခန်းတို့ကိုလည်း ရောင်းချပေးရန် စီစဉ်လျက်ရှိပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့တော် မြို့ပြစီမံကိန်းတစ်ရပ်ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

(၁၀) မန္တလေးတိုင်းဒေသကြီးတွင် ဆေးရုံ၊ ဆေးခန်း ၇၄ ခု ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျေးလက်လမ်းပေါင်း ၂၉၁ မိုင်၊ လမ်းဦးစီးလမ်းပေါင်း ၂၉၂ မိုင်၊ တံတား ၇၂ စင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျေးရွာ ၂၄၄ ရွာကို ကျေးလက်မီးလင်းရေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဝန်ထမ်းအိမ်ရာ ၄၄၈ ခန်းနဲ့ တန်ဖိုးမျှတအိမ်ရာ ၅၆၂ ခန်းကို ရောင်းချနိုင်ခဲ့ပါတယ်။

(၁၁) ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဖွံ့ဖြိုးမှုအားနည်းတဲ့ဒေသများကို အထူးဦးစားပေးပံ့ပိုးလျက်ရှိပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား -**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထုရဲ့ ဆန္ဒသဘောထားများကို မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုများ၊ မျှော်လင့်ချက်များ၊ အခက်အခဲများကို မျက်ခြည်မပြတ် လေ့လာအကဲခတ်ပြီး အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် အချို့ပြုပြင်ပြောင်းလဲမှုများက မြင်သာထင်သာရှိပြီး လောလောဆယ် မြင်သာထင်သာမရှိသေးသော အချို့ပြောင်းလဲမှုများမှာလည်း တိုးတက်လျက်ရှိနေပါတယ်။ အချိန်အခါရောက်ရှိလာသည်နှင့်အမျှ မြင်သာထင်သာရှိလာမှာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မည်သည့်အခါကမျှတိုင်းပြည်နှင့် ပြည်သူလူထု ထိခိုက်နစ်နာအောင်မလုပ်ခဲ့ပါ။ **စာမျက်နှာ ၁၂ သို့**

စာမျက်နှာ ၁၁ မှ
ပြည်သူလူထုရဲ့ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများအတွက် ပြည်သူလူထုရှေ့မှ မားမားမတ်မတ် ကြံ့ကြံ့ခံရပ်တည်ပြီး ရုန်းကန်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ အဖွဲ့ချုပ်ဟာ မတရားမှုများ၊ ဖိနှိပ်ချုပ်ချယ်မှုများကို ခိုင်ခိုင်မာမာတွန်းလှန်ခဲ့သော်လည်း မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ တိုက်ခိုက်ခြင်း၊ ထိခိုက်နစ်နာစေခြင်းမပြုခဲ့ပါ။ မည်သည့်အခါကမှ ပြည်သူလူထုကို ပေးထားတဲ့ ကတိကဝတ်ကိုလည်း မချိုးဖောက်ခဲ့ပါ။ ပြည်သူလူထုကို လိမ်လည်လှည့်ဖြားခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်းတို့ဖြင့်လည်း စည်းရုံးခဲ့ခြင်းမရှိပါ။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအတွင်းကသာ အစဉ်လုပ်ဆောင်ခဲ့ပါတယ်။ ယခုလို ပြည်သူကို ဦးထိပ်ပန်ဆင်ပြီး ရိုးသားပွင့်လင်းစွာ ဆက်ဆံခဲ့သည့်အတိုင်း နောင်တွင်လည်း ဆက်လက်လုပ်ဆောင်သွားမည်မှာ အဖွဲ့ချုပ်ရဲ့ မြဲမြံတဲ့ သန္နိဋ္ဌာန်ဖြစ်ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများက လုပ်ပိုင်ခွင့်အာဏာအပ်နှင်းတဲ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်လျက်ရှိပါတယ်။ ဒီလိုထမ်းဆောင်ရာမှာ ကျွန်တော်တို့အဖွဲ့ရဲ့ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို အစဉ်နှလုံးသွင်းပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပြည်ထောင်စုတိုင်းရင်းသားများအားလုံးနှင့် လက်တွဲကာ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားရန် ခံယူထားပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား -**

ဒီမိုကရေစီရဲ့ ပြယုဂ်ဟာ လွှတ်တော်ဖြစ်ပါတယ်။ လွှတ်တော်ခိုင်မာတောင့်တင်းရန် ဒီမိုကရေစီအင်အားကောင်းဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီကို မြတ်နိုးတန်ဖိုးထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်မြှောက်နိုင်ပါမှ ဒီမိုကရေစီခရီးလမ်းရဲ့ အကန့်အသတ် အတားအဆီးများကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို လေးစားလိုက်နာမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုတိုင်းရင်းသားများအားလုံး အန္တရာယ်ခပ်သိမ်း၊ ဘေးခပ်သိမ်းကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ မေတ္တာပို့သအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ရန်ကုန်ကလေးဆေးရုံကြီးများ၌ ကလေးများအား အာဟာရကျွေးမွေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရန်ကုန်ကလေးဆေးရုံကြီး ခုတင် (၅၀၀) နှင့် ရန်ကင်းကလေးဆေးရုံကြီး ခုတင် (၅၅၀)တို့ရှိ ကလေးလူနာများအား အခြေခံပညာကျောင်းများမှ ကင်းထောက်များနှင့် တက္ကသိုလ်ကင်းထောက်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် အာဟာရဖြစ်စေမည့် နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် တစ်နေ့တာ ကျွေးမွေးလှူဒါန်းကြမည်ဖြစ်သည်။

ထို့ပြင် တက္ကသိုလ်ကင်းထောက်မောင်မယ်များက ရန်ကုန်ကလေးဆေးရုံကြီး၊ ရန်ကင်းကလေးဆေးရုံကြီး ပတ်ဝန်းကျင်နှင့် ဆေးရုံအတွင်း၊ အပြင်တို့တွင် ဝန်ထမ်းများနှင့်အတူ သန့်ရှင်းရေးကူညီစုပေါင်းဆောင်ရွက်ခြင်း၊ ကလေးလူနာများအားတွေ့ဆုံကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ သိကောင်းစရာများ ဟောပြောခြင်း၊ စိတ်ခံစားပျော်ရွှင်စေမည့် ကင်းထောက်တေးသီချင်းများသီဆိုခြင်း၊ ကစားနည်းများဖြင့် သရုပ်ဖော်ပြသခြင်းများ ပြုလုပ်ကြမည်ဖြစ်သည်။ **ကိုလတ်(သတင်းစဉ်)**

# ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ နှမ်းမနဲထိုးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ်မြောက် နှမ်းမနဲထိုးပြိုင်ပွဲနှင့် နှမ်းမနဲဆွမ်းကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီက အမရပူရမြို့နယ် ဆင်ရွာ၊ မြင်းမူကျေးရွာတွင် တည်ထားကိုးကွယ်ထားသော အဆိုပါ ကျောက်စိမ်းစေတီတော်၌ ကျင်းပကြောင်း သိရသည်။

"နှမ်းမနဲပြိုင်ပွဲကို ယဉ်ကျေးမှု ထိန်းသိမ်းတဲ့အနေနဲ့ လုပ်တာပါ။ ရိုးရာယဉ်ကျေးမှုပျောက်ရင် ဘာသာ လူမျိုးပါ ပျောက်သွားမယ်။ နှမ်းမနဲပြိုင်ပွဲကို မနှစ်ကစပြီးလုပ်တယ်။ ကျေးရွာတွေလည်း စုစည်းမှုရှိမယ်၊ ဆုကြေးတွေလည်းပေးမယ်၊ ဖျော်ဖြေရေးလည်းပါမယ်ဆိုတော့ ရိုးရာယဉ်ကျေးမှုလည်း ထိန်းသိမ်းရင်း ပျော်ပျော်ပါးပါးနဲ့ဆင်နွှဲသွားမှာပါ" ဟု ဂေါပကဥက္ကဋ္ဌ ဦးစိုးနိုင်ကပြောသည်။



နှမ်းမနဲထိုးပြိုင်ပွဲတွင် ကျေးရွာပေါင်း ၂၀ ကျော်က ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု ကျပ် ငါးသိန်း၊ ဒုတိယဆု ကျပ် သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။

ယမန်နှစ်က ကျေးရွာပေါင်း ၁၀ ရွာသာ ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုနှစ်တွင် နှစ်ဆပိုမိုများပြားလာပြီး နှမ်းမနဲထိုးပြိုင်ပွဲအတွက် အောင်မြင်သူကုမ္ပဏီက ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း သိရသည်။ **(ဝဝ၂)**

# ရန်ကုန်ပညာရေးတက္ကသိုလ် ထမနဲထိုးပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်ပညာရေးတက္ကသိုလ် အတန်းသာယာရေးကော်မတီ အလိုက် ထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းရှိ ဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ သက်ဆိုင်ရာ နှစ်အလိုက် ထမနဲထိုးပြိုင်ပွဲဝင် အသင်းကိုးသင်းက ထမနဲထိုးပြိုင်ပွဲကို ယှဉ်ပြိုင်ကြသည်။

ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ အေးအေးမြင့်နှင့် တာဝန်ရှိသူများက ဆုရရှိကြသည့် အသင်းများအား ဆုချီးမြှင့်ကြရာ မြိုင်ဆိုင်တက်ကြွစွာပါဝင်မှု ပထမဆုအား စတုတ္ထနှစ် ပထမနှစ်ဝက်အသင်းက လည်းကောင်း၊ မြိုင်ဆိုင်တက်ကြွစွာပါဝင်မှု ဒုတိယဆုအား ဒုတိယနှစ် ပထမနှစ်ဝက်အသင်းက လည်းကောင်း၊ မြိုင်ဆိုင်တက်ကြွစွာပါဝင်မှု တတိယဆုအား စတုတ္ထနှစ် ပထမနှစ်ဝက် (direct)အသင်းက လည်းကောင်း၊ စည်းလုံးညီညွတ်မှု ပထမဆုအား တတိယနှစ် ပထမနှစ်ဝက်အသင်းက လည်းကောင်း၊ စည်းလုံးညီညွတ်မှု ဒုတိယဆုအား ပဉ္စမနှစ် ပထမနှစ်ဝက် အသင်းက လည်းကောင်း၊ စည်းလုံးညီညွတ်မှု တတိယဆုအား ပဉ္စမနှစ် ဒုတိယနှစ်ဝက် အသင်းကလည်းကောင်း၊ အကောင်းဆုံးအသင်း ပထမဆုအား တတိယနှစ် ပထမနှစ်ဝက်အသင်းက လည်းကောင်း၊ အကောင်းဆုံးအသင်း ဒုတိယဆုအား ပထမနှစ် ပထမနှစ်ဝက် အသင်းက လည်းကောင်း၊ အကောင်းဆုံးအသင်း တတိယဆုအား စတုတ္ထနှစ် ဒုတိယနှစ်ဝက် အသင်းတို့က လည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။ **(ပညာရေး)**

# မုံရွာမူလတန်းကြိုကျောင်းတွင် ရင်သွေးငယ်လေးများ ပန်းချီပြိုင်ပွဲဆင်နွှဲ

**မုံရွာ ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် မူကြိုကလေးငယ်များ၏ ပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ မုံရွာမူလတန်းကြိုကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မူကြိုအရွယ် ကလေးငယ်များကို ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲစွာရရှိစေရန်၊ မူလတန်းကြိုအရွယ် ကလေးဘဝမှစ၍ ငြိမ်းချမ်းစွာ အတူလက်တွဲ ဆောင်ရွက်နိုင်ရေး အလေ့အထကောင်းများ ရရှိစေရန်နှင့် (၂၁)ရာစု ပင်လုံညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရပ်ရွာပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်ပြီး ရင်သွေးငယ်လေးများအား ယခုကဲ့သို့ ပန်းချီပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်ကြောင်း မုံရွာမူကြိုမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်က ပြောကြားသည်။



အဆိုပါ ပန်းချီပြိုင်ပွဲတွင် ဆေးရောင်ချယ်ပန်းချီ၊ လက်ချောင်းပန်းချီ၊ စိတ်ကူးယဉ်ပန်းချီများကို မုံရွာမူကြိုမှ အငယ်ဆင့်၊ အကြီးဆင့် ရင်သွေးငယ်များနှင့် မုံရွာမြို့ပေါ်မှ ကိုယ်ထူကိုယ်ထ မူကြိုကျောင်းခြောက်ကျောင်းက ရင်သွေးငယ်လေးများပါ လာရောက်ပူးပေါင်းယှဉ်ပြိုင်ကြပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအား လှည့်လည်ကြည့်ရှု အားပေးကြကာ မုံရွာမြို့မှ ပန်းချီဆရာကြီး ဦးညိုသိန်းနှင့် ဦးရဲမြင့်တို့က လာရောက်အကဲဖြတ် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ယှဉ်ပြိုင်ရာ၌ ယနေ့တွင် ပန်းချီပြိုင်ပွဲကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ကာယစွမ်းရည်ပြိုင်ပွဲ၊ သီချင်း၊ ကဗျာ၊ ပုံပြောပြိုင်ပွဲများကို လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဖေဖော်ဝါရီ ၁၃ ရက်(ကလေးများနေ့)တွင် ကလေးများနေ့ အထိမ်းအမှတ် အာဟာရကျွေးမွေးခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၀**

# ကျောက်ကြီးမြို့တွင် မီးလောင်

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့တွင် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ပဲခူးရပ်ကွက် ကျော်ကြားစက်သုံးဆီအရောင်းဆိုင်အပေါင်း ငှားရမ်းထားသော ဦးသန်းနေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ အနီးရှိ နေအိမ်ကို ကူးစက်ခဲ့ကြောင်း သိရသည်။

မီးလောင်ရခြင်းမှာ စက်သုံးဆီပုံး ဖွင့်ရာမှလောင်ကျွမ်းခဲ့ခြင်းဟု ကနဦး သတင်းများအရသိရပြီး မီးလောင်မှုဖြစ်လျှင်ဖြစ်ချင်း ကျောက်ကြီး၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ တောင်ကွဲ အင်း၊ ညောင်ပင်သာမီးသတ်တပ်ဖွဲ့နှင့်မီးသတ်ယာဉ်များ၊ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံများမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခန့်တွင် မီးညွန့်ကျိုးပြီး ဆက်လက်ငြိမ်း သတ်နေရဆဲဟုသိရသည်။ **(၁၂၂)**



# ၂၀၂၆ ကမ္ဘာ့ဖလားတွင် ဥရောပအသင်း ၁၆ သင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရရေး ဥရောပဘောလုံးအဖွဲ့ချုပ် တောင်းဆိုမည်

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းပေါင်း ၄၈ သင်းအထိ တိုးမြှင့်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အဆိုပါ ၂၀၂၆ ပြိုင်ပွဲတွင် ဥရောပအသင်း ၁၆ သင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေး ဥရောပဘောလုံးအဖွဲ့ချုပ်အနေဖြင့် တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အသင်းပေါင်း ၄၈ သင်းနှင့်အတူ သုံးသင်းတစ်အုပ်စုခွဲကာ အုပ်စုပေါင်း ၁၆ အုပ်စုဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရှုံးထွက်အဆင့်တွင်မူ ၃၂ သင်းကျန်ရှိမည်ဖြစ်ကြောင်းသိရသည်။

ဘရာဇီးနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရောပအသင်း ၁၃ သင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး အဆိုပါ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ ဥရောပအသင်းဖြစ်သည့် ဂျာမနီအသင်းက အနိုင်ရဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရောပအသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေးတောင်းဆိုချက်မှာ အမှန်တကယ်ဖြစ်ကြောင်းနှင့် ပထမအဆင့်မှာပင် ဥရောပအသင်းတိုင်းပါဝင်ယှဉ်ပြိုင်ကစားခွင့်ရရှိရေးမှာ မိမိ၏ စိတ်ရင်းဆန္ဒဖြစ်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ စီဖီရင်က ပြောကြားခဲ့သည်။

ဥရောပအသင်း ၁၆ သင်းအထိ ပါဝင်ခွင့်ရရှိရေးနှင့် စပ်လျဉ်း၍ နိုင်ယွန်မြို့၌ ကျင်းပသည့် ယူအီးအက်ဖ်အေအမှုဆောင်ကော်မတီအစည်းအဝေးတွင် ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ စီဖီရင်က ပြောကြားခဲ့ခြင်းဖြစ်ပြီး အဆိုပါလျှောက်လဲချက်နှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်အားလုံးက သဘောတူညီခဲ့ကြကြောင်း သိရသည်။

**(ငွေကြယ်)**






# မန်ယူက ဝီလီယံအား ခေါ်ယူရန် ဆန္ဒရှိနေပြီး ချယ်လ်ဆီးက လူကာကူကို ပြန်လည်ခေါ်ရန်စီစဉ်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ကစားသမား ဝီလီယံအား ခေါ်ယူရန်ဆန္ဒရှိနေပြီး ချယ်လ်ဆီးအသင်းကလည်း အသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ လူကာကူအား စတမ်းဖို့ဘရစ်ချ်သို့ ပြန်လည်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဝီလီယံသည် လွန်ခဲ့သည့်နှစ်နှစ်က နည်းပြ မော်ရင်ဟို၏ လက်ထက်တွင် ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၃၅ ပွဲပါဝင်ကစားပေးခဲ့ပြီး နည်းပြ မော်ရင်ဟိုအတွက်လည်း အဓိကအရေးပါသည့်ကစားသမားတစ်ဦး ဖြစ်ခဲ့သည်။

ထို့ကြောင့် နည်းပြ မော်ရင်ဟိုအနေဖြင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဝီလီယံအား မန်ယူအသင်းသို့ ခေါ်ယူရန်ဆန္ဒရှိနေခြင်းဖြစ်သည်။ ထို့အတူ ချယ်လ်ဆီးအသင်းကလည်း ချန်ပီယံဖြစ်ရန် ရေပန်းစားနေသည့်အသင်းဖြစ်သည့်အပြင် တိုက်စစ်မှူးဟောင်း လူကာကူကို အဲဗာတန်အသင်းမှ ပြန်လည်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး လူကာကူသည် ၂၀၁၄ ခုနှစ်အတွင်းက ချယ်လ်ဆီးအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး အဲဗာတန်အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဲဗာတန်အသင်းက ဘုန်းမောက်အသင်းအား ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အဲဗာတန်အသင်းအတွက် တိုက်စစ်မှူး လူကာကူအနေဖြင့် သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ပရီမီယာလိဂ်သွင်းဂိုး ၁၆ ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်း ရပ်တည်လျက်ရှိသည်။

**(ငွေကြယ်)**

# ဆန်းချက်ဇ်အား ခေါ်ယူရန် ဂျူဗင်တပ် အပြိုင်ကြိုးပမ်းနေ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အာဆင်နယ်အသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ပြင်ဆင်လျက်ရှိသည့် ချီလီတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်အား အီတလီမြေသို့ ခေါ်ယူသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

အလက်ဇစ်ဆန်းချက်ဇ်အား ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတို့က ခေါ်ယူရန်ပစ်မှတ်ထားနေသော်လည်း ဂျူဗင်တပ်အသင်းကမူ ဆန်းချက်ဇ်အား အီတလီမြေအရောက်ခေါ်ယူနိုင်မည်ဟု ယုံကြည်ထားကြောင်း သိရသည်။

ဆန်းချက်ဇ်သည် လက်ရှိအာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ခွဲကျန်ရှိနေသေးသော်လည်း ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် တရုတ်ကလပ်အသင်းများကလည်း တိုက်စစ်မှူး ဆန်းချက်ဇ်အား တစ်ပတ်လုပ်ခလစာပေါင် ၄၀၀၀၀၀ အနည်းဆုံးပေးမည်ဟုဆိုကာ ကမ်းလှမ်းထားသည်။

အာဆင်နယ်က တစ်ပတ်လုပ်ခလစာပေါင် ၁၈၀၀၀၀ ဖြင့်စာချုပ်သစ်ကမ်းလှမ်းထားပြီး ဆန်းချက်ဇ်ကမူ တစ်ပတ်လုပ်ခလစာပေါင် ၂၅၀၀၀၀ တောင်းဆိုထားသည့်အတွက် ဈေးနှုန်းကွာဟမှုကြောင့် အသင်းမှ ထွက်ခွာမည်လားဆိုတာကတော့ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ **(ငွေကြယ်)**






# ပရိသတ်အားပေးမှုမရှိပါက အာဆင်နယ်ယှဉ်ပြိုင်နိုင်စွမ်းမရှိဟု ဝင်းဂါး ပြောကြား ဝင်းဂါးနေရာတွင် အယ်လ်လီဂရီ၊ ဂျာဒင်တို့ဖြင့် အစားထိုးရန်စီစဉ်

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အောင်မြင်မှုရရှိနိုင်ရေးအတွက် ပရိသတ်များ၏ အားပေးထောက်ခံမှုသည် လိုအပ်ပါကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်တွင် နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ပရီမီယာလိဂ်ဖလားရရှိနိုင်မည့်မျှော်လင့်ချက်ပျက်ပြယ်ခဲ့ရပြီဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ဝန်ခံပြောကြားခဲ့သည်။

နည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ်ဘောလုံးရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှစတင်ကာ ပရီမီယာလိဂ်ဖလားရယူနိုင်ခဲ့ခြင်းမရှိခဲ့သဖြင့် ဖိအားတစ်ရပ်ဖြစ်လာခဲ့ရသည်။

အာဆင်နယ်အသင်းသည် လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိပြီး အဆင့်(၁)နေရာ၌ ရပ်တည်လျက်ရှိသည့် ချယ်လ်ဆီးအသင်းနှင့် ၁၂ မှတ်ကွာအနေအထားတွင် ရောက်ရှိနေသည်။

နည်းပြအာစင်ဝင်းဂါးနှင့် နီးစပ်မှုရှိသည့် သတင်းအရင်းအမြစ်များကမူ ပေါင် ၈ သန်းဖြင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းကုန်ဆုံးတော့ဖြစ်၍ နောက်ထပ်နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန်စီစဉ်လျက်ရှိကြောင်း ဖော်ပြထားသည်။

သို့ရာတွင် အာဆင်နယ်အသင်းတွင် နှစ် ၂၀ ကြာကိုင်တွယ်ခဲ့သည့် နည်းပြအာစင်ဝင်းဂါးအနေဖြင့် သိသာသောအောင်မြင်မှု မရှိခဲ့ခြင်းကြောင့် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်နည်းပြ အယ်လ်လီဂရီ၊ ပြင်သစ်ပထမတန်းကလပ် မိုနာကိုနည်းပြ လီယိုနာဒိုဂျာဒင်တို့ဖြင့် အစားထိုးသွားရန်စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။**(ငွေကြယ်)**

# ရန်ကုန်နှင့်မန္တလေးတွင် စီးပွားရေးမိတ်ဖက်ရှာဖွေပွဲပြုလုပ်မည်

**မုံရွာ ဖေဖော်ဝါရီ ၁၀**

မြန်မာ-ဂျပန်နှစ်နိုင်ငံကြားရှိ အသေးစား၊ အလတ်စား ကုမ္ပဏီအချင်းချင်း ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်ကြစေရန် စီးပွားရေးမိတ်ဖက်ရှာဖွေပွဲ (Business Matching) များကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်-မြန်မာ စီးပွားရေးစင်တာ၏ အကြံပေးအဖြစ်ဆောင်ရွက်နေသူ မြန်မာ ဥပဒေအကျိုးဆောင် ဦးမျိုးသန့်ဆွေထံမှ သိရသည်။

"ဂျပန်-မြန်မာ နှစ်နိုင်ငံရဲ့ စီးပွားရေးဝန်ဆောင်မှုအခြေအနေတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်ပေါင်းကူးပေးဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတဲ့ ဂျပန်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးစင်တာ (Japan Myanmar Economy and Investment Center) က ဒါရိုက်တာချုပ် Mr Noriyuki Yonemura ဦးဆောင်တဲ့ ဂျပန်စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်အဖွဲ့ဟာ မတ် ၅ ရက်မှာ မြန်မာနိုင်ငံကိုရောက်ရှိလာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်နိုင်ငံအကြားရှိ အသေးစားနဲ့ အလတ်စား ကုမ္ပဏီအချင်းချင်း ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်ကြစေဖို့ ရည်ရွယ်ချက်နဲ့ စီးပွားရေးမိတ်ဖက်ရှာဖွေပွဲကို ရန်ကုန်နဲ့ မန္တလေးမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ဦးမျိုးသန့်ဆွေကပြောပြသည်။

အဆိုပါ ဂျပန်စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ခန်းမ၌ မြန်မာလုပ်ငန်းရှင်များနှင့် စီးပွားရေးမိတ်ဖက်ရှာဖွေပွဲကို ပြုလုပ်မည်ဖြစ်ပြီး မတ် ၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး (MRCCI)တွင် မန္တလေးနှင့် အထက်မြန်မာပြည်ဒေသရှိ အသေးစားနှင့် အလတ်စား မြန်မာလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး စီးပွားရေးမိတ်ဖက်ရှာဖွေပွဲကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအခြေစိုက် ဂျပန်ကုမ္ပဏီများမှ တာဝန်ရှိသူ ကိုယ်စားလှယ်များ လိုက်ပါလာမည်ဖြစ်ပြီး စက်ပစ္စည်း၊ အပူချိန်ထိန်းကိရိယာ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သုတ်ဆေးနှင့် ပုံနှိပ်လုပ်ငန်းသုံးပစ္စည်း၊ သစ်လုပ်ငန်း အစရှိသည့် ဆက်စပ်လုပ်ငန်းများအပြင် ဂျပန်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ (JETRO)နှင့် Japan-Myanmar Economy and Investment-Center မှ ဝါရင့်အတိုင်ပင်ခံပုဂ္ဂိုလ်များက ဂျပန်နိုင်ငံနှင့် ဆက်ဆံဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအတွက် ကဏ္ဍအသီးသီးနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးအကြံပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးမိတ်ဖက်ရှာဖွေပွဲများကို ဂျပန်-မြန်မာစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုစင်တာ၊ စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးစင်တာ၊ UMFC-CIနှင့် MRCCI တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (JETRO) The Nikkany Kogyo Shimbun The Shoko Chukin Bank နှင့် NNA Japan Co.,Ltd တို့က ပံ့ပိုးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

စိတ်ဝင်စားသူများအနေဖြင့် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ရုံးချုပ်တွင် စုံစမ်းမေးမြန်း စာရင်းပေးသွင်းနိုင်ပြီး မန္တလေးနှင့် အထက်မြန်မာပြည် လုပ်ငန်းရှင်များအနေဖြင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# တပ်ကုန်းမြို့တွင် ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲ စည်ကားစွာကျင်းပမည်

**တပ်ကုန်း ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (ဗိုလ်ချုပ်မွေးနေ့)တွင် မြို့တွင်း ရန်ကုန်-မန္တလေးကားလမ်းဟောင်း အာဇာနည်ကျောက်တိုင်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာသူအားလုံးကို ပဲပြုတ်နှင့် နံပြားများ ဧည့်ခံကျွေးမွေးပြီး နံနက် ၉ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုဖွင့်လှစ်၍ ညနေ ၅ နာရီမှစတင်ကာ နိုင်ငံကျော်အဆိုတော် စောလားထော်ဝါး (Myanmar Idol)အပါအဝင် တေးသံရှင်ပေါင်းများစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**



# သမိုင်းတန်ဖိုးယုတ်လျော့မသွားစေဘဲ

## ဆရာစံနှင့် သခင်ဖိုးလှကြီး ရုပ်တုများ မွမ်းမံမည်

**မကွေး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အုန်းတွဲကျေးရွာအုပ်စု ယင်းချောင်းတံတားထိပ်ရှိ ဆရာစံနှင့်သခင်ဖိုးလှကြီး ရုပ်တုကြီးများအား သမိုင်းတန်ဖိုး ယုတ်လျော့မသွားစေဘဲ မွမ်းမံသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၏ ပြောကြားချက်အရ သိရသည်။

"ပထမအဆင့်အနေနဲ့ ရုပ်တုနဲ့ ရုပ်တုရင်ပြင်ကို ဒီနေ့ သန့်ရှင်းရေးလုပ်တယ်။ လယ်သမား၊ အလုပ်သမားတွေကိုဂုဏ်ပြုတဲ့ အထိမ်းအမှတ်အနေနဲ့ စိုက်ထူထားတဲ့ ဆရာစံနဲ့ သခင်ဖိုးလှကြီး ရုပ်တုတွေကို သမိုင်းတန်ဖိုး ယုတ်လျော့မသွားစေဘဲ မူလလက်ရာတွေကို ထိခိုက်မခံဘဲနဲ့ ပြုပြင်မွမ်းမံမှုတွေလုပ်ပါမယ်။ တောင်သူလယ်သမား၊ အလုပ်သမား အရေးတော်ပုံတွေဟာ လွတ်လပ်ရေးလမ်းကြောင်းပေါ် တင်ပေးနိုင်ခဲ့ပြီး လူထုကို စည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီကျေးဇူးတရားတွေကို ကျေးဇူးဆပ်ရာရောက်အောင်လို့ အခုလို ပြန်လည်ပြုပြင်မွမ်းမံရတာပါ" ဟု ဝန်ကြီးဦးနေမျိုးကျော်က ပြောသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေး၊ မြို့နယ်ဆောက်လုပ်ရေး လမ်းတံတားဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ အုန်းတွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများသည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ရုပ်တုနှင့် ကုန်းမြေသန့်ရှင်းရေးလုပ်ငန်းများအား စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။

အဆိုပါနေရာကို ခရီးသွားပြည်သူများ အပန်းဖြေနားနေစရာ၊ အညာမြေဒေသ၏ အငွေ့အသက်များကို ခံစား နိုင်စရာ နေရာတစ်ခုအဖြစ် ဖန်တီးသွားရန်လည်း ရည်ရွယ်ကြောင်း ဝန်ကြီး ဦးနေမျိုးကျော်က ဆိုသည်။

"ဦ အရဟံ သစ္စာကတိတွေနဲ့ ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့" ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်း ထောက်ခံအားပေးခဲ့သည့် သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံနှင့် အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်မာ့က်စ်ဝါဒကို ယုံကြည်သူ အာဇာဝက သခင်ဖိုးလှကြီး ရုပ်တုနှစ်ခုသည် တွဲလျက်တည်ရှိကာ တောင်သူလယ်သမား၊ အလုပ်သမား လူတန်းစားနှစ်ခု၏ အရေးပါမှုကို ဖော်ညွှန်းသော မကွေးတိုင်းဒေသကြီး၏ပြယုဂ်တစ်ခုဖြစ်သောကြောင့် မွမ်းမံပြုပြင်မှုများ လုပ်ဆောင်မည့်အပေါ် ဒေသခံများက ကျေနပ်ဝမ်းမြောက်နေကြသည်။ **ဇေယျာတု(မကွေး)**

# တရုတ်နှစ်သစ်ကူးအပြီးကာလ ကျောက်မျက်ရောင်းဝယ်ရေးစခန်းသို့ ပြည်ပဝယ်လက်များဝင်ရောက်၊ ရောင်းသူဝယ်သူများဖြင့်စည်ကား

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေး မဟာအောင်မြေမြို့နယ် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းသို့ တရုတ် နှစ်သစ်ကူးအပြီးကာလ ဖေဖော်ဝါရီ ဒုတိယပတ်မှစတင်ကာ တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)မှကျောက်ရောင်းဝယ်သူများ ပြန်လည်လာရောက်ကြသဖြင့် ဈေးကွက် ပြန်လည်စည်ကားစပြုလာသည်။



နံနက်မိုးမလင်းခင်ဖွင့်သော ပျံကျမီးထိုးဝိုင်းတွင်လည်း ဖားကန့်၊ လုံးခင်း၊ ခန္တီးဒေသများမှ ကျောက်များအား တစ်ပိုင်တစ်နိုင် လာရောက်ရောင်းချကြရာ ပြည်တွင်းမှ ကျောက်ပွဲစားများ၊ လက်ကောက်၊ ပုတီးလုပ်ကိုင်သည့် စစ်ကိုင်းကျောက်မျက်ဝိုင်းမှ ကျောက်သွေးကျောက်ဖြတ်လုပ်ငန်းရှင်များ လာရောက် ဝယ်ယူကြသည်။

တရုတ်ငွေလဲလှယ်နှုန်းမှာလည်း တရုတ်နှစ်သစ်ကူးအပြီး အတက်ဘက်သို့ ဦးတည်လာသဖြင့် တရုတ်နိုင်ငံမှ ဝယ်လက်များ လက်ကောက်နှင့်အပွင့် ဝယ်ယူမှုများလာသည်။ လွှာချပ်ဝိုင်းတွင် ပြည်တွင်းဝယ်လက်များသာ လာရောက်ကြပြီး အရောင်းအဝယ်အေးလျက်ရှိသည်။ ကျောက်စိမ်းရုပ်တုပြုလုပ်သည့် စက်များ ပြည်ပမှ ဝင်ရောက်လာသော်လည်း ဈေးနှုန်းကြီးမြင့်သဖြင့် သုံးစွဲသူနည်းပါးလျက်ရှိသည်။ ကွမ်းရင်မယ်တော် ကျောက်စိမ်းရုပ်တုငယ်များ ဝယ်လက်များသော်လည်း ထုတ်လုပ်နိုင်မှုနည်းပါးသေးကြောင်း ဈေးကွက်မှ သိရသည်။ **သီဟကိုကို(မန္တလေး)**

# အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်များစနစ်တကျ သိမ်းဆည်းလျက်ရှိသဖြင့်ဒေသခံများအဆင်ပြေ

**မကွေး ဖေဖော်ဝါရီ ၁၀**

ပြည်သူများ၏ နေ့စဉ်စွန့်ပစ်ပစ္စည်းများနှင့် မြို့တွင်းလမ်းမကြီးများ သန့်ရှင်းသာယာ လှပရေးအတွက် မကွေးမြို့နယ် စည်ပင်သာယာရေးလကော်မတီမှ အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျ လိုက်လံသိမ်းဆည်းလျက်ရှိကြောင်း သိရသည်။

မကွေးမြို့ပေါ်ရှိ ၁၅ ရပ်ကွက်အား ဇုန်ရှစ်ဇုန်ခွဲခြားပြီး တစ်ဇုန်လျှင် အမှိုက်သိမ်းယာဉ်တစ်စီးဖြင့် နေ့စဉ်သိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။

မကွေးမြို့ ဒေသခံတစ်ဦးက "အဓိကလမ်းမတွေက အရှေ့၊ အနောက်ဖောက်ထားပြီး အနောက်ဘက်မှာ ဧရာဝတီမြစ်ရှိတဲ့အတွက် မိုးတွင်းဆိုရင် ရေနုတ်မြောင်းတွေရဲ့ ရေစီးရေလာအတွက် အကောင်းဆုံးပါ။ အမှိုက်တွေ မပိတ်ဆို့ရင် ရေလည်းမတင်ဘူးပေါ့။ အခုလို နေ့စဉ် စနစ်တကျခေါင်းလောင်းတီးပြီး အမှိုက်သိမ်းတော့ လူတွေက အမှိုက်ကားပဲ စောင့်ပြီး ပစ်ကြလို့ အခုတော်တော်ကို အဆင်ပြေနေပါတယ်" ဟု ပြောကြားသည်။

မကွေးမြို့နယ် စည်ပင်သာယာရေး ကော်မတီအနေဖြင့် ယခုအသုံးပြုလျက်ရှိသော အမှိုက်ကားများအစား ပိုမိုခေတ်မီ၍ အဆင်ပြေမည့် အမှိုက်ကားများ အစားထိုးရန် ဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်များအတွင်း အမှိုက်ကားဝင်ရောက်၍ မရသော လမ်းကျဉ်းများအားအတွင်းမှ အမှိုက်များကို ထွန်စက်နောက်တွဲယာဉ်များဖြင့် သိမ်းယူပြီး စုရပ်တွင် လာရောက်စွန့်ပစ်စေသောစနစ်ကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**





# ဂေဘားတိုင်းရင်းသားရိုးရာလက်မှုပညာပြိုင်ပွဲ ကျင်းပ

**လိပ်သို ဖေဖော်ဝါရီ ၁၀**
ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ မိုင်းလွန်ကျေးရွာအုပ်စု ငပိုးလေးကျေးရွာတွင် ဂေဘားတိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်များနှင့် ရိုးရာလက်မှုပညာများမပျောက်ပျက်ရေး၊ ရိုးရာလက်မှုပညာအသုံးအဆောင်များဖြင့် ဝင်ငွေရရှိစေရေးအတွက်ရည်ရွယ်ပြီး ရိုးရာလက်မှုပညာပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါဂေဘားတိုင်းရင်းသားရိုးရာလက်မှုပညာပြိုင်ပွဲတွင် မိုင်းလွန်ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာများမှ အသင်းလိုက်သည် ဂေဘားတိုင်းရင်းသား ရိုးရာလက်မှုပညာများဖြစ်သည့် ပလိုင်း၊ နောက်လွယ်၊ ထန်းရွက်မိုး၊ မျိုး၊ ဖျာ၊ တောင်း၊ ဆန်ကော၊ ကြက်ဥခြင်း၊ ကြက်ခြင်း၊ စပါးလိပ်ဖျာ၊ ဘီးတောင်၊ ကွမ်းအင်းခြင်း၊ ခါးလွယ်အိမ်၊ ယှက်သက်၊ ရေဘူး စုစုပေါင်းရိုးရာလက်မှုပညာ ၁၅ မျိုးကျော် ပါဝင်ပြသ ယှဉ်ပြိုင်ခဲ့ကြသည်။

လာရောက်ယှဉ်ပြိုင်သော ရိုးရာအသုံးအဆောင်ပစ္စည်းများအား ဒိုင်လူကြီးများက အကဲဖြတ်အမှတ်ပေးခဲ့ကြရာ ပထမဆုကို ငပိုးကြီးကျေးရွာ၊ ဒုတိယဆုကို မိုင်းလွန်အောက်ကျေးရွာ၊ တတိယဆုကို လေလော်ဒေးကျေးရွာနှင့် နှစ်သိမ့်ဆုကို တိုးတက်ကျေးရွာတို့က အသီးသီးရရှိခဲ့ကြရာ ဆုရရှိသော ကျေးရွာအသင်းအဖွဲ့များအား ကျောင်းထိုင်ဘုန်းတော်ကြီးဘမောင်၊ လိပ်သိုမြို့ သီလရှင်ကျောင်းမှ မာရ်သာကြီးတို့က ဆုများကို ချီးမြှင့်ခဲ့ကြသည်။

မိုင်းလွန်ဒေသတွင်နေထိုင်သော ဂေဘားတိုင်းရင်းသားလူမျိုးများ၏ မိမိတို့ရိုးရာဓလေ့များ မပျောက်ပျက်ဘဲ ထိန်းသိမ်းမြှင့်တင်ရေးအတွက်ရည်ရွယ်ပြီး တစ်နှစ်ကို ရိုးရာဓလေ့ပြိုင်ပွဲတစ်မျိုးစီ အမြဲတမ်းကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**လိပ်သို(ပြန်/ဆက်)**

# ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရန် စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူ

**ဒလ ဖေဖော်ဝါရီ ၁၀**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရန် စည်းကမ်းပျက်ယာဉ်များအား ဇန်နဝါရီ ၁ ရက်မှစတင်၍ အရှိန်အဟုန်မြှင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ဒလ-တွံတေးကားလမ်းမ တာကြီးရပ်ကွက် မြို့အဝင်ဂိတ်ရှေ့၌ အမှတ်(၅၉)ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်မျိုးအောင်နှင့်အဖွဲ့မှ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးနှင့် စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ဒလမြို့နယ်အတွင်း စည်းကမ်းပျက်မော်တော်ယာဉ် ၂၃၂ စီး၊ ဆိုင်ကယ် ၆၂၉ စီး စုစုပေါင်း ၈၆၁ စီး ဖမ်းဆီးအရေးယူခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ စည်းကမ်းပျက်မော်တော်ယာဉ် ၃၅ စီး၊ ဆိုင်ကယ်အစီး ၄၀ စုစုပေါင်း ၇၅ စီး ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး တာဝန်ရှိသူထံမှ သိရသည်။

ဒလမြို့နယ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ပါဝင်ပြီး ယခုအခါ နေအိမ်တိုင်းလိုလို ဆိုင်ကယ်တစ်စီး အနည်းဆုံးပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး ကျေးရွာများတွင်လည်း သွားလာရေးလွယ်ကူရန် ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို ပိုမိုအသုံးပြုလျက်ရှိရာ စည်းကမ်းလိုက်နာမှုများအားနည်းလျက်ရှိသဖြင့် ယခင်ထက် ယာဉ်မတော်တဆမှုများ များပြားလာလျက်ရှိကြောင်း၊ ထို့အတူ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် အသိပညာပေးဟောပြောမှုများကို ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာစေရန် ရက်သတ္တပတ်လျှင် လေးကြိမ်ဖြင့် အသိပညာပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးအေးဝင်းက ပြောသည်။

မြို့နယ်အတွင်း မော်တော်ယာဉ်နှင့် ဆိုင်ကယ်အသုံးပြုသူများလာသည်နှင့်အမျှ ယာဉ်တိုက်မှုများနှင့် ထိခိုက်ဒဏ်ရာရသူ များပြားလာပြီး အများစုမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်း၊ ထိုင်ခုံခါးပတ်တပ်ဆင်ထားမှုမရှိခြင်း၊ ဆိုင်ကယ်စီးလျှင် နှစ်ဦးထက်ပို၍စီးနင်းခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်းတို့ကြောင့် မလိုလားအပ်သည့် အသက်အန္တရာယ်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားနိုင်သောကြောင့် ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမှုရှိစေရန်၊ ယာဉ်မတော်တဆမှုကင်းရှင်းစေရန် ယခုလို စည်းကမ်းပျက်ယာဉ်များကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ကွန်ပျူတာ၊ အင်တာနက်နှင့် နည်းပညာပြန့်ပွားရေးသင်တန်း ဖွင့်လှစ်

**ခရမ်း ဖေဖော်ဝါရီ ၁၀**
ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ရုံးမှ ကျေးလက်နေလူငယ်များ ကွန်ပျူတာ၊ အင်တာနက်နည်းပညာများ တတ်မြောက်ကာ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ပြီး နည်းပညာများ တတ်ကျွမ်း၍ အသုံးချတတ်စေရေးအတွက် မြို့ပြကျေးလက်သာတူညီမျှ နည်းပညာများပြန့်ပွားစေရန် ခရမ်းမြို့နယ် ဘုရားပျိုကျေးရွာမြသိန်းတန်ဘုရားကျောင်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ကျေးလက်လူငယ် ကွန်ပျူတာ၊ အင်တာနက်နည်းပညာပြန့်ပွားရေးသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည်စိမ့်က ကွန်ပျူတာ၊ အင်တာနက်နည်းပညာများသည် လူမှုနယ်ပယ်အသီးသီးတွင် အရေးပါပုံ၊ သုံးစွဲမှုမှန်ကန်ရေး ပညာပေးဟောပြော၍ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစတင်မျိုးလွင်က ကျေးရွာများတွင် ကွန်ပျူတာ၊ အင်တာနက်နည်းပညာများ သင်တန်းပေးဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များ ရှင်းလင်း၍ သင်တန်းကိုဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းသို့ ဘုရားပျိုကျေးရွာအနီးကျေးရွာများမှ လူငယ် ၅၀ တက်ရောက် သင်ကြားကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေလူငယ်များ အချိန်ကိုအကျိုးရှိစွာအသုံးချ၍ ကွန်ပျူတာ၊ အင်တာနက်နည်းပညာများ မြို့ပြနှင့်ကျေးလက် တန်းတူသိရှိနားလည်အသုံးချတတ်စေရေးအတွက် ကျေးလက်ဒေသများတွင် အခမဲ့သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်နှင့် ဌာနဆိုင်ရာများ၊ ဘုရားပျိုကျေးရွာပတ်ဝန်းကျင်အနီးအနားကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့်ဝန်ထမ်းများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းတက်ရောက်ကြမည့် ကျေးရွာအသီးသီးတို့မှ လူငယ်လူရွယ်များ တက်ရောက်ခဲ့သည်။

**ကိုမင်း(ခရမ်း)**



# ထရန်စဖော်မာ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**တာပွန် ဖေဖော်ဝါရီ ၁၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ကုန်းသာရွာမှ တက်နေမင်းလမ်း ထရန်စဖော်မာအထိ ၁၁ ကေဗွီလိုင်း ၁ ဒသမ ၈ မိုင် တိုးချဲ့တည်ဆောက်ခြင်း၊ တာပွန်မြို့ တောင်ပိုင်း ၅၀ ကေဗွီအေထရန်စဖော်မာ ဝန်အားပြည့်နေသဖြင့် ၁၁/၀.၄ ကေဗွီ ၁၆၀ ကေဗွီအေထရန်စဖော်မာတစ်လုံးအစား ထိုးတည်ဆောက်ခြင်း၊ ရွှေကျွန်းတောရပ်ကွက်နှင့် မင်းတဲလမ်း နေရာများတွင် H.D.B.C No.6,8 အစား H.D.B.C No.4 ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# ကျေးရွာဖွံ့ဖြိုးရေး နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ဆွေးနွေး

**သနပ်ပင် ဖေဖော်ဝါရီ ၁၀**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)အတွက် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကုလသမဂ္ဂအဖွဲ့မှ Development Planner ဦးကျော်စွာလွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်နီနီဝင်းနှင့် ဝန်ထမ်းများ၊ ကျီးပင်၊ ကျီးပင်စု၊ ရစ်ကံလေး၊ ကျူချောင်း၊ ကိုင်းစွန်းရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်နီနီဝင်းက ကျေးရွာဖွံ့ဖြိုးရေးအတွက် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကိုလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့မှ Development Planner ဦးကျော်စွာလွင်က ကျေးရွာဖွံ့ဖြိုးရေးအတွက် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(AVIP)အကြောင်းကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့ကြပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# တဲကြီးကုန်းကျေးရွာဆယ်မားအူးလ်အွန်ဒုံစီမံကိန်းမှ ကျေးရွာနေပြည်သူများအား ချေးငွေများထုတ်ချေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်း၊ ဂုံမင်းအင်းနှင့် ရှားတောကျေးရွာများတွင် စတင်၍ဆောင်ရွက်ပေးလျက်ရှိရာ တဲကြီးကုန်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းမှ ကျေးရွာနေပြည်သူများအား ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တဲကြီးကုန်း စာကြည့်တိုက်၌ ချေးငွေများထုတ်ချေးပေးသည်။

"စီမံကိန်းကို ကျေးရွာနေပြည်သူ ၂၀၂ ဦးထဲက မွေးမြူရေးကဏ္ဍအတွက် တစ်ဦးလျှင် ကျပ်နှစ်သိန်းခွဲ၊ စိုက်ပျိုးရေးကဏ္ဍအတွက် တစ်ဦးလျှင် ကျပ်နှစ်သိန်းနှင့် အခြားကဏ္ဍအတွက် တစ်ဦးလျှင် ကျပ်ရှစ်သောင်းစီ ထုတ်ချေးပေးတယ်"ဟု ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

"မနှစ်ကလည်း ရတဲ့ချေးငွေနဲ့ပဲ ဝက်မွေးမြူခဲ့တယ်။ ဒီနှစ်ချေးငွေ နှစ်သိန်းခွဲရတယ်။ ကိုယ့်ရဲ့လုပ်အားတွေနဲ့ ဒီစီမံကိန်းကို အတူတူလက်တွဲ လုပ်ဆောင်သွားမှာပါ"ဟု ချေးငွေလာရောက်ထုတ်ယူသူတစ်ဦးက ပြောသည်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းထဲမှ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၂၇၀ ကျော်စီချထားပေးပြီး လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ၄၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ငါးရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ထားရှိမှု မှတ်တမ်းများကိုလည်း ကြော်ငြာသင်ပုန်းတွင် ပွင့်လင်းမြင်သာစွာ ချပြထားရ မည်ဖြစ်ကြောင်း သိရသည်။

**သန့်မောင်**

# ဆေးဆိုင်များတွင် တားမြစ်ဆေးနှင့် ကာမစိတ်ကြွဆေးများ ရောင်းချခြင်းရှိ–မရှိ စစ်ဆေး

**တိုက်ကြီး ဖေဖော်ဝါရီ ၁၀**
တိုက်ကြီးမြို့ စည်ပင်သာယာဈေးအတွင်းရှိ ဆေးဆိုင်များတွင် တားမြစ်ဆေးဝါးများနှင့် ကာမစိတ်ကြွဆေးများ ရောင်းချခြင်းရှိ-မရှိကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက လိုက်လံစစ်ဆေးကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းကြီးကြပ်မှုဖြင့် တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြို့မရဲစခန်းမှူးဒုရဲမှူး သိန်းအေးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးအောင်ကျော်၊ စည်ပင်သာယာမှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ဈေးအတွင်းရောင်းချလျက်ရှိသော ဆေးဆိုင်များတွင် တားမြစ်ဆေးများနှင့် ကာမစိတ်ကြွဆေးများရောင်ချခြင်းရှိ- မရှိကို စစ်ဆေးခြင်း၊ ဆေးဆိုင်ပိုင်ရှင်များအား တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံခြားဆေးဝါးများ၊ တိုင်းရင်းဆေးဝါးများကိုသာ ရောင်းချရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# အချစ်ကစားပွဲအတွင်း ပြန်လည်ဝင်ရောက်လာခဲ့တဲ့ အချစ်သစ်နဲ့ လေဒီဂါဂါ



ကျော်ကြားတဲ့ အမေရိကန် ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ လေဒီဂါဂါဟာ ပြီးခဲ့တဲ့ နှစ်ကုန်းပိုင်းမှာ ချစ်သူဟောင်းနဲ့ လမ်းခွဲခဲ့ပြီးနောက် လတ်တလောအချိန်မှာတော့ အချစ်ကစားပွဲတစ်ခုအတွင်းကို ချစ်သူသစ်နဲ့ ပြန်လည်လက်တွဲ ဝင်ရောက်လာခဲ့ပြန်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အချစ်ရေးမှာ ကံမကောင်းသူပါလို့ ကြွေးကြော်လေ့ရှိတဲ့ လေဒီဂါဂါဟာ ယခုတစ်ကြိမ်မှာတော့ အနုပညာရှင်မဟုတ်တဲ့ သူတစ်ဦးကို ချစ်သူအဖြစ် ရွေးချယ်လိုက်တာဖြစ်ပါတယ်။ ဂါဂါရဲ့ ချစ်သူသစ်ကတော့ ဟောလိဝုဒ်အသိုင်းအဝိုင်းမှာ ကျော်ကြားတဲ့ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ခရစ်စတိန်းကာရီနိုဖြစ်ကြောင်းလည်း သိရပါတယ်။

ချစ်စခင်စ သူတို့နှစ်ဦးဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ လေဒီဂါဂါရဲ့ Super Bowl ဖျော်ဖြေပွဲမှာ အတူတွဲတွေ့ခဲ့ရပြီး ပြီးခဲ့တဲ့ ဆောင်းရာသီအတွက် ရည်ရွယ်ပြုလုပ်တဲ့ ပြင်သစ်ဖက်ရှင်ရှိုးမှာလည်း အတူတက်ရောက်လာခဲ့ကြပြီးနောက် သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေဟာ ယခုလို မီဒီယာစာမျက်နှာတွေပေါ် အထိ ရောက်ရှိလာခဲ့ကြတာဖြစ်ပါတယ်။

လေဒီဂါဂါရဲ့ ချစ်သူသစ်ဟာ ကောဇောနီပေါ် လျှောက်လှမ်းခွင့်ရတဲ့ အနုပညာကြယ်ပွင့်တစ်ဦး မဟုတ်ပေမယ့် ကြယ်ပွင့်များစွာရဲ့ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးခဲ့ဖူးသူဖြစ်ပါတယ်။ သူဟာ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ အနုပညာရှင်တွေဖြစ်ကြတဲ့ ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာအပါအဝင် ဂျနီဖာလိုပက်ဇ်နဲ့ မိုင်လီဆိုင်းရပ်စ်တို့ရဲ့ ကိုယ်စားလှယ်ဖြစ်ခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အလှူအတန်း၊ ပရဟိတနဲ့ လူမှုရေးလုပ်ငန်းတွေမှာ စိတ်ပါဝင်စားသူတစ်ဦးဖြစ်ပြီး တေးဂီတကို အလွန်ချစ်မြတ်နိုးကာ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

ခရစ်စတိန်းကာရီနိုဟာ လေဒီဂါဂါနဲ့အတူ မကြာသေးမီက ကယ်လီဖိုးနီးယားပြည်နယ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ "Kings Of Leon" ဖျော်ဖြေပွဲကို တက်ရောက်အားပေးခဲ့ကြောင်းလည်း သူတို့နှစ်ဦးရဲ့ ကောလာဟလတွေကို စတင်ခဲ့တဲ့ ပီးပဲလ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခင်ချစ်သူဟောင်းနဲ့ စေ့စပ်တဲ့အထိ ခရီးတွေရောက်ခဲ့ပြီးမှ လမ်းခွဲခဲ့တဲ့ လေဒီဂါဂါဟာ လတ်တလောစတင်လာတဲ့ အချစ်ရေးမှာလည်း ကံကောင်းနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။






# Wonder Girls ရဲ့ နှုတ်ဆက်သီချင်း Draw Me

ပြီးခဲ့တဲ့ လအတွင်းက အဖွဲ့ဖျက်သိမ်းတော့မှာဖြစ်ကြောင်း တရားဝင်ကြေညာခဲ့တဲ့ တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "Wonder Girls"ဟာ အဖွဲ့ဖျက်သိမ်းတဲ့ အထိမ်းအမှတ်အဖြစ် ပရိသတ်ကို နောက်ဆုံးနှုတ်ဆက်သွားဖို့ ရည်ရွယ်ကာ အဖွဲ့ရဲ့ နောက်ဆုံးသောတေးသီချင်းကို လတ်တလောမှာ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ပါတယ်။

"Draw Me" လို့ အမည်ပေးထားတဲ့ "Wonder Girls" အဖွဲ့ရဲ့ နှုတ်ဆက်တေးသီချင်းကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၀ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ယင်းတေးသီချင်း စတင်ထုတ်လွှင့်ခဲ့တဲ့နေ့ဟာ Wonder Girls တေးဂီတအဖွဲ့ရဲ့ ဂီတသက်တမ်း(၁၀)ပြည့်တဲ့ နှစ်ပတ်လည်နေ့လည်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါနှုတ်ဆက်တေးသီချင်းရဲ့ ကာဗာကို ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၉ ရက်မှာ တရားဝင်ထုတ်ဖော်ပြသခဲ့ရာမှာတော့ လတ်ရှိအဖွဲ့ဝင် လေးဦးလုံးရဲ့ ပုံတူပန်းချီကို တွေ့မြင်ခဲ့ရပါတယ်။ အဖွဲ့စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် ခုနစ်ဦးပါဝင်တဲ့ Wonder Girls ဟာ ယခုလို အဖွဲ့ဖျက်သိမ်းကြောင်း ကြေညာချိန်မှတော့ အဖွဲ့ဝင်လေးဦးသာ ကျန်ရှိတာဖြစ်ပါတယ်။ ဒါ့ကြောင့် Wonder Girls ရဲ့ နှုတ်ဆက်သီချင်းမှာလည်း လတ်ရှိအဖွဲ့ဝင်လေးဦးရဲ့ သီဆိုဖျော်ဖြေမှုတွေသာ ပါဝင်နေတာဖြစ်ပြီး ယင်းတေးသီချင်းရဲ့ တေးဗီဒီယိုကိုတော့ ထုတ်လွှင့်ခဲ့ခြင်းမရှိကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း အဖွဲ့ဖျက်သိမ်းကြောင်း တရားဝင်ကြေညာခဲ့တဲ့ Wonder Girls ဟာ အဖွဲ့ဖျက်သိမ်းပြီးတဲ့နောက် အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ရယ်အွန်းနဲ့ စန်းမီတို့သာ လတ်ရှိအေဂျင်စီနဲ့ စာချုပ်သစ် ချုပ်ဆိုတော့မှာဖြစ်တဲ့အတွက် တေးဂီတအဖွဲ့ကိုတော့ အပြီးသတ်ဖျက်သိမ်းတော့မှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

# ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ ပဲရစ်ဂျက်ဆင်

ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ဟာ သူနဲ့ တစ်နှစ်ခန့် လက်တွဲလာခဲ့တဲ့ ချစ်သူ မိုက်ကယ်လ်စနော့ဒ်ဒီနဲ့ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ယူအက်စ်နယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အသက် (၁၈)နှစ်အရွယ် ပဲရစ်ဂျက်ဆင်ဟာ လတ်တလောမှာ လီဒန်နီရယ်စ်က တာဝန်ယူရိုက်ကူးလျက်ရှိတဲ့ Fox ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမယ့် ရုပ်သံဇာတ်လမ်းတွဲ "Star"မှာ ပါဝင်သရုပ်ဆောင်လျက်ရှိပြီး သူ့ရဲ့ အနုပညာလုပ်ငန်းတွေအပေါ် ပိုမိုအာရုံစိုက်နိုင်ဖို့အတွက် ချစ်သူနဲ့ လမ်းခွဲခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အချို့သော သတင်းရင်းမြစ်တွေရဲ့ပြောကြားချက်အရ သူတို့နှစ်ဦးရဲ့ လမ်းခွဲမှုဟာ ခေတ္တမျှသာဖြစ်ပြီး မကြာခင်မှာ ပြန်လည်လက်တွဲနိုင်ကြောင်းလည်း သိရပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ပဲရစ်ဂျက်ဆင်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း စတင်လက်တွဲခဲ့တဲ့ ချစ်သူနဲ့ လမ်းခွဲခဲ့တာကတော့ အသေအချာပဲဖြစ်ပါတယ်။

ဒီလိုလမ်းမခွဲခင်မှာ ပဲရစ်ဂျက်ဆင်နဲ့ မိုက်ကယ်လ်စနော့ဒ်ဒီတို့ နှစ်ဦးဟာ ပြီးခဲ့တဲ့လအတွင်း ပြင်သစ်ကို အလည်အပတ်ထွက်ခဲ့ကြပြီး အီဖယ်မျှော်စင်ရှေ့မှာ ရိုက်ကူးထားတဲ့ သူတို့နှစ်ဦးရဲ့ စုံတွဲဓာတ်ပုံတစ်ပုံကို မိုက်ကယ်လ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ် မှာ ဖော်ပြခဲ့ပါတယ်။ အဲဒီနောက် ပဲရစ်ဂျက်ဆင်က သူဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ကြိုးစားခဲ့ကြောင်း၊ လိင်အကြမ်းဖက်ခံခဲ့ရတဲ့အကြောင်းတွေနဲ့ ဖခင်သေဆုံးခဲ့ရတဲ့ အကြောင်းတွေနဲ့ပတ်သက်ပြီး ရိုးလင်းစတုန်းမဂ္ဂဇင်းကြီးကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ယခုလို ချစ်သူနဲ့လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ် ထွက်လာခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



# T.O. P အတွက် လီဖြောင်ဟွန်းရဲ့ တန်ဖိုးကြီးလှတဲ့ လက်ဆောင်

အေးပြည့်
ရေးသားသည်

လတ်တလောမှာ စတင်စစ်မှုထမ်းနေပြီဖြစ်တဲ့ တောင်ကိုရီးယားအမျိုးသား တေးဂီတအဖွဲ့ "BIGBANG" မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T. O. P အတွက် မင်းသား လီဖြောင်ဟွန်းက စစ်မှုမထမ်းမီ နှုတ်ဆက်လက်ဆောင်တစ်ခုကိုပေးခဲ့ရာ အဆိုပါလက်ဆောင်မှာ အလွန်တန်ဖိုးကြီးတဲ့ လက်ဆောင်တစ်ခုဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၉ ရက်မှာ စစ်မှုထမ်းဖို့ စတင်ထွက်ခွာသွားခဲ့ပြီဖြစ်တဲ့ T. O. P ဟာ စစ်မှုမထမ်းမီတစ်ရက်အလိုက လီဖြောင်ဟွန်းရဲ့ နှုတ်ဆက်လက်ဆောင်ကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ် ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ အဆိုပါလက်ဆောင်ကတော့ နှစ်ချို့ပြင်သစ်ဝိုင်တစ်ပုလင်းဖြစ်ပြီး အဆိုပါဝိုင်ပုလင်းဟာ ပြင်သစ်ရဲ့ ဈေးအကြီးဆုံးဝိုင်အမျိုးအစားတွေထဲက တစ်မျိုးဖြစ်ကာ တစ်လုံးကို ကိုရီးယားဝမ် ငါးသန်းမှ ခြောက်သန်းအထိ (အမေရိကန်ဒေါ်လာ ၄၃၇၀ မှ ၅၂၄၀ ခန့်) တန်ဖိုးရှိကြောင်းနဲ့ ဝိုင်ရဲ့တန်ဖိုးဟာ သူ့ကို ထုတ်လုပ်တဲ့ ခုနှစ်အပေါ် မူတည်ကာ ဈေးအနည်းငယ်ကွာခြားနိုင်တာဖြစ်ကြောင်းလည်း သိရပါတယ်။

T. O. P က လီဖြောင်ဟွန်းပေးလိုက်တဲ့ လက်ဆောင်ဝိုင်ပုလင်းရဲ့ ဓာတ်ပုံနဲ့အတူ ကျွန်တော့်ရဲ့ အကောင်းဆုံးအကိုလည်းဖြစ်၊ သူငယ်ချင်းလည်း ဖြစ်သူဆီကလို့ အမိပ္ပာယ်ရတဲ့ စာသားတွေကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ် မှာ ဖော်ပြခဲ့ပါတယ်။ ဖော်ပြခဲ့တဲ့ ဓာတ်ပုံအရ လီဖြောင်ဟွန်းက အဆိုပါဝိုင်ပုလင်းပေါ် မှာ အမှတ်တရစကားတွေကို ရေးသားထားတာကိုလည်း တွေ့မြင်ခဲ့ကြရပါတယ်။ လီဖြောင်ဟွန်း ရေးသားထားတာကတော့ “ကျန်းမာရေးကောင်းမွန်စွာနဲ့ စစ်မှုထမ်းရာက ပြန်လာနိုင်ပါစေ။ မင်းရဲ့ စစ်မှုထမ်းကာလတွေဟာလည်း အလဟသမဖြစ်စေဖို့ မျှော်လင့်ပါတယ်။ စစ်မှုထမ်းကာလပြီးဆုံးလို့ ပြန်လာရင်တော့ ဒီဝိုင်ကို ငါမင်းနဲ့အတူ တစ်ကြိမ်လောက်သောက်ချင်ပါသေးတယ်”လို့ အဓိပ္ပာယ်ရပါတယ်။

လီဖြောင်ဟွန်းနဲ့ T. O. P တို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်အတွင်း ရိုက်ကူးခဲ့တဲ့ "Iris" ရုပ်ရှင်မှာ ပထမဆုံးအကြိမ် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး နောက်ပိုင်းမှာ ရင်းနှီးတဲ့မိတ်ဆွေတွေဖြစ်ခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

# ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ဖွင့်ပြောမိခဲ့တဲ့ လီဟွန်ကီ

တောင်ကိုရီးယားသရုပ်ဆောင်နဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ လီဟွန်ကီဟာ သူနဲ့ လက်တွဲလာခဲ့တဲ့ချစ်သူနဲ့ လတ်တလောမှာ အဆင်မပြေဖြစ်ကာ လမ်းခွဲထားကြောင်း အရက်မူးနေခိုက် ရင်ဖွင့်မိခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လီဟွန်ကီဟာ သူ့ရဲ့ချစ်သူ မင်းသမီး ဟမ်ဘိုရန်နဲ့ လတ်တလောမှာ လမ်းခွဲထားပြီးဖြစ်ကာ တစ်ကိုယ်တည်းသမားဘဝကို အထီးကျန်စွာ ဖြတ်သန်းနေရကြောင်း သူ့ရဲ့ သူငယ်ချင်းအချို့နဲ့ အရက်သောက်နေရင်းက မူးလာချိန်မှာ ရင်ဖွင့်မိခဲ့တာဖြစ်ကြောင်း သိရပါတယ်။



မကြာသေးမီက လီဟွန်ကီဟာ သူ့ရဲ့ပရိသတ်တွေနဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ် ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုတစ်ခုပြုခဲ့ပါတယ်။ အဆိုပါထုတ်လွှင့်မှုအတွင်း လီဟွန်ကီဟာ သူ့ရဲ့ သူငယ်ချင်းတွေနဲ့ စုဖွဲ့သောက်ကြရင်း စကားတွေဖောင်ဖွဲ့ခဲ့ကြရာမှ အရက်အနည်းငယ်ဝင်သွားခဲ့ပြီးနောက် လီဟွန်ကီက ယခုလို ချစ်သူနဲ့ပြတ်ခဲ့ရတဲ့အကြောင်း သူငယ်ချင်းတွေကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ လီဟွန်ကီရဲ့ သူငယ်ချင်းတွေထဲမှာ နိုင်ငံခြားသားသူငယ်ချင်းတွေလည်း ပါဝင်နေတဲ့အတွက် လီဟွန်ကီက သူ့ရဲ့လတ်တလောအချစ်ရေးနဲ့ပတ်သက်ပြီး ရင်ဖွင့်ခဲ့ရာမှာတော့ အင်္ဂလိပ်စကားနဲ့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

လီဟွန်ကီက “နောက်ဆုံးတော့ ငါ့မှာ လက်တွဲဖော်မိန်းကလေးမရှိတော့ဘူးဆိုတာ ဖွင့်ပြောရတော့မှာပဲ။ မင်းတို့ သိကြရဲ့လား။ ဒါအမှန်ပဲလေ။ ငါဝမ်းနည်းတယ်။ တကယ်ကို ဝမ်းနည်းမိတယ်။ ငါမမူးသေးဘူးနော်။ တကယ်လမ်းခွဲခဲ့တာ။ ငါဟာ တစ်ကိုယ်တည်းသမားတစ်ယောက်ဆိုတာ အမှန်ပဲလေ” လို့ သူငယ်ချင်းတွေကို ပြောကြားခဲ့ပါတယ်။

အဆိုပါကောလာဟလနဲ့ပတ်သက်ပြီး လီဟွန်ကီနဲ့ ဟမ်ဘိုရန်တို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေကလည်း သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဆိုသည်မှာ မှန်ကန်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ကြပါတယ်။ ဖျော်ဖြေရေးအေဂျင်စီတွေရဲ့ ထုတ်ပြန်ချက်အရ သူတို့နှစ်ဦးဟာ များပြားလှတဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် တစ်ဦးကိုတစ်ဦး အချိန်မပေးနိုင်ကြတဲ့အတွက် လမ်းခွဲခဲ့ရခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

# တားမြစ်ကုန်ပစ္စည်းရောင်းချသူများ နစ်နာမှုမရှိစေရန် ပင်ရင်းဖြန့်ချိသူများထံပြန်ပို့ပြီးတန်ဖိုးပြန်လည်ရယူစေရန်ဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၁၀**

မကွေးမြို့ရှိ မြို့မဈေး၊ မင်္ဂလာဈေး၊ ကန်သာဈေး၊ ရန်ပယ်ဈေး၊ ရန်ကင်းဈေးများ၌ တားမြစ်စားသောက်ကုန်ရောင်းချမှုအခြေအနေဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၃ ရက်မှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် FDA မှ အများပြည်သူစားသုံးရန်မသင့်၍ တားမြစ်ထားသော စားသောက်ကုန်စာရင်းတွင်ပါဝင်သည့် ယိုစုံများ၊ ဂျယ်လီများကို တွေ့ရှိရသည့်အတွက် ဈေးဆိုင်များတွင် တည်ခင်းရောင်းချခြင်းမပြုရန် ဝန်ခံကတိပြုလက်မှတ်များ ရေးထိုးစေခဲ့ကြောင်း၊ စားသောက်ကုန်များကို ပင်ရင်းဖြန့်ချိသူများထံပြန်ပို့ကာ တန်ဖိုးငွေများပြန်လည်ရယူစေခြင်းဖြင့် ဈေးသည်များနစ်နာဆုံးရှုံးမှု မရှိစေရန် ဖြေရှင်းပေးခဲ့သည်။

"စားသုံးရန်မသင့်တဲ့ စားသောက်ကုန်တွေရောင်းချခြင်းမပြုဖို့ FDA နဲ့ စားသုံးသူရေးရာဦးစီးဌာနတွေကလည်း အသိပညာပေးမှုတွေ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း ခုလိုစစ်ဆေးတဲ့အခါမှာ တားမြစ်စားသောက်ကုန်တွေ ရောင်းနေတာ တွေ့ရပါတယ်။ တားမြစ်ကုန်ပစ္စည်းတွေကို သိမ်းဆည်းရမှာဖြစ်ပေမယ့် ဈေးသည်တွေနစ်နာမှု မရှိအောင် ဖြေရှင်းပေးနေရခြင်း ဖြစ်ပါတယ်။ နောက်ထပ်ရောင်းချနေဦးမယ်ဆိုရင်တော့ သိမ်းဆည်းတာတွေ၊ စည်းကမ်းပိုင်းအရ အရေးယူတာတွေ လုပ်သွားမှာပါ" ဟု မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးထင်အောင်က ဆိုသည်။

စစ်ဆေးတွေ့ရှိချက်များကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန FDA နှင့် စားသုံးသူရေးရာဦးစီးဌာနများသို့ ပေးပို့ပြီး အများပြည်သူစားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချမှုကို တားဆီးနိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ပွဲ လုပ်ငန်း ဆွေးနွေး

**နွားထိုးကြီး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၆ ခုနှစ်) အား မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာဆောင်ရွက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာယုယုဝေ၊ တိုင်းကျန်းမာရေးအရာရှိ ဒေါက်တာခင်ဇာမိုး၊ လ/ထည္ဟန်ကြားရေးမှူး ဦးသန်းဦးတို့တက်ရောက်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ဦး ဦးဆောင်ကာ လုပ်ငန်းစီမံချက်များ၊ ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ၏ ကဏ္ဍတစ်ခုချင်းအလိုက် အားသာချက်အားနည်းချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ယင်းဆန်းစစ်ဆွေးနွေးပွဲကာလအတွင်း တိုင်းဒေသကြီးအဆင့် ထူးချွန်ကျန်းမာရေးဝန်ထမ်းအဖြစ် ရွေးချယ်ခြင်းခံထားရသော အခြေခံကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း၊ တင်ပြမှုအကောင်းဆုံးဆုရခဲ့သော ကျန်းမာရေးဌာနအား ဆုချီးမြှင့်ခြင်းအခမ်းအနားများအား ကျင်းပခဲ့ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**



## ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်လျက်ရှိ

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၀**

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူစွာသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများကို ပြည်သူများစုပေါင်းထည့်ဝင်ငွေဖြင့် ဖေဖော်ဝါရီ ၉ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဂနက်ကျေးရွာအုပ်စု ဂနက်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းများကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်မြေသားလမ်းကို ဂနက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများဦးဆောင်ကာ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၂ သိန်းဖြင့် လမ်းအရှည်ပေ ၂၈၀၀၊ လမ်းအကျယ် ၁၈ ပေ၊ လမ်းအမြင့် ၃ ပေဖြင့် မြေသားလမ်းကို ဂနက်ကျေးရွာမှ ဖြူးစုကုန်ထုတ်လမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## တနင်္သာရီမြို့နယ်အတွင်း ရေအားလျှပ်စစ် ထုတ်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ပဏာမညှိနှိုင်းဆွေးနွေး

**တနင်္သာရီ ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခြင်း၏ အကျိုးအာနိသင်များအား သိရှိနိုင်ရန်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ GMS Power Public ကုမ္ပဏီလီမိတက်မှ ဒေသခံပြည်သူများနှင့် ပဏာမညှိနှိုင်းဆွေးနွေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀နာရီက တနင်္သာရီတိုင်းဒေသကြီး၌ ပြုလုပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးရဲမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က တနင်္သာရီမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့သယံဇာတနှင့် ပတ်ဝန်းကျင်ကုမ္ပဏီလီမိတက်မှ အတိုင်ပင်ခံ ဦးဇော်နိုင်ဦးက တနင်္သာရီတိုင်းဒေသကြီး မြစ်ချောင်းများအတွင်းမှ ရေအားလျှပ်စစ်ထုတ်ယူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်များအား Power Point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများမှ သိရှိလိုသည်များ မေးမြန်းရာ GMS Power Public Co., Led အတိုင်ပင်ခံအရာရှိဦးငွေထွန်းက ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရေးဖြည့်ဆည်းပေးရန် ပဏာမလာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ တည်ဆောက်ရေးအစီအစဉ်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာများအပေါ် ဒေသခံတိုင်းရင်းသားများ၏ ဆန္ဒသဘောထားများကို ရယူပြီးမှသာ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာလူ့အဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ဒေသခံတိုင်းရင်းသားများ၊ လျှပ်စစ်ဓာတ်အားကို လိုလားစိတ်ဝင်စားသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ဆွေးနွေးခဲ့သည်။

**ထိန်ဝင်း(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီ သီးနှံဘဏ်ချေးငွေများ ရာနှုန်းပြည့်ကောက်ခံပြီးစီး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ ထုတ်ချေးပေးခဲ့သည့် ၂၀၁၆ ခုနှစ် မိုးရာသီဘဏ်ချေးငွေများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ စတင်ကောက်ခံခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် ရာနှုန်းပြည့် ကောက်ခံပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၆ ခုနှစ် မိုးရာသီဘဏ်ချေးငွေများကို မြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၄ အုပ်စုမှ တောင်သူ ၁၉၄၉၄ ဦးထံသို့ မေ ၁၉ ရက်မှ စတင်ထုတ်ချေးခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်းပေါင်း ၃၃၃၉၂ ဒသမ ၀၀ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါဘဏ်ချေးငွေများကို တောင်သူများ သီးနှံစိုက်ပျိုးချိန်ဖြစ်သည့် ၂၀၁၆ ခုနှစ် မေ ၁၉ ရက်တွင် စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများဝယ်ယူရေး အထောက်အကူပြုရန် စတင်ထုတ်ချေးခဲ့ခြင်းဖြစ်ပြီး တောင်သူများသီးနှံပေါ်ချိန်ဖြစ်သည့် ဒီဇင်ဘာ ၁၆ ရက်တွင် ပြန်လည်ကောက်ခံခဲ့ခြင်းဖြစ်ရာ ယခုအခါ ရာနှုန်းပြည့်ကောက်ခံပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို မန္တလေးတိုင်းဒေသကြီးအတွင်းတွင် နှစ်စဉ်နှစ်တိုင်း အစောဆုံးအပြေအကျေပေးဆပ်နိုင်သည့် မြို့နယ်ဖြစ်ပြီး ယခုနှစ်တွင်လည်း ပထမဆုံး ပြေကျေစွာပေးဆပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**





## တောင်သူများ၏လိုအပ်ချက်များဖြည့်ဆည်းနိုင်ရေး ဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA အဖွဲ့တို့ပူးပေါင်း၍ ဘားကပ်ကျေးရွာအုပ်စုရှိ တောင်သူများအား သီးနှံစိုက်စွမ်းအားတိုးတက်မြင့်မားရေးအတွက် ရည်ရွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့နယ် ဘားကပ်ကျေးရွာအုပ်စုရှိ တောင်သူပညာပေးစခန်း၌ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါတောင်သူဆွေးနွေးပွဲတွင် ကျေးရွာရှိ ဒေသခံအများစုသည် စိုက်ပျိုးရေးလုပ်ကိုင်သူများဖြစ်သဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သော အသိပညာရပ်များ၊ လုပ်သားရှားပါးမှုကြောင့် အလုပ်အကိုင်နှောင့်နှေးရခြင်း အခက်အခဲများ၊ စက်ကိရိယာအခက်အခဲများအား တောင်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး အဓိကထားဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် JICA အဖွဲ့အစည်း၏ အတိုင်ပင်ခံ Mr.Nishimoriu က ကျေးရွာရှိ တောင်သူများ၏ လိုအပ်ချက်များကို သတင်းအချက်အလက်ရယူ၍ အဓိကလိုအပ်ချက်များ၊ အခက်အခဲများကို ကူညီထောက်ပံ့မှုပေးနိုင်ရန် ရည်ရွယ်၍ ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်မျိုးစေ့တာဝန်ခံနှင့် ဘားအံမြို့နယ် ဦးစီးမှူးတို့အား JICA အဖွဲ့မှ ပြည်နယ်၏ စိုက်ပျိုးသီးနှံများ၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်မှုများ၊ စိုက်ပျိုးမှုနည်းစနစ်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်းနှင့် ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်မျိုးစေ့တာဝန်ခံ၊ ဘားအံမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဘားကပ်ကျေးရွာအုပ်စုရှိ တောင်သူများ စုစုပေါင်း ၂၅ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

စာကြည့်တိုက်များအားလုံး ရေရှည်ရှင်သန်မှုဖြင့် ခိုင်မာစွာဖြစ်ထွန်းရပ်တည်နိုင်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းအောင်မြင်စေရေးအတွက် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီခွဲခန့်က ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

သင်တန်းတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်မမက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Save The Library မှ ဦးမောင်မောင်စိုးနှင့် ဦးမျိုးမင်းထွေးတို့က စာကြည့်တိုက်များကို နည်းပညာဖြင့် ချဉ်းကပ်ခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချပေးခဲ့သည်။ မွန်းလွဲပိုင်းတွင် Teachage Girl Myanmar Project မှ (၂၁)ရာစုခေတ် စာကြည့်တိုက်မှူးများ အရည်အသွေးမြင့်မားရေးခေါင်းစဉ်ဖြင့် စာရေးဆရာမဒေါ်ခင်လပြည့်ဝန်းက ပို့ချခဲ့ပြီး ယင်းဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ အခြေခံပညာကျောင်းများမှ စာကြည့်တိုက်တာဝန်ခံဆရာ၊ ဆရာမများ၊ စာကြည့်တိုက်ပညာနှင့် စာကြည့်တိုက်လုပ်ငန်း စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ဟောပြောဆွေးနွေးသူများ၊ ဆွေးနွေးပွဲတက်ရောက်လာကြသူများက မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ဆရာဦးမောင်မောင်စိုးနှင့် ဆရာမဒေါ်ခင်လပြည့်ဝန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

ကြေးမုံ



# နိုင်ငံရွှေဘုံသွင်း

ခင်လေးသက်

**မြမန်းဂီရိ သေလာတောင် နန်းတည်ထောင်ဘုန်းရောင်နေသို့လင်း နောင်ညီအစ်ကို ရွှေဘိုနယ်တော်ရင်း ...**
**ရာဆူဆူ ပြည်သူ့ခဝပ်စင်း ရွှေဘုန်းတော်နန်းလျှော်စံပျော်ခင်း တေဇာတိုးလို့ဖြိုးဝေ မန်း၌ာနေအောင်ဇေယျာပြည့်မင်း ...**
**ပြောင်းလူ နာဂရုစာ သော်တာငွေလျံ မျိုးမြတ်ဆန္ဒန် ရွှေနန်းဘုံတော်ရောက်ရာ ရွှေကိုယ်တော်ပြည်တော်နိုင်ငံ ရွှေဘုံတွင်း ပြောင်းလူ နာဂရုစာ သော်တာငွေလျံ မျိုးမြတ်ဆန္ဒန် ရွှေနန်းဘုံတော်ရောက်ရာ ရွှေကိုယ်တော် ပြည်တော်နိုင်ငံ ရွှေဘုံတွင်း ဆန်းမူရာသူတကာရွှေခပင်း ရွှေဘုန်းတော်နန်းလျံစံပျော်ခင်း တေဇာတိုးလို့ဖြိုးဝေ မန်း၌ာနေအောင်ဇေယျာပြည့်မင်း ...**

၎င်းဘုန်းတော်ဘွဲ့ ယိုးဒယားသီချင်းကြီးမှာ ဂီတနယ်မှ ပညာရှင်များ၊ ဝါသနာရှင်များအပြင် လူအတော်များများပင် သိဖူးပြီး ကြားဖူးနားဝရှိဖူးပြီးဖြစ်ပါလိမ့်မည်။

**အဖိုးအတွက်ဘုန်းတော်ဘွဲ့**

ထိုအထဲတွင် စာရေးသူ၏အဖိုးအတွက်တော့ ထိုဘုန်းတော်ဘွဲ့သည် သူငယ်ချင်းကောင်း၊ ဆွေမျိုးကောင်း သူ့ခံစားချက် ကိုယ့်ခံစားချက် ရင်ဖွင့်စရာတိုင်ပင်စရာ နှီးနှောဖလှယ်စရာ မိတ်ဆွေရင်းချာပမာရှိလိမ့်မည်ဟု ထင်ပါသည်။

အဖိုးသည်စာပေကိုလည်း ချစ်မြတ်နိုးသည့်နည်းတူဂီတကိုလည်း တန်ဖိုးထားချစ်မြတ်နိုးသူဟု သိရပါသည်။

အဖိုးသည် "စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာနှင့်သာသည်သီချင်း အဲစောင်းညင်းကို၊ မလင်းမပြတ်၊ ဖတ်ရွတ်လေ့ကျင့် တီးမှုတ်လျက်သာ နေကောင်းစွာတည့်" ဟူသောစာဆိုရှင် ဝန်ကြီးပဒေသရာဇာ၏ အဆိုအမိန့်အတိုင်း ကျင့်ကြံကြိုးကုတ်တတ်သူပါလားဟု တွေးမြင်မိပါသည်။

ထို့အပြင် အဖိုးအကြောင်းဆိုသည်နှင့် အဖိုးက မျိုးချစ်စိတ်ပြင်းသူဆိုသည်ကိုလည်း မေ့ထားခဲ့၍မရပေ။

ယခင်သစ်တောအရာရှိ နောင်အင်္ဂလိပ်အစိုးရအမှုထမ်းဘဝ မနေလိုတော့သည်နှင့် အစိုးရအလုပ်မှ ထွက်ခါအရပ်ပေး ကျောင်းဆရာကြီးအဖြစ် ဘဝထိုထိုမှာ ကျင်လည်ရခြင်းဖြင့်မိသားစုနှင့် တကွဲတခြားနေရတိုင်း ဝါသနာအလျောက် စာပေဂီတများကိုလည်း အဖော်ပြုမည်၊ နောက်ပြီး အချိန်ဆိုသည်ကို တန်ဖိုးထားတတ်ခြင်းကြောင့် ထိုအချိန်ဆိုသည်ကို မည်သို့အသုံးပြုရလျှင်အကောင်းဆုံးဖြစ်လိမ့်မည်ဆိုသည့် အချက်ကိုလည်း တွေးသိပြီးဖြစ်ပါလိမ့်မည်။

မိုးမှောင်ကျ မှန်တိုင်းထန်နေသည့် တိုင်းပြည်နှင့်လူမျိုးက ကျွန်သဘောက်ဘဝဖြင့်ဆိုးရွားသည့် အခြေအနေ ထိုဖြစ်စဉ်တွေအတွက် ခံပြင်းစိတ်က အဖိုးအားမည်မျှနှိပ်စက်ခဲ့လေသလဲ။ သို့ပေမယ့် ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးကိုဖြိုမယ့်ကြံ ခါးကမသန်သည့်အခြေမှာ အဖိုးအတွက်ရင်နာပြီးရင်းရင်နာရင်းဖြင့်ဘဝကိုဖြတ်သန်းလျက်က သူကျင်လည်ရာ သူ့အနီးဝန်းကျင်က လူတိုင်း လူတိုင်ကို မျိုးချစ်စိတ်ရှိစေဖို့ သွေးစည်းညီညွတ်စေဖို့စသော တရားများဟောရင်းပြောရင်း သတ္တိဗျတ္တိတွေ မွေးပေးနေခဲ့ပေလိမ့်မည်။

**အဖိုးအကြောင်း တဝကြီးကြားသိ**

စာရေးသူ အသက်တစ်ဆယ့်လေးငါးနှစ်အရွယ်လောက်က ဖြစ်မည်ထင်ပါသည်၊ အဖိုးစာသင်ခဲ့ရသည်ဆိုသည့် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်အတွင်းမှ ရွာများသို့ရောက်ခဲ့ပါသည်။ထိုရွာများတွင် အဖိုး၏တပည့်များဆိုသည့် ဦးကြီး၊ အဒေါ်ကြီး အတော်များများနှင့် တွေ့ကာ သူတို့ပြောပြသော အဖိုးအကြောင်းများကို တဝကြီးကျေကျေနပ်နပ် ကြားသိခဲ့ရပါသည်။

"ဆရာကြီးရောက်လာတော့၊ သွားကြိုတဲ့ လှည်းကြီးပေါ်မှာ ပါလာတဲ့သူ့ပစ္စည်းက စာအုပ်သေတ္တာအကြီးကြီး၊ အဝတ်အိတ်ကတစ်လုံး၊ တယောလေးကတစ်လက်နဲ့" ဟူ၍ပြောပြကြပါသည်။

**သဘောကောင်းသလောက် စည်းကမ်းကြီး**

နောက်ပြီး သူတို့အားလုံး ပြောပြသည်မှာ ဆရာကြီးက သဘောကောင်းသလောက် စည်းကမ်းကြီးလို့မို့ အားလုံးက ချစ်ကြောက်ရိုသေရှိခဲ့ကြောင်း၊ ကျောင်းချိန်အပြည့် နေစဉ်ရက်မပျက်တက်ခဲ့ရကြောင်း အဖိတ်၊ ဥပုသ်ကျောင်းနှစ်ရက်ပိတ်မည်ဆိုလျှင် အဖိတ်နေ့မတိုင်ခင်တစ်နေ့က အပတ်စဉ်တိုင်းပင် မနက်ကျောင်း တစ်ချိန်လုံး ဘုရားရှိခိုးခြင်း၊ ဩကာသ ကန်တော့ကျိုးနှင့်ဘုရားဂုဏ်တော်ကို အလှည့်ကျ ရှေ့မှတစ်ယောက်ကတိုင်ပြီး တစ်ကျောင်းလုံး သံပြိုင်လိုက်ဆိုရခြင်းများပြုခဲ့ရကြောင်း၊ ပြီးသည်နှင့်ဆရာကြီးက ဘုရားဖြစ်တော်စဉ်၊ ငါးရာ့ငါးဆယ်ဇာတ်ကြီးဆယ်ဘွဲ့ ဟောပြောပေးကြောင်း။

ပါတော်မူနေ့မျိုးများတွင်လည်းကောင်း၊ သို့မဟုတ်အခါအားလျော်စွာဖြင့်လည်းကောင်း ဆရာကြီးက "ငါတို့အရှင်နှစ်ပါးကို ကြက်ကလေး၊ ငှက်ကလေး ဖမ်းသွားသလို နယ်ချဲ့အင်္ဂလိပ်တွေက ဖမ်းသွားခံခဲ့ရတာ" စသည့် ထီးကျိုးစည်ပေါက် ကျွန်သဘောက်ဘဝ ရောက်ခဲ့ရသည့် အကြောင်းပြောသည့်အခါများတွင်တော့ သူတို့အားလုံး ချုံးပွဲချငိုခဲ့ရကြောင်း၊ ဆရာကြီးက မျက်ရည်တွေဝေ့နေသည့် မျက်လုံးများဖြင့်ရှိနေပေမယ့် မာန်ထန်အပြည့်နှင့် ပြောပြတတ်ကြောင်း သူတို့အားလုံးကလည်း ငိုနေပေမင့် လက်သီးတွေ ကျစ်ကျစ်ပါအောင်ဆုပ်ကာ "ငါတို့ရဲ့အရှင်သခင်တွေကို ဖမ်းသွားပြီး ငါတို့ရဲ့ နိုင်ငံနဲ့လူမျိုးကို ကျွန်ဘဝပို့ခဲ့တဲ့ လူမျိုးတွေကိုတော့လား ကမ္ဘာမကြေဘူးဟေ့" လို့သူတို့အားလုံးရဲ့ ရင်ထဲမှာကြွေးကြော်နေခဲ့ကြကြောင်း။

> ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းဒေသမပါသော လွတ်လပ်ရေးသည် မြန်မာနိုင်ငံအတွက် အဓိပ္ပာယ်ရှိသော လွတ်လပ်ရေးမဟုတ်ဟု အပြင်းအထန်ပြောကာ တောင်တန်းဒေသကို မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးပေးရန်တောင်းဆို . . .

**အချင်းချင်း သွေးစည်းညီညွတ်**

ဆရာကြီးက ကျောင်းအားချိန်များဆိုလျှင်တော့ ဒိုင်ယာရီတွေ၊ မှတ်စုတွေရေးနေတတ်ပြီး တစ်ခါတစ်ရံ တယောလေးထိုးကာ တေးညည်းညည်းလေးဆိုတတ်ကြောင်း ရွာမှ လူကြီး၊ လူလတ်၊ လူငယ်အားလုံးက ဆရာကြီးအား ခင်မင်ကြသည်မို့ လယ်ထဲ၊ ကိုင်းထဲက တက်လို့ အားလပ်ချိန်ရသည်နှင့် ဆရာကြီးထံစုကြသည်။ အထူးသဖြင့် အလုပ်ကိစ္စစသော ဘာကိစ္စဝိစ္စမှ နောက်ဆံမတင်းရတော့သည့် ညအချိန်ရောက်လျှင်ဖြင့် အားလုံး လူစုံတက်စုံ ဆရာကြီးနှင့် စကားဝိုင်းဖွဲ့ကြပြီ။ ဆရာကြီးက နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝက လွတ်လပ်ကြဖို့ဆိုတာ ကိုယ့်အချင်းချင်း သွေးစည်းညီညွတ်ကြဖို့၊ မျိုးချစ်စိတ်နှင့် ရဲစွမ်းသတ္တိ မွေးကြကဖို့၊ သူ့ကျွန်ဘဝမှာ အသက်ရှင်နေရတာထက် နိုင်ငံနှင့် လူမျိုးလွတ်လပ်ဖို့အတွက် တိုက်ပွဲဝင်ပြီး အသက်သွေးချွေးစတေးကာ သေသွားသည်ဆိုသော်မှ မြတ်၏တဲ့။

ဆရာကြီးက ဦးကြီးတို့ ဒေါ်ကြီးတို့ကို မျိုးချစ်သီချင်းတွေ၊ အာဇာနည်သီချင်းတွေ၊ ကိုယ့်အမျိုးအတွက် စိန်ခေါ်သီချင်းတွေ သင်းပေးခဲ့တာ မှတ်မိတယ်။ ဟိုသီချင်းလေးကွယ် 'ရရင်ရ မရရင်ချဆိုတာ' သူတို့ပြောတော့ စာရေးသူက အကြိုက်တွေ့ကာ ထိုစိန်ခေါ်သီချင်းကို ဟန်နှင့်မာန်နှင့် အားရပါးရဆိုပြခဲ့မိသည်။

"ဘိလပ်ကို ဗိုလ်ချုပ်သွားလို့ လွတ်လပ်ရေးအရဆိုနေကိုလိုနီနှောင်ဖွဲ့က လုံးဝလွပ်လပ်ကြရမလေ။ 'ရရင်ရ မရရင်ချ နှစ်ခွဉ်လမ်း ကြိုက်ရာစမ်းတော့လေ။"

"အဲ ဟုတ်ပဲ့ . . . ဟုတ်ပဲ့ . . . အဲ့ဒါဘဲ . . . အဲ့ဒါပါ နောက်ထပ် . . . နောက်ထပ်တွေလည်း ဆရာကြီးသင်ပေးတာတွေရှိသေးတာ။"

ထိုနေရာတွင် စာရေးသူရင်မှာ ဝေဒနာကပို၍ ထင်ဟပ်လာခဲ့သည်။ (အောင်ဆန်း-အက်တလီ)စာချုပ်အတွက် ဗိုလ်ချုပ်နှင့် နိုင်ငံခေါင်းဆောင်ကိုယ်စားလှယ်များ ဘိလပ်သို့သွားခဲ့ပြီး အခက်အခဲများစွာကို ရင်ဆိုင်လှုပ်ရှားခဲ့ရသည့် အကြောင်းအရာများအားလည်းကောင်း၊ ယခု 'ပြည်ထောင်စုနေ့' ဟူသော (ပင်လုံစာချုပ်ကြီး) ဖြစ်ပေါ်လာခဲ့သည့် အကြောင်းရင်းများကိုလည်းကောင်း၊ သမိုင်းပြုဆရာများ ရေးသားဖော်ပြထားခဲ့သည့် ထိုအကြောင်းအရာများကို ဖတ်ခဲ့ရတိုင်း မိမိစိတ်မှာ မချင့်မရဲတွေ၊ ခံပြင်းခဲ့ရမှုတွေ ဖြစ်ခဲ့ရသည်များကိုလည်းကောင်း။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော နေသူရိန်အစည်းအဝေးပွဲမှ တခဲနက်တောင်းဆိုချက်အရ ဗြိတိသျှအစိုးရသည် လွတ်လပ်ရေးအတွက်ဆွေးနွေးရန် မြန်မာကိုယ်စားလှယ်များကို ဖိတ်ခေါ်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်များ ၁၉၄၆ ဒီဇင်ဘာလတွင် လန်ဒန်သို့သွား၍ နန်းရင်းဝန် အက်တလီနှင့် ဆွေးနွေးသည်။ ထိုအချိန်တွင် မြန်မာပြည်အတွင်းမှာလည်း လွတ်လပ်ရေးရလိုကြောင်း နည်းအမျိုးမျိုးဖြင့် ဆန္ဒတွေပြနေကြသည်။

မြန်မာပြည်ကို လွတ်လပ်ရေးမပေးမဖြစ်၍ ပေးရလျှင် အင်္ဂလိပ်သည် ရှမ်းပြည်စသောတောင်တန်းဒေသများကို လွတ်လပ်ရေးမပေးဘဲ ချုပ်ကိုင်ထားလိုသည့် အသွင်က ထင်းထင်းပေါ်လာနေသည်။

**လွတ်လပ်ရေးပေးမည့်အခြေနေသို့ရောက်**

၁၉၄၅ ခုနှစ် အင်္ဂလိပ်အစိုးရ၏ မြန်မာပြည်ဆိုင်ရာအတွင်းဝန်အေမာရီသည် အိန္ဒိယတွင်ရှိသော မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်ထံ အစီရင်ခံစာတစ်စောင်ပေးသည်။ "မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ပြီး လွတ်လပ်ရေးပေးမည့်အခြေနေသို့ ရောက်သည့်အခါ ဗြိတိသျှအစိုးရ၏ကာကွယ်ရေး စီးပွားရေးဘက်မှကြည့်လျှင် တောင်တန်းဒေသကို ဗြိတိသျှလက်အောက်မှာ နှစ်သုံးဆယ်မျှလောက်ထားမှ သင့်မည်ဖြစ်ကြောင်း ထင်ရှားသည်။ တောင်တန်းဒေသကို ဗြိတိသျှတို့က ထိန်းသိမ်းထားရန် အထူးလိုအပ်ပါသည်" ဟူသော အချက်အလက်များပါသည့် အစီရင်ခံစာဖြစ်သည်။

ဗြိတိသျှတို့သည်လည်းကောင်း၊ အတွင်းဝန် အေမာရီသည်လည်းကောင်း တစ်သဘောတည်းရှိပြီးသူများ။

ထို့ကြောင့် ဗိုလ်ချုပ်က လွတ်လပ်ရေးအတွက် ဘိလပ်၌ ဆွေးနွေးစဉ်တွင် နောက်ပိုင်းမှနေ၍ တောင်တန်းနှင့်ပြည်မသွေးခွဲရန် ကြံစည်နေကြသည်။ နူးညွတ်လွယ်သော စော်ဘွားအချို့ကိုသွေးခွဲဆွဲဆောင်လေသည်။

နယ်ချဲ့လက်ပါးစေတို့၏ စကားကို နားယောင်မိသောစော်ဘွားအချို့သည် ဗြိတိသျှနန်းရင်းဝန်အက်တလီထံ အောက်ပါအဓိပ္ပာယ်ပါရှိသော ကြေးနန်းတစ်စောင်ရိုက်လိုက်သည်။

"ယခုရောက်ရှိနေသော ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်ုပ်တို့ရှမ်းပြည်စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ပါ။ တောင်တန်းနယ်များကိစ္စကိုဆွေးနွေးရန်ရှိပါလျှင် ကျွန်ုပ်တို့စော်ဘွားများအား သီးသန့်ဖိတ်ခေါ်ဆွေးနွေးစေလိုပါသည်။"

အက်တလီသည် ကြေးနန်းစာကို ရရှိသည်နှင့် ဗိုလ်ချုပ်အား ကြေးနန်းကိုပြလျက် "ဘယ်လိုလည်း ဦးအောင်ဆန်း" ဟု ခနဲ့ပြုံးနှင့် မေးခဲ့သည်။

ဗိုလ်ချုပ်ကတော့ နိုင်ငံတွင်းအခြေအနေကို သိထားလိုက်ပြီ။

**တောင်ကြီးမြို့၌လူထုစည်းဝေး**

ဤအတွင်း ကျန်ရစ်သော ဖ. ဆ. ပ. လ ခေါင်းဆောင်တို့၏ ကြိုးပမ်းမှုဖြင့် စော်ဘွားများထံ ကြေးနန်းရိုက်ပြီး နောက်တစ်နေ့တွင် တောင်ကြီးမြို့၌လူထုစည်းဝေးပွဲအင်အားပြပွဲကို ကျင်းပသည်။ ထိုအစည်းအဝေးပွဲကြီးမှ ဆုံးဖြတ်ချက်များကို အက်တလီထံကြေးနန်းရိုက်ပို့လိုက်သည်။ ကြေးနန်းမှာ "တောင်တန်းဒေသများသည် မြန်မာတို့နှင့်အတူ လွတ်လပ်ရေး ရလိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့၏ လိုလားချက်ကို လေးလေးနက်နက် ထောက်ခံပါသည်" ဟူ၍ဖြစ်သည်။

အက်တလီသည် ကြေးနန်းနှစ်စောင်ကြောင့် တွေဝေသွားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းဒေသမပါသော လွတ်လပ်ရေးသည် မြန်မာနိုင်ငံအတွက် အဓိပ္ပာယ်ရှိသောလွတ်လပ်ရေးမဟုတ်ဟု အပြင်းအထန်ပြောကာ တောင်တန်းဒေသကို မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးပေးရန်တောင်းဆိုလေသည်။

သို့သော် ဗြိတိသျှတို့သည် အလျှော့မပေးပေ။ ပရိယာယ်ဖြင့် တောင်တန်းဒေသတို့၏ဆန္ဒကို ရယူလိုကြောင်း ထပ်ဆင့်ပြောလာခဲ့ပြန်သည်။

သို့ဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့တွင် ချုပ်ဆိုသော (အောင်ဆန်း အက်တလီ) စာချုပ်တွင် "တောင်တန်းဒေသများက ပြည်မကြီးနှင့်အတူ ပူးပေါင်းရန်သဘောတူပါက ပြည်မကြီးရော တောင်တန်းဒေသများပါ လွတ်လပ်ရေးပေးရန် တောင်တန်းဒေသများပါဝင်သော ကွန်ဖရင့်အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ တောင်တန်းဒေသသားတို့၏ ထုတ်ဖော်ပြောပြချက်အရ ဗြိတိသျှနှင့် မြန်မာအစိုးရတို့က ၎င်းတို့၏ဆန္ဒနှင့် လိုက်လျောညီစွာ ဆောင်ရွက်ရန်" ဟူသော စာတမ်းကိုထည့်သွင်းခဲ့လေသည်။

ဗြိတိသျှတို့၏ရည်ရွယ်ချက်မှာ တောင်တန်းသားများကို မြန်မာများနှင့် မတွဲမိရန်သွေးခွဲပြီး တောင်တန်းဒေသကို အပိုင်စီးထားရန်သာပင်ဖြစ်သည်။

ထိုအချိန်တွင် မြန်မာခေါင်းဆောင်ကြီးများအနေဖြင့် ကြီးလေးသော ပြဿနာကြီးကို ရင်ဆိုင်ဖြေရှင်းရန် အခက်အခဲများ ရင်လေးစရာများဖြင့် ကြုံခဲ့ရသည်။

**ပြည်ထောင်စုထူထောင်ရန်ဆုံးဖြတ်**

အမှန်ဆိုလျှင် ဗိုလ်ချုပ် လန်ဒန်မသွားမီ ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်းက ရန်ကုန်မြို့ ရွှေတိဂုံကုန်းတော်တွင် ဖ. ဆ. ပ. လ ညီလာခံတစ်ခုကို ကျင်းပခဲ့သည်။ ထိုညီလာခံမှ (မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် တိုင်းရင်းသားအားလုံးလက်တွဲဆောင်ရွက်ရန် အတူတကွ လွတ်လပ်သော ပြည်ထောင်စုထူထောင်ရန်ကို ဆုံးဖြတ်ပြီးခဲ့ကြပြီ။ ထိုဆုံးဖြတ်ချက်အရ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင်ပင် မြန်မာ့ခေါင်းဆောင် သခင်နု၊ ဦးဘဂျမ်း၊ မန်းဘခိုင်တို့သည် ပင်လုံမြို့တွင် ကျင်းပသော စော်ဘွားများညီလာခံသို့ တက်ရောက်စည်းရုံးခဲ့ပြီးပြီ။ ၁၉၄၆ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် တောင်ကြီးလူထုအစည်းဝေးပွဲ၌ ပြောပြခဲ့သော ဗိုလ်ချုပ်၏ "သွေးရင်းသားရင်းအချင်းချင်း ရင်းရင်းချာချာရှိရမည်" ဟူသောဟောပြောချက်သည် ညီညွတ်ရေးအတွက် အတော်ထိထိရောက်ရောက် ရရှိခဲ့ပြီးပြီ။ သို့ပါလျက် ယခုမူ။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းမြန်မာပြည်သို့ ပြန်ရောက်ရှိလာလေသည်။

စာမျက်နှာ ၂၁ သို့

# ပြည်မြို့၏တပို့တွဲလပြည့် ညံရိုးပူဇော်ပွဲ၊ ထမနဲပွဲနှင့် ဖိုးဦးတောင်ပွဲတော်

မို့မို့



နှစ်စဉ်နှစ်တိုင်း တပို့တွဲလပြည့်နေ့တွင် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ညံရိုးမီးပူဇော်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲကို ကျင်းပခဲ့ကြရာ ယခုနှစ်တွင်လည်း အစဉ်အလာမပျက် ဆက်လက်ကျင်းပကြသည်။ ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ညံရိုးမီးပူဇော်ပွဲသည် မြန်မာတစ်နိုင်ငံလုံးတွင် အထူးခြားဆုံးသော ရှေးရိုးရာ ဘာသာရေးပွဲတော်တစ်ခုလည်းဖြစ်သည်။ ညံရိုးမီးပူဇော်ပွဲနှင့် ထမနဲဆွမ်းကပ်လှူပူဇော်ပွဲသည် အခါရာသီနှင့်အညီ ကျင်းပပြုလုပ်သော ပူဇော်ပွဲဖြစ်ရာ ရှေးသူဟောင်းတို့က တပို့တွဲအကြောင်းရေးဖွဲ့ရာတွင် "ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ"ဟု ဖွဲ့ဆိုခဲ့ကြသည်။

တပို့တွဲလတွင် ရာသီပန်းအားဖြင့် ပေါက်ပန်း၊ လဲပန်းများပွင့်ကြပြီး ပွဲတော်အားဖြင့် မီးပုံပွဲ၊ ယာဂုပွဲများကျင်းပကြသည်ကို ရည်ရွယ်၍ဖွဲ့ဆိုခဲ့ကြခြင်းဖြစ်သည်။ မီးပုံပွဲကို "မီးဖုန်းပွဲ"ဟုလည်း ခေါ်ကြသေးသည်။ "ဖုန်း" ဟူသောစကားသည် "ပုည" ဟူသောပါဠိစကားမှ ဆင်းသက်လာပြီး ကုသိုလ်ကောင်းမှုဟု အဓိပ္ပာယ်ရကာ "မီးဖုန်းပွဲ"သည် မီးကုသိုလ်ပွဲဟု အဓိပ္ပာယ်ရပါသည်။

တောင်တွင်းကြီးဦးကြော့ရေးဖွဲ့သည့် တပို့တွဲလဘွဲ့ တေးထပ်တွင် "ချမ်းဆိုသမှ စံမတူသည်၊ သယမ္ဘူသော်မှ၊ မီးမယ်ဖျူး ရွှေလက်ကင်သည်၊ ရေစက်သွင်အေးတဲ့သည်လ"ဟု ရေးဖွဲ့ထားပါသည်။ "မီးမယ်ဖျူး"ဆိုသည်မှာ "မီးလင်းဖို" ဟု အဓိပ္ပာယ်ရပါသည်။ မြတ်စွာဘုရားရှင်သည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ညနေချမ်းအချိန်၌ ကျောင်းတော်၏ အနောက်ဘက်တွင် ကိုယ်တော်တစ်ပါးတည်း ကျောက်ကုန်းကို နေပူစာလှုံသည်ကို အကြောင်းပြု၍ မီးလင်းဖိုတွင် နံ့သာထင်းထည့် မီးရှို့ပြီးကပ်လှူကြသည်။ အလွန်အေးချမ်းသော ဆောင်းရာသီတွင် မြတ်စွာဘုရားကို အလင်းဓာတ်နှင့် အနွေးဓာတ် လျှုဒါန်းသောအနေဖြင့် ကုသိုလ်တရားပွားများနိုင်ရေးအတွက် ပျူလူမျိုးတို့က စတင်ကျင်းပခဲ့သည်ဟုလည်း မှတ်သားရပါသည်။ အခြားအခြားသော ဘုရားစေတီများတွင် နံ့သာထင်းများ မီးရှို့ကာ လျှုဒါန်းပူဇော်ကြသော်လည်း ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ညံရိုးများကိုသာ မီးရှို့ပူဇော်ကြသည်။

ညံရိုးဆိုသည်မှာ အရွက်သေး၍ တို့စားရသော တစ်နှစ်ခံ စိမ့်မြေပေါက်အပင်မျိုးဖြစ်ပြီး ထိုအပင်၏ ပင်စည်မှ အခေါက်ပါးပါးလေးကို လျှော်ခွာသကဲ့သို့ ခွာလိုက်ပါက အဖြူရောင်ဖော့ရိုးများနှင့် ခပ်ဆင်ဆင်တူသည့် အဖြူရောင် ညံရိုးချောင်းများ ရရှိပါသည်။ ထိုညံရိုးချောင်းများသည် အနှစ်မပါ အပွသားများဖြစ်သဖြင့် ပေါ့ပေါ့ပါးပါးရှိလှပါသည်။ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့သော ကွင်းစခန်းခွန်းထောက်တွင် "ပတ္တမြားရောင် ဖားကဖောင်သံလွင်လွင်နှင့် ရွှေညံပင်ရှုပ်မရှင်းတယ်၊ ကွင်းပြည့်ခမန်း" ဟု ဖွဲ့ဆိုထားသည်နှင့်အညီ ပြည်မြို့အနီးတစ်ဝိုက် ကျေးရွာများဖြစ်သည့် ကမွန်ခြံရွာနှင့် မှော်ဇာအနီးတစ်ဝိုက်တွင် ကွင်းပြည့်ခမန်း ညံရိုးများ အလေ့ကျပေါက်ကြပါသည်။

ထိုကျေးရွာများမှ ရွာသူရွာသားများသည် တပို့တွဲလပြည့်နေ့မတိုင်မီ တစ်လလောက်အလိုကတည်းက ညံပင်များကို ခုတ်လှဲ၍ အခေါက်များခွာပြီး စုဆောင်းထားကြပါသည်။ တပို့တွဲလဆန်း ၁၃ရက်၊ ၁၄ ရက်တို့တွင် အခေါက်ခွာထားသော အဖြူရောင်ညံရိုးများကို စည်းနှောင်၍ သယ်ဆောင်လာကြပြီး ရွှေဆံတော်စေတီတော်မြတ်ကြီး မြောက်ဘက်မုခ်ရှေ့ လမ်းမတစ်လျှောက်၌ ရောင်းချကြသည်။ ဘုရားဖူးလာသူများသည် ထိုညံရိုးချောင်းများကို အလုအယက်ဝယ်ယူကြ၍ ရှင်တော်ဘုရားအား အနွေးဓာတ်ရရှိစေရန် မီးရှို့ပူဇော်ကြပါသည်။ ညံရိုးမီးပူဇော်ပွဲကို ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်း ရတနာပုံစေတီတော် ဘုရားနားတွင် အလျား ပေ၂၀× အနံ ၁၂ပေ၊ အမြင့် ၄ပေခွဲရှိ အုတ်ကန်ကို နှစ်ကန့်ခွဲ၍ ဖွဲ့စည်းထားသည်။ ညံရိုးပူဇော်ပွဲနေ့တွင် ဘုရားဖူးပြည်သူများသည် နံနက် ၃နာရီနှင့် ၄ နာရီအတွင်း လာရောက်ကြသည်။ ပုံမှန်ဘုရားကြီး၏ အရပ်လေးမျက်နှာမှ တံခါးများကို နံနက် ၅နာရီတွင် ဖွင့်ပေးပြီး ညံရိုးပူဇော်ပွဲနေ့တွင် နံနက် ၄နာရီတွင် တံခါးများကို ဖွင့်ပေးသည်။ နံ့သာတုံးအပါအဝင် ညံရိုးချောင်းများကို မီးပုံပေါ်သို့ အဝေးမှပစ်ထည့်ပြီး ဝတ်ပြုဆုတောင်းကြသည်။ ထိုသို့ပူဇော်ခြင်းကြောင့် ဉာဏ်ကောင်းခြင်းအကျိုးကိုရရှိနိုင်သည်ဟု ယုံကြည်ခဲ့ကြပြီး ဒွတ္တပေါင်မင်းကြီးလက်ထက်မှ ယနေ့အထိ အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းခဲ့ကြသည်။

တပို့တွဲလအကြောင်း ဖွဲ့ဆိုရာတွင် ထမနဲပွဲမှာလည်း အဓိကဇာတ်ကောင်ဖြစ်သည်။ ထမနဲပွဲကြောင့် တပို့တွဲလသည် ပိုမိုအသက်ဝင်လာပြီး မြန်မာလူမျိုးတို့၏ ကျက်သရေကိုပါ တင့်တယ်ထည်ဝါစေပါသည်။ ရွှေဆံတော် စေတီတော်မြတ်ကြီးတွင် ထမနဲထိုးပြိုင်ပွဲကို နှစ်စဉ် တပို့တွဲလဆန်း ၁၄ ရက်တွင် ကျင်းပကြသည်။ နံနက် ၇ နာရီမှ စတင်ပြီး ထမနဲထိုးချိန် တစ်နာရီအတွင်း ယှဉ်ပြိုင်ရသည်။ ထမနဲထိုးရာတွင် မန်လည်ဆရာတော်ကြီး၏ စာချိုးနှင့်အညီ "ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်၊ တစ်စိတ်ဆန်သည် ကောက်ညှင်းကိုလ တစ်ပိဿာဆီ အမှန်သွင်းပါလို့ ချင်းကသုံးဆယ်၊ မြေပဲဖြူလှော်တစ်ခွက်ကယ်နဲ့ အုန်းသီးဆန်အတူ စွတ်ပါလို့ နှမ်းမပျက်ဉ်နည်းနှယ်၊ ရေစင်ကြယ်ပထည့်ထိုး၊ လက်နှစ်သစ်သာပ၊ တွက်စစ်ကာချိန်၊ တစ်ဆယ်ဆားရယ်နဲ့ ၊ အားသစ်လို့ထိုး" ဟူသည့်အတိုင်း ယှဉ်ပြိုင်ကြသည်။ ဆုပေးပွဲကို ပြိုင်ပွဲပြီးသည့် နံနက် ၈နာရီခွဲတွင်ရင်ပြင်တော် မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ တပို့တွဲလပြည့်နေ့ ညံရိုးပူဇော်ပွဲအပြီး နံနက် ၆ နာရီတွင် ဘုရားဖူးလာပြည်သူများကို ပြိုင်ပွဲဝင်များ၏လက်ရာ ထမင်နဲများဖြင့် စတုဒိသာ ကျွေးမွေးကြသည်။ ထမနဲသည် မြန်မာ့ရိုးရာ အစားအစာဖြစ်၍ ဆေးဖက်လည်းပါဝင်ပါသည်။ ဆီနိုင်၍ အပူစာများ ပါဝင်သဖြင့် အလွန်ချမ်းအေး၍ အဆီခြောက်ခန်းချိန်ဖြစ်သော တပို့တွဲလရာသီနှင့် အလွန်သင့်မြတ်လေရာ ဆီနိုင်၍ အပူစာ ထမနဲကို သုံးဆောင်လျှင် အသားအရေစိုပြည်၍ အပူဓာတ်ရလာသည်ဟုဆိုသည်။

စတုဒိသာထမနဲများ သုံးဆောင်ပြီးသည်နှင့် ဘုရားဖူးပြည်သူများသည် ပြည်မြို့ တစ်ဖက်ကမ်းရှိ ဖိုးဦးတော်သို့ စက်လှေများဖြင့် ဆက်လက်ဘုရားဖူးချီတက် ကြသည်။ ဖိုးဦးတောင်တော်သည် မြတ်စွာဘုရား ကြွလာပြီး ဗြာဒိတ်တော်ပေးတော်မူခဲ့သည့်နေရာလည်းဖြစ်ပြီး ပျူရှင်ဘုရင် ဒွတ္တပေါင်မင်းကြီးနှင့် ဗိဿနိုးပန်ထွာမိဖုရားတို့၏ ဘဝဟောင်းကပွေးဖို ပွေးမတို့ နေထိုင်ကျက်စားခဲ့ရာ နေရာလည်းဖြစ်သည်။ ဖိုးဦးတောင်စေတီကို ဖူးမြော်ရင်း ဧရာဝတီမြစ်နှင့် သဘာဝတောင်စွယ်တောင်တန်းများ၏ လွမ်းမောဖွယ်ရာ ရှုခင်းများကို ကြည့်ရှုနိုင်ပါသည်။

ပြည်မြို့နှင့် အနီးတစ်ဝိုက်တွင် နေထိုင်သော ကျောင်းသား၊ ကျောင်းသူ လူငယ်များ အတန်းတင်စာမေးပွဲနီးလာသည့် ဤလရာသီတွင် ဉာဏ်ရည်ကောင်းစေရန် ညံရိုးပူးဇော်ရင်း အအေးဓာတ်ကို အံတုသည့် ဓာတ်စာထမနဲများ သုံးဆောင်ကာ စိတ်အပန်းဖြေသွားရောက်သည့် ဤဘာသာရေးပွဲတော်ကြီးကို ယနေ့အထိ ထိန်းသိမ်းလာခဲ့သည်မှာ အံ့မခန်းသည့် ဓလေ့တစ်ခုပင်ဖြစ်သည်။

## နိုင်ငံရွှေဘုံသွင်း စာမျက်နှာ ၂၀မှ

ဗိုလ်ချုပ်သည် ပြန်ရောက်လျှင်ရောက်ချင်း ပြည်နယ်၊ ပြည်မ ညီညွတ်ရေးကို အပြင်းအထန်ကြိုးစားလေသည်။ ထိုစဉ် ဗြိတိသျှအစိုးရ၏ လူယုံတော် ခနသဟာယ ဒုတိယအတွင်းဝန်မစ္စတာဘော်တွန်မလီ အစရှိသည်တို့ကလည်း ပြည်နယ်၊ ပြည်မ ခွဲရေးကို အစွမ်းကုန် ကြိုးစားနေလေသည်။ တောင်တန်းသားတို့နားယောင်ပြီး ညီညွတ်ရေး ပျက်ပြားစေရန်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံလွတ်လပ်ရေးခေါင်းဆောင်ကြီးများကမူ တောင်တန်းဒေသကို ချွင်းချန်ပြီး လွတ်လပ်ရေးကို မည်သို့မျှမယူလို။ ထို့ကြောင့် ပြည်မနှင့် တောင်တန်းဒေသ ညီညွတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင်ကာ ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းဗဟိုချက်ကျကျတွင်ရှိသော ပင်လုံမြို့တွင်(ပင်လုံညီလာခံ)ကြီးကို ကျင်းပလေသည်။ မြန်မာပြည်မမှ ဖ. ဆ. ပ. လ ကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွတ်၊ ဗိုလ်ခင်မောင်ကလေး၊ ရှမ်းပြည်နယ်ကိုယ်စားလှယ်အဖြစ် ညောင်ရွှေစော်ဘွား စပ်ရွှေသိုက်နှင့် မိုင်းပွန်စော်ဘွား စပ်စံထွန်း၊ မြောက်ပိုင်း သိန္နီစော်ဘွား၊ ကချင်ပြည်နယ်မှ ဆမားဒူးဝါးဆင်ဝါးနောင်၊ ဦးဝမ်းကိုဟော၊ ဦးသောင်းဇာခုပ်(တီးတိန်)၊ ဦးခွန်စော(ပင်းတယ) စသည်ခေါင်းဆောင်များ တက်ရောက်သည်။

ထိုညီလာခံတွင် တောင်တန်းဒေသရှိ တိုင်းရင်းသား လူမျိုးများသည် မြန်မာတို့နှင့် တစိတ်တဝမ်းထဲပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် သူ့ကျွန်ဘဝမှ လွတ်မြောက်ခြင်းဆိုသည့်လွတ်လပ်ရေးကြီးကို အကူအညီရရှိတော့မည်ဖြစ်ကြောင်း မြန်မာလူမျိုးများ ရရှိခံစားမည့်အကျိုးခံစားခွင့်နှင့်အညီ ရှမ်း၊ ချင်း၊ ကချင်၊ ကယားစသော တိုင်းရင်းသားလူမျိုးစုများလည်း ရရှိခံစားရမည်ဖြစ်ကြောင်း စသည်တို့ကို အပြေအလည်ဆွေးနွေးကြသည်။

သို့တိုင်အောင် နယ်ချဲ့ပယောဂ၏ ဝင်ပူးပေါင်းမှုကြောင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ ဆွေးနွေးပွဲမှာပြီးပြတ်နိုင်ခြင်းမရှိပေ။ ရှမ်းစော်ဘွားများ ခေါင်းချင်းရိုက်နေသည်။ နောက်တစ်နေ့ ဖေဖော်ဝါရီလ ၁၁ ရက်တွင်မှ စော်ဘွား အချို့တို့၏ လိုလားချက်တောင်းခံလွှာ ဗိုလ်ချုပ်ထံရောက်ရှိလာသည်။ သို့ရာတွင် တိုက်ရိုက်ပေးခြင်းမဟုတ်ဘဲ ဒိုမီနီယံအတွင်းဝန် ဘော်တွန်မလီထံမှ တစ်ဆင့်ရောက်လာခြင်းဖြစ်သည်။

ထိုနေ့မှာဗိုလ်ချုပ်က ကရုဏာဒေါသောဖြင့် တောင်တန်းဒေသနှင့် ပြည်မကြီး ညီညီညွတ်ညွတ်ပူးပေါင်းကြရန် အကျယ်တဝင့် မိန့်ကြားပြီးနောက် "ခင်ဗျားတို့ တောင်တန်းဒေသကို မြန်မာနှင့်အတူ လွပ်လပ်စေချင်တယ်။ ဘယ်သူ့ကျွန်မှ မဖြစ်စေချင်ဘူး။ ကျွန်လည်း မဖြစ်စေချင်ဘူး" ဟူ၍ ပြတ်ပြတ်သားသားပြောခဲ့ လေသည်။ သည်တော့မှ ဗိုလ်ချုပ်၏ စေတနာကို လေးစားယုံကြည်သော တောင်တန်းဒေသခေါင်းဆောင်ကြီးများသည် တောင်တန်းဒေသများ ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူခဲ့လေသည်။

သို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် တောင်တန်းဒေသနှင့် ပြည်မကြီးသွေးစည်းညီညွတ်ခြင်း ပင်လုံစာချုပ်ကြီးကို ကိုယ်စားလှယ် (၃၁) ဦးသည် ခနသဟာယ ဒုတိယ အတွင်းဝန် မစ္စတာဘော်တွန်မလီစသော ဗြိတိသျှ ကိုယ်စားလှယ်တို့၏ ရှေ့မှောက်မှာပင် လက်မှတ်ရေးထိုးခြင်းဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ ညီညွတ်ခြင်းကို မော်ကွန်းတင် အောင်ပွဲသဘင်ခံကြလေသည်။

ဘယ်သူခွဲခွဲ ထာဝရ တို့မကွဲကြစတမ်းပေါ့။

ထိုအချိန်မှာ စာရေးသူအဖိုး၏စိတ်အသိတစ်ခုက သူ၏ အနုပညာပိုးဟုဆိုရလိမ့်မလား။ မျိုးချစ်စိတ်နှင့် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုလိုသည့်စိတ်နှင့် စာပေမှတ်တမ်းပြုလိုသည့် စိတ်များ ထင်းထင်းပေါ်လာဟန်ရှိပါသည်။

သူ၏ မိတ်ဆွေရင်းချာဖြစ်သော ဘုန်းတော်ဘွဲ့ မြမန်းဂီရိနှင့် နှီးနှောကာ တေးတစ်ပုဒ်ကိုရေးထုတ်ခဲ့မိခြင်းဖြစ်ပါလိမ့်မည်။ အဖိုး၏ ကျောင်းသားတပည့်ဆိုသူများထံမှ ကြားသိခဲ့ရခြင်းနှင့်အတူ အဖိုး၏ ဘဝစာမျက်နှာများဖြစ်သည့် ဒိုင်ယာရီတွင်တွေ့ရသောထိုတေးသွားကိုရေးသားဖော်ပြလိုက်ပါသည်။

နိုင်ငံအတွက် အသုံးတည့်လိမ့်မည်ဟုလည်းထင်ပါသည်။

**မြန်မာပြည်တစ်ဝှမ်းလုံး တေဇာပြောင် တိုင်းတည်ထောင်**
**ဂုဏ်ထူးကျက်သရေဆောင်။**
**(အာ)ဇာနည်ဆို ဗိုလ်မင်းရောင်နွယ်တော်ရင်း**
**စံ… စံနမူ..ပြည်သူ … ပြည်သူ …**
**ဦးညွှတ်အလေးပြုရင်း။**
**တေဇ တိုးလို့ဖြိုးဝေ တိုင်း၌ာနေ အောင်စေ အောင်စေ**
**လွပ်လပ်ဖို့မယွင်း …။**
**တောင်ပေါ် မြေပြန့် မခွဲ… မခွဲ၊ မခွာ၊ မခြား တသားထဲ**
**နေမှာ အတူ … အတူ.. အတူတွဲလို့ပျော်စံရာ**
**သော်တာငွေလျှံ မျိုးမြတ်ဆန္ဒ ရွှေနန်းဘုံတော်ရောက်ရာ**
**ရွှေကိုယ်တော် ပြည်တော်… ပြည်တော်နိုင်ငံ ရွှေဘုံသွင်း**
**ဆန်းမူယာ အောင်ဆန်း သခင်အောင်ဆန်း**
**ဗိုလ်အောင်ဆန်း နမူနာ အတုယူစရာ သူတကာရွှေခပင်း**
**ရွှေနန်းဘုံတော် နန်းလျော်စံပျော်ခင်း တေဇာတိုးလို့ဖြိုးဝေ**
**တိုင်း၌ာနေ အောင်ဇေယျာပြည့်မင်း …။**

# ထီးလင်းမြို့နယ် လုံးပေါင်ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်



**ထီးလင်း ဖေဖော်ဝါရီ ၁၀**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် လူထုဗဟိုပြု စီမံကိန်း လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ မြို့နယ်ရုံးတွင် ဆွေးနွေးညှိနှိုင်းခြင်း၊ မြို့နယ်အဆင့် လုပ်ငန်းသင်တန်းဖွင့်လှစ်ခြင်းအပြင် ဖေဖော်ဝါရီပထမပတ်က လုံးပေါင်ကျေးရွာ စာသင်ကျောင်းတွင် ကျေးရွာနေပြည်သူများအား လုပ်ငန်းဆိုင်ရာများ မိတ်ဆက်ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ယင်းသို့ရှင်းလင်းရာတွင် မကွေးတိုင်းဒေသကြီး စီမံကိန်းတာဝန်ခံ ဦးသန်းထိုက်ဇော်က လူထုဗဟိုပြု စီမံကိန်း၏အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ စီမံကိန်းရလဒ်၊ အကောင်အထည်ဖော်မည့်ပုံစံများ၊ ကျေးရွာစီမံခန့်ခွဲရေး အဖွဲ့ရွေးချယ်ခြင်း၊ စီမံကိန်းကို အဆင့် ၁၄ ဆင့်နှင့် လေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေတို့ကိုလည်းကောင်း၊ နည်းပညာအကြံပေး ဦးသန်းနိုင်က စီမံကိန်းနှင့်ပတ်သက်သည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အဆိုပါ အဖွဲ့သည် ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ လုပ်ငန်းများဆောင်ရွက်နိုင်ရေးနှင့် လိုအပ်ချက်များအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထီးလင်းမြို့နယ်၌ ကျေးရွာလေးရွာတွင် စီမံကိန်းလုပ်ငန်းများ စတင်နေပြီး မိတ်ဆက်ရှင်းလင်းခြင်းနှင့် သင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ (၄၆၅)

TAW WIN CENTRE

TAW WIN FAMILY CO.,LTD

# တော်ဝင်မိသားစု ဆိုက်ဒိသာအလှူ

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၁၂ ) ရက်၊ ပြည်ထောင်စုနေ့၊ နံနက်( ၁၀ း ၀၀ )တွင် တော်ဝင်စင်တာ၌ ဖံပေါက် နှင့် အအေး ကုသိုလ်ယူ တိုက်ကျွေး လှူဒါန်း မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက် သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု၊ တော်ဝင်ဂါးဒင်းဟိုတယ်မိသားစု




# POLAR FROST® Pain Relieving Cold Gel

Polar Frost Pain Relieving Gel သည် ကျိုးပေါင်းဖြစ်ခြင်း၊ အကြောတက်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ အရိုး၊ အကြော နှင့် ပတ်သက်သော ရောဂါများ။ အဆစ်အမြစ်ရောင်ခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာ ရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

150ml Tube | 75 ml Roll on | 5g sachet | 500ml Pump

5g နှင့် 500ml pump ဗူးများကို ဖုန်း - ၀၉-၅၁၀၈၃၈၄ တွင် ရောင်းချပေးပါသည်။

CE Approved | FINLAND | FDA

MM Reg No. 1809AA6180

MADE IN FINLAND

- City Mart ဆိုင်ခွဲများ ၊ စိန်ဂေဟာဆိုင်ခွဲများ ၊ CAPITAL hypermarket ၊ Gandamar Wholesale ၊ RUBY MART ၊ ဦးမြသန်းဆေးဆိုင်(ရွှေမင်္ဂလာဈေး) ၀၉-၅၁၀၈၃၈၄

M9 PUBLIC CO.,LTD.

SAMSUNG

## Samsung Pre Summer Promotion

Samsung တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လေအေးပေးစက်များ ဝယ်ယူပြီး ချက်ချင်းလက်ငင်းငွေသားလက်ဆောင်၊ ပစ္စည်းလက်ဆောင်များ ရယူလိုက်ပါ....



UA32J4003 AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး ချက်ချင်းလက်ငင်း ငွေသားလက်ဆောင်
20,000 KS.
ထုတ်ယူလိုက်ပါ



WA12J5710SG (12Kg)
ဖော်ပြပါပစ္စည်းဝယ်ယူပြီး ချက်ချင်းလက်ငင်း ငွေသားလက်ဆောင်
30,000 KS.
ထုတ်ယူလိုက်ပါ



RT20FGRVDSA (Two Doors)
ဖော်ပြပါပစ္စည်းဝယ်ယူပြီး ချက်ချင်းလက်ငင်း ငွေသားလက်ဆောင်
20,000 KS.
ထုတ်ယူလိုက်ပါ

10 - 2 - 2017
to
10 - 3 -2017



RR19SA/UT (One Door)
ဖော်ပြပါပစ္စည်းဝယ်ယူပြီး ချက်ချင်းလက်ငင်း ငွေသားလက်ဆောင်
10,000 KS.
ထုတ်ယူလိုက်ပါ



WA10J5713SG (10Kg)
ဖော်ပြပါပစ္စည်းဝယ်ယူပြီး ချက်ချင်းလက်ငင်း ငွေသားလက်ဆောင်
10,000 KS.
ထုတ်ယူလိုက်ပါ



AR10KVFNAWKNUN
Inverter Model(1.0 HP)
FREE GIFT
Microwave Oven (ME711K)



AR13KVFNAWKNUN
Inverter Model(1.5 HP)
FREE GIFT
Microwave Oven (ME711K)

M9 PUBLIC CO.,LTD. မှဖွင့်လှစ်ထားသော Samsung Brand Shops များနှင့် အနယ်နယ်အရပ်ရပ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

www.facebook.com / M9 Group Co.,Ltd M9 PUBLIC CO.,LTD. Authorized Master Distributor of SAMSUNG 09-977233151 , 09-977233144













နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ-(154)၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
စတော်မီကားမျိုးစုံဖြင့်Manual & Auto
နှစ်မျိုးစလုံးသင်ကြားပေးပါသည်။




| အား | က | စား | မြှင့် | တင် | စိတ် | လန်း | ရွှင် | ဆန့် | ကျင် | မူး | ယစ် | ဆေး |
|---|---|---|---|---|---|---|---|---|---|---|---|---|

# ကြော်ငြာ


**Rising Tide Travel & Tours ၏ အတာသကြံန်ခရီးစဉ်များ** (UMTA)

| | | | |
|---|---|---|---|
| ကိုရီးယား | (၇ည/၈ရက်) | Apr 12 to 19 | ⇨USD 1850 |
| စင်္ကာပူ | (၄ည/၅ရက်) | Apr 13 to 17 | ⇨USD 850 |
| ဘန်ကောက်-ပတ္တရား-အယုဒ္ဓယ (၅ည/၆ရက်) | | Apr 12 to 17 | ⇨USD 650 |

| | | | |
|---|---|---|---|
| ဂျပန် | Apr 12 to 19 | ဗီယက်နမ် | Apr 12 to 15 |
| ဥရောပ(၃နိုင်ငံ) | Apr 12 to 22 | ထိုင်ဝမ် | Apr 13 to 18 |
| ဥရောပ(၆နိုင်ငံ) | Apr 9 to 22 | ဒူဘိုင်း-အဘူဓါဘီ | Apr 12 to 18 |
| အမေရိက | Apr 8 to 22 | အိန္ဒိယ | Apr 13 to 20 |

Early Bird Promotion USD 30 (Only Korea) (until feb 28)

ခရီးစဉ်အားလုံးအတွက် လေယာဉ်လက်မှတ်၊ ဗီဇာကြေး၊ ဝင်ကြေးများ၊ ကားခ၊ အစားအသောက်၊ ဟိုတယ်၊ Tour Leader၊ Guide နှင့်ပြည့်စုံသော ဝန်ဆောင်မှု။

No.103, 5th Floor, Room(5-8), Kyun Taw Road, Sanchaung Tsp., Yangon.
09 254 757 722, 09 312 500 70, 09 452 122 277
Hotline 09798335531, 09798335532
sales@risingtidetravels.com

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ရွှေလမ်းညွှန်**
ရွှေတော်ဘော်၊ မကွေး၊ မင်းဘူး၊ ပြည် (၃)ရက်
မန္တလေး၊ မုံရွာ၊ အလောင်းတော်ကဿပ (၃)ရက်
37000Ks
အားခါ၊ မြဝတီ၊ မဲဆောက် (၃)ရက် 75000Ks
Feb 24
09-420087371, 09-262705136, 09-259302029

**ဓိနိပင်းနှင့်ရောင်းရင်းများ** ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
မော်တင်စွန်းဘုရားပွဲတော် သို့ 10.2.2017 မှစ၍ အပတ်စဉ်ထွက်ခွာ
▲ ရွှေစက်တော်(၁)ညအိပ်၊ မကွေး၊ မင်းဘူး၊ ဘုရားစုံ (၃)ရက်။ | အပတ်စဉ်-အင်္ဂါ ထွက်ခွာ
▲ ရွှေစက်တော်(၂)ညအိပ်၊ မကွေး၊ မင်းဘူး၊ ပြည်ဘုရားစုံ (၄)ရက်။
▲ ရွှေစက်တော်နှင့် မကွေး၊ မင်းဘူး၊ ပုပ္ပါး၊ ပုဂံ(ရွှေဇီးခုံ)(၅)ရက်။
▲ ရွှေစက်တော်နှင့် မုံရွာ ဘုရားစုံ၊ (အလောင်းတော်ကဿပ) (၅)ရက်။
▲ ရွှေစက်တော်နှင့် မြောက်ဦး၊ စစ်တွေ၊ ပေလဲ၊ ကမ်းနားလမ်း (၇)ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ရွှေတော်၊ ထမ်ခမ်း (၄)ရက်။
▲ လွိုင်ကော်-ထီးဆယ်ခါး ရေတံခွန်ပါ..(၅)ရက်။
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (အလောင်းတော်ကဿပ)(၅)ရက်။
▲ မန္တလေး၊ ပြင်ဦးလွင်၊ [ဒီးဒုတ်ရေပြာတိုင်၊ ကျောက်စိမ်းစေတီ] (၃)ရက်။
▲ အလောင်းတော်ကဿပ (သီးသန့်) ခရီးစဉ် (၃)ရက်။ အပတ်စဉ် - သောကြာနေ့တိုင်း
▲ ပုဂံ၊ ပုပ္ပါး [ရွှေဇီးခုံ]၊ ပခုက္ကူ၊ စလေ (၄)ရက်။
▲ ပုဂံ၊ ပုပ္ပါး [ရွှေဇီးခုံ]၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။
▲ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်ဆဲ (၅)ရက်။
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ဆဲ၊ [မွားလပ္ပီတောင်]၊ ဘားအံ ပူ(၅)ပူ ခရီးစဉ်။
ထုံးဘို အကောက်တောင် ပြည်ဘုရားစုံ (စနေ)
ဇလွန် (တနင်္ဂနွေ)
www.facebook.com/ ဓိနိပင်းနှင့်ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေး သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
အမှတ်- ၂၇၅၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်) 01-249871, 255553, 09-5137245, 09-5122511

**Fully Light Travels & Tours** ပြည်ပခရီးသွားလိုင်စင်အမှတ် (ပခ-၀၁၅၂)

စင်္ကာပူ-ဘင်တန်(အင်ဒို)ကျွန်း (၅ရက် ခရီးစဉ်)
13-17/Apr/2017
1150 USD

ဗီယက်နမ် (၅ရက် ခရီးစဉ်)
ဟန္နိုင်း-ဟာလောင်းဘေး
14-18/Apr/2017
590 USD

ထိုင်ဝမ် (၈ရက် ခရီးစဉ်)
တိုင်ပေ-တိုင်ကျုံး-တိုင်တုံး-ကောင်းရှုံ-ဟွာလန်-ရီလန်-တိုင်ပေ
12-19/Apr/2017
1350 USD

ကွေ့လင် (၈ရက် ခရီးစဉ်)
နန်နင်း-ကွေ့လင်-ရန်ဆော့
12-19/Apr/2017
1400 USD

သင်္ကြန်ရက် ခရီးစဉ်များကို ဝယ်ယူနိုင်ပါပြီ

ချင်းမိုင် (၄ရက် ခရီးစဉ်)
ချင်းမိုင်၊ ချင်းရိုင်၊ ရွှေတြိဂံခရီးစဉ်
14-17/Apr/2017
560 USD

လိပ်စာ - အမှတ်(၈၀၁)၊ ဒဂုံစင်တာ(၁)၊ မြေနီကုန်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်းနံပါတ်-၀၁-၅၀၃၈၁၅၊ ၀၁-၅၁၆၉၃၂၊ ၀၁-၅၁၆၉၈၅၊ ၀၁-၅၀၃၈၁၅
၀၉-၄၂၀၁၁၃၀၈၅၊ ၀၉-၇၈၉၈၈၈၈၉၃၊ ၀၉-၂၆၅၇၉၉၉၉၆

ဟောင်ကောင် (၈ရက် ခရီးစဉ်)
ဟောင်ကောင်-စိမ်းဂျိတ်-ကွမ်ဂျိုး-ကျူဟိုင်-မကာအို-ဟောင်ကောင်
14-21/Apr/2017
1650 USD

ပီကင်း (၁၁ရက် ခရီးစဉ်)
ပီကင်း-နန်ကျင်း-ပူစည်-ဟန်ကျိုး-ရှန်ဟဲ
13-23/Apr/2017
2000 USD

**STANDARD**
your affordable quality
နှစ်သစ်အတွက် ကျွန်းမခြင်း လက်ဆောင်




Healthy ION Wood Floor
Healthy ION Vinyl Floor
Special Offers
Skirting
အပြီးအစီး လက်ဆောင်
Decorated Materials Sales & Installations
အရည်အသွေးနှင့် စျေးနှုန်းကိုက်ညီစွာ ဝယ်ယူနိုင်သည်
09 4555 444 30, 09 4555 444 03
အမှတ် B1-012, ဗညားဒလလမ်းမပေါ်၊ ယုဇန ပလာဇာ အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်

**ROYAL ART MEDIA**
ဓါတ်ပုံနှင့် ဗီဒီယို ရိုက်ကူး၊ တည်းဖြတ်ရေး
01-391020, 09-73049820 09-450003870

**နွေ ဆရာကျော်** (ရန်ကုန်တက္ကသိုလ်) (မူ၊ လယ်၊ ထက်)
စာစီစာကုံးနှင့် သဒ္ဒါသင်တန်း
မတ်လ သန်းစပြီ
(၈၊ ၉၊ ၁၀) သင်္ချိုးကုန် တန်းခွဲများ

**GLOBAL PHOENIX**
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

**Khine** ကိုရီးယား ဘာသာသင်တန်းကျောင်း (ကျောင်းခွဲ ရှိပါ)
ကိုရီးယားနိုင်ငံတွင် လစာသိန်း(၂၀)ဝန်းကျင်ဖြင့် အလုပ်လုပ်ရန်
- လုပ်ငန်းအတွေ့အကြုံ ပညာအရည်အချင်း မလိုပါ။
- E.P.S (TOPIK) စာမေးပွဲအောင်မြင်ရန်သာ လိုပါသည်။
- စာမေးပွဲ Form တင်ခြင်း၊ ပတ်စပို့စ်လျှောက်ခြင်း၊ ဆေးစစ်ခြင်းအားလုံး ကျောင်းမှ စီစဉ်ပေးပါမည်။
- တစ်ကြိမ်တည်းဖြေဆိုအောင်မြင်ရန် အထူးတန်းခွဲများဖြင့် ထိရောက်စွာသင်ကြားပေးပါသည်။
- နယ်ကျောင်းသားများ အဆောင်နေ/စား စီစဉ်ပေးမည်။

အမှတ် - (၁၁၁)၊ ၁၅လမ်း(အလယ်)၊ ၃-ထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-73026940, 09-250641687, 09-5162790




ကြော်ငြာ


February (18 , 19)
နှစ်ရက်တည်းသာ

PRECIOUS
GEMS & JEWELLERY
9th Anniversary Sales

Colour D,E,F Clarity IF, VVS1 ရှိသော စိန်များကိုသာ အသုံးပြု၍ Thai ပန်းထိမ်ပညာရှင်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများအား စိန်ချိန်၊ စိန်အရည်အသွေး၊ ရွှေချိန်၊ ရွှေအရည်အသွေးများကို အာမခံဖြင့် ရောင်းချပေးနေပါသည်။

Promotion ရက်အတွင်း အထူးဈေးနှုန်း(Discount)များဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

အမှတ်(၂၉)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းလမ်းဆုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၄၆၆၄၅၊ ၀၉-၇၃၀၁၃၀၆၀

"တိုးတက်လာသည့် ပညာရေးအတွက် ထူးချွန်ထက်မြက်သူများ စုံစည်းရာ"

မြို့မဂုဏ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက-၁၃/၂၂/၂၃၆



☆ အရည်အချင်းစစ်မှန်သည့် ပညာတတ်တစ်ယောက်ဖြစ်ရန် "မြို့မဂုဏ်" ကျောင်းတော်ဆီသို့ အရောက်လှမ်းခဲ့ပါ.....
☆ သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ.....

အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
PH: 09-781900186, 09-781900187






# ကြော်ငြာ

## ဦးကျော်သင်း (ရမ်းဗြဲ)
**ကျောင်းဆရာ(ငြိမ်း) (အထက-၂၊ အလုံ)**
**အသက် (၈၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၅၂)၊ လမ်း(၁၃၀)နေ [ဦးကျော်ဇံ (တရားလွှတ်တော်ရှေ့နေ-ဒေါ်အေးသာ)]၏ သား၊ (ဒေါ်သိန်းမေ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာဦးကျော်အေး-ဒေါက်တာမမတင်)၏ ညီ၊ ဦးကျော်လွင်သိန်း၊ (ဦးကျော်မြင့်သိန်း)-ဒေါ်မိမိ၊ ဦးကျော်ခိုင်-ဒေါ်ခင်မေသင်း (အလက-၂၊ ဒဂုံ)၊ ဒေါ်မေသင်းကြူ (အထက-၂၊ ဒဂုံ) (မြို့မ)၊ ဦးကျော်ယဉ်သိန်း-ဒေါ်နီလာတို့၏ ဖခင်၊ ဦးအောင်ထွန်းကျော်-ဒေါ်ခင်သန္တာစိုး တို့၏ ဦးလေး၊ မောင်အောင်စည်သူဝင်း-မသဇင်သင်း၊ မောင်ဘိုဘိုအောင်-မသန္တာကျော်၊ မောင်ဟိန်းပြည့်စုံကျော်၊ မသင်းအိန္ဒြာကျော်တို့၏ အဘိုး၊ မောင်ပြေဟိန်းထက်၊ မောင်လင်းထွဋ် တို့၏ အဘေးသည် ၁၀-၂-၂၀၁၇ (သောကြာနေ့) ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးအစ္စလာမ်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**စန္ဒရားကွန်းဇော် (ရန်ကုန်မြို့)**
**အသက် (၇၂)နှစ်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှကျွမ်းကျင်သူဒေါ်လဲ့လဲ့ဝင်း (တက္ကသိုလ်လဲ့လဲ့)၏ ခင်ပွန်း စန္ဒရားကွန်းဇော် သည် ၈-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင့်ဆွေနှင့် ဒေါ်နီလာသွင် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူး သူရိန်ကျော်(ငြိမ်း)
**ဌာနမှူး၊ တိ-ကုဌာနနှင့် ကျန်းမာရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မိသားစုသဖွယ် ချစ်ခင်ရင်းနှီးရပါသော ညီမလေး ကလျာ၏ ချစ်ခင်ပွန်း ညီလေး ကိုသူရိန်ကျော် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင့်ဆွေနှင့် ဒေါ်နီလာသွင် မိသားစု**

## ဦးသိန်းအောင် (၈၂) နှစ်
**သုံးဆယ်မြို့**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ်(၂၀၁)နေ (ဦးကျော်ဒင်-ဒေါ်ခင်ညွန့်)တို့၏သား၊ ဒေါ်စန်းကြည်၊ ဒေါ်ခင်သန်းမြင့်တို့၏ မောင်၊ (ဦးလှမြင့်)၊ ဦးမြင့်ဇော်-(ဒေါ်ရင်ရင်အေး)၊ ဒုဗိုလ်မှူးကြီးလှအောင် (ငြိမ်း) - ဒေါ်သွယ်သွယ်သိန်းတို့၏ အစ်ကို၊ တူမနှစ်ယောက်၊ တူနှစ်ယောက်တို့၏ဦးလေး၊ မြေးငါးယောက်တို့၏အဘိုး ဦးသိန်းအောင်သည် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စန်းရီ (၈၂)နှစ်

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၈၃၂)၊ ငါးလွှာနေ (ဦးရင်ဟီ-ဒေါ်ကြွေ)တို့၏ သမီး၊ (ဦးဝင်းအောင်)၏ ဇနီး၊ ဒေါ်မြင့်မြင့်ဝင်း-ဦးခင်မောင်ထူး၊ ဒေါ်ခင်ခင်မိုး-ဦးစိုးပိုင်၊ ဦးကျော်ကျော်မင်း၊ ဦးအောင်ဇော်မင်း-ဒေါ်လှလှမေ၊ ဦးထွန်းထွန်းမင်း-ဒေါ်နီနီအေးတို့၏ ချစ်လှစွာသော မိခင် မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၀-၂-၂၀၁၇ (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မအေးအေးစိုး (၃၁) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၉)လမ်း၊ အမှတ်(၂၈၄)နေ (ဦးမြမောင်-ဒေါ်တင်မေ)၊ (ဦးစိန်ဖေ)-ဒေါ်မြသန်းတို့၏မြေး၊ ဦးညွန့်ဟန်၊ (ဦးအေးမြင့်)-ဒေါ်ကြည်ငွေ၊ ဦးစိန်ဝင်း-ဒေါ်စန်းမြင့်၊ ဦးဝေလွင်၊ ဦးမျိုးသန်းဦး-ဒေါ်ခင်ချိုချို၊ ဦးဝင်းမြင့်-ဒေါ်သူဇာဝင်းတို့၏တူမ၊ ဦးသင်မောင်မောင် - ဒေါ်ခင်ခင်ငွေ၊ (မောင်ဖြိုးသက်အောင်)တို့၏ ညီမ၊ မောင်ထက်နိုင်လင်း၏အစ်မ၊ မယုယမေမောင်၊ မဖြူစင်မေမောင်တို့၏ အဒေါ်၊ (ဦးဝင်းနိုင်)-ဒေါ်ချစ်ချစ်တို့၏ သမီးသည် ၉-၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း ဒါယိကာမကြီး**
## ဒေါ်ဝင်းနိုင် (၆၁)နှစ်
**သားဖွားဆရာမ(ငြိမ်း) ဖျာပုံမြို့**

ဖျာပုံမြို့နေ(ဦးကုလား-ဒေါ်နု)တို့၏ သမီး၊ ခရမ်းမြို့နယ်၊ ရိုးကြီးခင်တန်းကျေးရွာနေ (ဦးစံထွန်း)-ဒေါ်မြသိမ်းတို့၏ သမီးချွေးမ၊ ဆရာလေးဒေါ်သုတ (ဒေါ်သန်းသန်းဝင်း)၊ (ဒေါ်လဲ့လဲ့ဝင်း)၊ ဒေါ်အေးမိတို့၏ ညီမ၊ ဦးအေးသန်း-ဒေါ်ချယ်ရီ၊ ဒေါ်မာလာ၊ ဒေါ်ခင်ညွန့်ဝေတို့၏အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၂)၊ ပထမထပ်နေ ဦးမြင့်အောင် (ပုဇွန်တောင် တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသော ဇနီး ဒေါ်ဝင်းနိုင်သည်၁၀-၂-၂၀၁၇(သောကြာနေ့) နံနက် ၅း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးရှိန်းလိန်းမာန်(မင်းတပ်)
**အသက် (၅၃)နှစ်**

ချင်းပြည်နယ်၊ မင်းတပ်မြို့နေ (ဦးထန်းခီ့ရှိန်း-ဒေါ်မှန်အွယ်)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ်(၂၂)နေ (ဦးKGရှိန်း)-ဒေါ်ခင်အုန်းကြည်၊ မင်းတပ်မြို့နေ (ဒေါ်ရှိန်းအွယ်ယ)-ဦးဂေလိန်းယွမ်း၊ ရန်ကုန်မြို့နေ (ဒေါက်တာရှိန်းအောင်ငိုင်း)-ဒေါ်ရီရီမြင့်၊ ဦးရှိန်းလန်း-ဒေါ်ကြည်ကြည်မြ၊ ဦးဟန်ထွန်း-ဒေါ်ရှိန်းငိုန်း၊ (ဦးရှိန်းယော)-ဒေါ်မြင့်မြင့်သိန်း၊ (Capt. ရှိန်းဟုန်ထွန်း) - ဒေါ်အင်လွန်းကျိန်းတို့၏ ညီ/မောင်၊ ဦးရှိန်းလိန်းမာန်သည် ၁၀-၂-၂၀၁၇ ရက် နံနက် ၅ နာရီတွင် စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ်(၂၂)၊ နေအိမ်၌ ကွယ်လွန်သွားပြီဖြစ်ပါသဖြင့် ၁၂-၂-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၇ (ကြာသပတေးနေ့) တွင် စမ်းချောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အာနိသ

**ဘုရားရဟန်းကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ခင်စီ(ပန်းတနော်)
**အသက်(၉၃)နှစ်**
**စား/ဖျော် (ငြိမ်း)**

ပန်းတနော်မြို့နေ မြို့အုပ်မင်း(ဦးမြ-ဒေါ်ဖွားဖြူ)တို့၏ သမီးထွေး၊ (ဦးစိန်တင့်)-ဒေါ်ငွေလှိုင် (ငါးဦးစီး-ငြိမ်း)၊ (ဦးကြည်ဝင်း-ဒေါ်မေဖြူအေး) (ပုလဲနှင့်ငါး/ငြိမ်း)၊ (ဦးစိန်အောင်)(သစ်တော-ငြိမ်း)-ဒေါ်တင်တင်ဝင်း၊ ဦးသစ်လွင် (ပြည်လုံးချမ်းသာ)-ဒေါ်မေသန်းအေး(ငါးဦးစီး) ဦးမောင်မောင်ဝင်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်မေသန်းငွေ(ဆက်သွယ်ရေး-ငြိမ်း)၊ ဒေါ်မေမြအေး(ဆက်သွယ်ရေး-ငြိမ်း)၊ ဆရာဦးချိုမင်း-ဒေါ်မေနွယ်အေး (အထပြ-၆၊ဗိုလ်တထောင်)၊ (ဦးတက်ထွဋ်) တို့၏ ချစ်လှစွာသော ကျွေးမိခင် ဒေါ်ခင်ခင်စီ (ပန်းတနော်)သည် ၁၀-၂-၂၀၁၇ (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် အမှတ်-၁၉၊ သုံးလွှာ(B) သီရိလမ်း၊ စမ်းချောင်းမြို့နယ်နေ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)**
## ဦးစောအေး (၈၃) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပြဟ္မစိုလမ်း၊ အမှတ်(၇၈၆/က)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ရာသက်ပန်အသင်းဝင်ဖြစ်သူ ဒေါ်ခင်သိန်း(အတွင်းရေးမှူး-၃)၏ဖခင် ဦးစောအေး(စ/၃၆) သည် ၉-၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ (စနေနေ့) ညနေ ၄ နာရီတွင်ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီနှင့် ကျောက်မြောင်း၊ မြို့သစ်(၁) လမ်း၊ (EPC)ရုံးရှေ့မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်ဖြစ်ပါ၍ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးအေးကျော် (၇၄)နှစ်
**(အိုး/အိမ်၊ ငြိမ်း)(Suntac Co.,Ltd.)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ TCC ရိပ်သာလမ်းသွယ်၊ အမှတ်(၅၀၁/စီ-၁)နေ ဦးညွန့်မောင်-ဒေါ်ကြင်မြတို့၏သား၊ ဦးမြစော-ဒေါ်ကြည်၊ ဒေါ်စုစု(ခ)ဒေါ်ခင်စုတို့၏ ညီ/မောင်၊ ဒေါ်ခင်သိန်းမြင့်(အိုးအိမ်-ငြိမ်း)၏ခင်ပွန်း၊ ဦးချမ်းမြေ့ကျော် (Suntac E&C)-ဒေါ်ဆုမွန်ဦးတို့၏ ဖခင် မောင်အောင်ဘုန်းမြတ်ဦး၏ အဘိုးသည် ၁၀-၂-၂၀၁၇ ရက် ညနေ ၄း၄၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးမြင့်စိုး (၆၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ရွှေကလေးရွာနေ (ဦးလှထွေး-ဒေါ်တင်ကြည်)၊ ဦးထွန်းရ-ဒေါ်ထွေးကြည်တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အမှတ်(၈၁၄)နေ ဒေါ်ခင်မေထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဇော်မိုး-မချောစုအောင်၊ မနှင်းပပမိုးတို့၏မွေးသဖခင် ကျေးဇူးရှင်သည် ၉-၂-၂၀၁၇(ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇(စနေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါအနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရာတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သောင်း (၈၉)နှစ်
**(သီပေါ-ဟိုတယ်/ခရီး၊ ငြိမ်း)**

ရန်ကုန်မြို့၊ ခေတ္တ-အလုံမြို့နယ်၊ (၁၆၈-၁၇၀)၊ အလုံလမ်းနှင့်စမ်းချောင်းမြို့နယ်၊ အမှတ်(၁၅)၊ စမ်းရေတွင်းလမ်းနေ (သီပေါ) (ဦးမာဟုတ်-ဒေါ်နန်းရင်)တို့၏သား၊ ဒေါ်လီလီ(ခ)တင်တင်မြင့်၏ခင်ပွန်း၊ ဒေါက်တာမသီတာ(စမ်းချောင်း)၊ ကိုကျော်သက်(Asiangeo၊စက်ာပူ)-Pamela၊ (မောင်ဝင်းအောင်)၊ မနီလာတို့၏ဖခင် ဦးမြင့်သောင်းသည် ၉-၂-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ (စနေနေ့) ညနေ ၃ နာရီတွင်ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အလုံမြို့နယ်၊ အလုံလမ်း၊ (၁၆၈-၁၇၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဆရာကြီးဦးရွှေဖြိုး (မြို့နယ်ပညာရေးမှူး-ငြိမ်း)
**အသက် (၈၉)နှစ်**
**အထက-၁၊ တောင်ကြီး၊ အထက(၁)ကလော၊ အထကရွာမအင်းလေး**
**အထက(၁)လှိုင်လင် တို့၏ ကျောင်းအုပ်ကြီး**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နယ်မြေ(၁၆)၊ သန္တာလမ်း၊ အမှတ်(၉၆)နေ (ဦးမောင်ကြီး-ဒေါ်ငြိမ်းမေ)တို့၏ သား၊ (ဒေါ်အေးကြင်)၊ (ဒေါ်ဖွားသန့်)တို့၏ မောင်၊ (ဦးငွေစိုး)၊ (ဒေါ်ခင်မြသန်း)၊ ဦးညွန့်ဇော်-ဒေါ်အေးလဲ့အောင်တို့၏ အစ်ကို၊ တူ/တူမ ၁၇ ယောက်တို့၏ ဘကြီး၊ မြေး ၁၆ ယောက်တို့၏ အဘိုး ဆရာကြီးဦးရွှေဖြိုး သည် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါ နေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင် ပြီး သရဏဂုံတင်၍ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးစိုးမြင့် (ခ) ဦးစိုးလေး (၇၄)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ စပါယ်လမ်း၊ အမှတ်(၆)နေ (ဦးမောင်သိန်း-ဒေါ်သောင်းရင်)တို့၏သား၊ (ဦးမူကာဂျီ-ဒေါ်မမ)တို့၏ သားသမက်၊ ဦးသန်းထွဋ်-ဒေါ်ချိုလေးမာ၊ ဒေါ်ချိုမာစိုး၊ ဦးလှတင်-ဒေါ်ချိုမာမိုး(ခ)မိုးမိုး၊ ဦးဇော်မျိုးမင်း-ဒေါ်ရွှေဇင်စိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဖူးဖူး၊ အဒင်၊ ကောင်းကောင်း၊ဘိုခန့် တို့၏ အဘိုး၊ ဒေါ်သန်းမြ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၀-၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ဝင်း
**အသက် (၇၀)**
**မြိတ်-ကော့သောင်း**

မြိတ်မြို့နေ (ဦးလှဒင်-ဒေါ်အုံးမေ) တို့၏သမီး၊ ကော့သောင်းမြို့နေ (ဦးကြည်စိန်)၏ ဇနီး၊ ကိုစိုးအောင်-မစန်းစန်းတင့်၊ ကိုထွန်းထွန်း-မကြူကြူစိုး၊ ကိုကျော်နိုင်-မမြဝင်းတို့၏ မိခင်၊ ဖူးဖူးနှင်း၊ လဲ့ယမင်းခင်၊ မေအိမ်နွေး၊ မောင်ကောင်းစွမ်းနိုင်၊ မောင်ကျင်ကျင်း၊ မသန်းသန်းတို့၏အဘွား ဒေါ်တင်ဝင်း သည် ရန်ကုန်မြို့၊ အမှတ်(၄၀)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ၁၀-၂-၂၀၁၇ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်သိန်းမင်းသစ် (၂၁)နှစ်
**Final Part(1)**
**ဆေးတက္ကသိုလ်(၁)**

မကွေးမြို့နေ ဦးကြည်လှိုင်-(ဒေါ်မြရှင်)တို့၏မြေး၊ ဦးအာကာ-(ဒေါ်ကြည်လှ)၊ ဒေါ်ကြည်မြ၊ ဦးခင်မောင်လွင်-ဒေါ်ခင်ထွန်း၊ ဦးခင်မောင်ကြည်၊ ဦးရဲဝင်းစိုး-ဒေါ်ကြည်ကြည်ငွေ၊ ဦးဝင်းဦး-ဒေါ်မိမိနိုင်၊ဒေါ်မြင့်မြင့်လှိုင်၊ ဒေါက်တာအောင်ဖေဝင်း-ဒေါက်တာရတနာထွန်း၊ ဦးစန်းဝင်း-ဒေါ်ငွေငွေဝင်းတို့၏ တူ၊ ကွမ်းခြံကုန်းမြို့နေ (ဦးသာခင်-ဒေါ်သန်းကြည်)တို့၏မြေး၊ ဦးမြင့်သိန်း-ဒေါ်မေသစ္စာခင်၊ ဦးမြင့်သန်း-ဒေါ်တင်တင်စိုးတို့၏တူ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊(၂၇)ရပ်ကွက်၊ ပင်လုံအိမ်ရာ၊ အပိုင်း(၃)၊ နှင်းဆီဥယျာဉ်လမ်း၊ အမှတ်(၈၀)နေ ဦးခင်မောင်သန်း [စက်ရုံမှူး၊ အမှတ်(၂၄) အကြီးစားစက်ရုံ]-ဒေါ်မြင့်မြင့်ဝေ (ကထိက ဓာတုဗေဒ NDRC) တို့၏ ချစ်လှစွာသောတစ်ဦးတည်းသောသား သည် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) ည ၁၁း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့်၁၁-၂-၂၀၁၇(စနေနေ့) ညနေ ၅နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသောင်းဇင် (၇၇) နှစ်
**(ဘီးလင်းမြို့၊ကော့ကဒွတ်ကျေးရွာ)**
**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ပြန်ကြားရေးဝန်ကြီးဌာန-ငြိမ်း၊ ၁၆/၃ ကုံကော် သ/မ ဥက္ကဋ္ဌ)**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်ကျေးရွာနေ (ဦးဘိုးရောက်-ဒေါ်အုန်းရင်)တို့၏ သား၊ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကုံကော်ရိပ်သာလမ်း၊ (၁၆/၃) ရပ်ကွက်၊ အမှတ်(၃၄၇)နေ ဒေါ်ခင်မြရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသန့်ဇင်ဦး-ဒေါ်နုနုအေး၊ ဦးသက်ဇင်-ဒေါ်ငွေငွေလွင်၊ ဦးထွန်းထွန်းဇင်-ဒေါ်စန်းစန်းဝင်း၊ ဦးညီညီဇင်-ဒေါ်ဥမ္မာ၊ ဦးမင်းသူဇင်-ဒေါ်ဝါဝါမြင့်တို့၏ မွေးကျေးဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) ည ၁၁း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းမင်းဇော် (၆၁)နှစ်
**B.Sc (Geology)**
**ဒု-လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**
**ကျောက်မျက်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၁၀၆၄)နေ ဦးခင်မောင်ဝင်း (ငှက်ဖျားတိုက်ဖျက်ရေးမှူး-ငြိမ်း)-ဒေါ်တင်သန်းတို့၏ သားကြီး၊ (ဦးဘရှုံ-ရဲအုပ်၊ ငြိမ်း)-ဒေါ်ငွေအောင်) တို့၏ သားသမက်၊ ဒေါ်ခင်သက်ထား၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းပိုင်စိုး-မလွင်လွင်အောင်၊ ကိုအောင်မင်းဟိန်း၊ မမေသူဟိန်းတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ဇွန်ဝေယံ(အမက-၁၊ ဗဟန်း)၏ ချစ်လှစွာသော အဘိုးသည် ၁၀-၂-၂၀၁၇ (သောကြာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တကောသလ္လဇေမဟာထေရ်
**သိက္ခာတော်(၅၀)ဝါ၊ သက်တော်(၉၅)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ စိန်ရိပ်သာဓမ္မသုခကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တကောသလ္လဇေမဟာထေရ် အရှင်သူမြတ်သည် (၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်)၊ ၁၀-၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား (၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်)၊ ၁၄-၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဒါယကာဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

## ဦးခင်မောင်
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၈)ရပ်ကွက်၊ တိုက်(၄)၊ အခန်း(၁၇)နေ (ဒေါ်သန်းလှ)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်(ငြိမ်း) (ညွှန်ကြားရေးမှူး-စီမံ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ခင်သန်းအိ(စာရင်းစစ်-ငြိမ်း)၊ ဒေါ်အိအိသန်း(မူအုပ်)၊ ဦးသိန်းဇင်-ဒေါ်သန်းသန်းမာ၊ ဦးမြင့်စိုး-ဒေါ်စမ်းစမ်းမော်၊ ဦးအောင်ဇင်ဦး-ဒေါ်စမ်းနွဲ့တို့၏မွေးသဖခင်၊ မြေး၂၀ယောက်တို့အဘိုးသည် ၉-၂-၂၀၁၇(ကြာသပတေးနေ့) ည၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်မောင်း (သန်လျင်) (၈၅)နှစ်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ အမှတ်(၃၄)၊ ရွှေဝါလမ်းနေ (ဒေါ်သိန်းကျင်)၏ ခင်ပွန်း၊ ဒေါက်တာနုနုအောင်(အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးဇော်ဝင်းထွန်း(မြန်မာ့ရေနံ)-ဒေါ်သန်းသန်းငွေ၊ ဦးဇော်လင်းနိုင်-ဒေါ်သိန်းသိန်းအောင်(မော်ဘီနည်းပညာတက္ကသိုလ်)၊ဒုရဲမှူးဒေါ်ကြည်ကြည်အောင်(နေပြည်တော်)၊ ဦးထွန်းထွန်းဝင်း-ဒေါ်ထွေးထွေးအောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုး ဦးအောင်မောင်းသည် ၁၀-၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါ နေအိမ်မှ သန်လျင်ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မေတင့် (၈၂) နှစ်

မန္တလေးမြို့၊ (၈၂)လမ်း၊ ရသာတန်းရပ်နေ(ဦးဗကြည်-ဒေါ်တင်ပု)တို့၏ သမီးကြီး၊ ကျောက်သွေးတန်းရပ်နေ(ဦးဘရှင်-ဒေါ်သက်သက်)တို့၏ သမီးချွေးမ၊ (ဦးအောင်အောင်)-ဒေါ်နွဲ့နွဲ့တင်၊ ဦးနိုင်ဝင်း-ဒေါ်ချိုမာအေး၊ ဗိုလ်မှူးခင်မောင်မြင့်(ငြိမ်း၊ ဌာနမှူး၊ မြို့/မြေ-MCDC)-ဒေါ်နှင်းယု၊ ဒေါက်တာဦးဝင်းမြင့် (ပါမောက္ခဌာနမှူး-ငြိမ်း)-ဒေါက်တာဒေါ်ထားယု(ပါမောက္ခဌာနမှူး၊ ပထဝီဝင်ဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်)၊ ဒေါက်တာ ဒေါ်ဝင်းမာ(တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၊ဦးဇော်မင်းကြည်(မူဝံဆီစက်)-ဒေါက်တာဒေါ်သက်ယု (ပါမောက္ခ ဌာနမှူး၊ IR ဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)တို့၏မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ မန္တလေးမြို့၊ (၆၂)လမ်း၊ (၂၃×၂၄)လမ်းကြား၊ မဟာဇေယျာဘုံရပ်နေ ဗိုလ်မှူးသန်းတင်(ငြိမ်း)၏ ဇနီးသည် ၁၀-၂-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင်(၆၂)လမ်း၊ (၂၃×၂၄)လမ်းနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဦးသိန်းမြ(စစ်တွေ)
**အသက်(၇၁)နှစ် (B.Ed)**
**အ. ထ. ပြ(ငြိမ်း)၊ ထ(၂)စစ်တွေ**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ ထ-(၄)စစ်တွေ**

စစ်တွေမြို့၊ (၇)လမ်း၊ တရားသီးစုရပ်ကွက်နေ (ဦးမောင်သာထွန်း-ဒေါ်နှင်းအေးခိုင်)တို့၏သမီးကြီး၊ (ဦးရွှေတိုင်-ဒေါ်ဒေါနဖြူ)တို့၏သမီးချွေးမ၊ ဦးမောင်သိန်းခိုင်(အထပြ-ငြိမ်း၊ ထ-၂စစ်တွေ) (စစ်တွေမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ချစ်လှစွာသောဇနီး၊ ဒေါ်အေးယုခိုင်-ဦးမျိုးထွန်းအောင်၊ ဦးမျိုးသန့်နိုင်-ဒေါ်ခင်သူဇာစိုးတို့၏ ချစ်လှစွာသောမိခင်၊ မမြတ်သီရိထွန်း၊ မဆုမြတ်ကေဇင်၊ မောင်ညဏ်ထူးလှိုင်(ခ)သားချစ်တို့၏အဆောင်ရှင်သည် ၉-၂-၂၀၁၇(ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် စစ်တွေမြို့တရားသီးစုနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇(စနေနေ့) မွန်းလွဲ၂နာရီတွင် နေအိမ်မှ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ၊ တပည့်အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဦးသိန်းမြ (B.Ed) စစ်တွေ
**အသက်(၇၁)နှစ်**
**အထပြ(ငြိမ်း)၊ ထ(၂)စစ်တွေ၊ ကျောင်းအုပ်ဆရာမကြီး (ငြိမ်း) ထ(၄)စစ်တွေ**

စစ်တွေမြို့၊ (၇)လမ်း၊ တရားသီးစုရပ်ကွက်နေ (ဦးမောင်သာထွန်း-ဒေါ်နှင်းအေးခိုင်)တို့၏ သမီးကြီး၊ ဒေါ်ခင်စောရွှေ-(ဦးဦးမောင်)၊ ဒေါ်နှင်းမြစိန် (ခ)ဒေါ်မမူ-ဦးမောင်ညွန့်စိန်၊ ဒေါ်စောမြင့်(ခ)ဒေါ်ဖြူလေး၊ (ဒေါ်ကျော့ကျော့)-ဦးစံအေး၊ ဒေါ်ချိုချို၊ (ဗိုလ်ကြီးဇော်ဝင်း)-ဒေါ်မြသူဇာအောင်၊ ဒေါ်အေးမူ၊ ဦးဇော်နိုင်-ဒေါ်ငြိမ်းငြိမ်းလှိုင်၊ ဒေါ်တိုးတိုးထွန်း-ဦးဇော်ဝင်းနိုင်တို့၏ ချစ်လှစွာသော အစ်မကြီး၊ ဦးမောင်သိန်းခိုင်(အထပြ-ငြိမ်း၊ ထ-၂၊ စစ်တွေ) (စစ်တွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ ချစ်လှစွာသောဇနီး၊ တူ/တူမ ၁၃ယောက်တို့၏ ချစ်လှစွာသော အကြီးရှင်သည် ၉-၂-၂၀၁၇(ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇(စနေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ အာကျိတ်တော်ကုန်း သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးသန်းဝင်း အသက် (၅၀)

ယခင်ဟိုပင်မြို့၌ နေထိုင်ပြီး ယခုအိမ်အမှတ်(၆၄၀)၊ လမ်း(၈၀)၊ (၃၇×၃၈)လမ်းကြား၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ တာရဲတန်းရပ်နေ (ဦးစိန်ဆောင်း-ဒေါ်နှင်းရီ)တို့၏တတိယသား၊ ဒေါ်ပေရယ်ဆိုင်းနွယ်-ဦးရှိုင်းကျော်ဖြိုးပြည့်၊ ဦးမင်းဇင်-ဒေါ်အိအိထွန်း၊ မောင်အေးကျော်ဇင်၊ မောင်ကျော်ဇင်ဝင်းတို့၏မွေးသဖခင်၊ မမေရီအိကျော်ဇင်၊ မောင်မင်းခန့်ကျော်ဇင်တို့၏ အဘိုး၊ ဒေါ်ဖော်နဂျီးတောင်၏ချစ်လှစွာသောခင်ပွန်းသည် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) ည ၈ နာရီတွင် ဘုရားသခင်ခေါ်တော်မူခြင်းခံရပြီးဖြစ်ပါသဖြင့် ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လမ်း (၈၀)နေအိမ်မှ အေးရိပ်ငြိမ်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်းအဆင်ပြေချောမွေ့စေရေး ရင်းနှီးစွာဆွေးနွေး

စာမျက်နှာ - ၃

## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားနှင့် ပြည်ထောင်စုနေ့ ညစာစားပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပပုံကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့ နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယင်းနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညှိနှိုင်းပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပမည်ဖြစ်ရာ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❒

**၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ ဘောဂဗေဒ ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု သင်ခန်းစာ အချပ်ပိုပါရှိ**



ဇွဲကပင်အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဇွဲကပင်နှင့် ရောဝတီသရေကျပြီး GFA အသင်းပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၁၇ ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)ပထမနေ့ကို ရန်ကုန်မြို့၌ ကျင်းပရာ ဇွဲကပင်အသင်းနှင့် ရောဝတီအသင်းတို့ ဂိုးမရှိ သရေကျခဲ့ပြီး GFA အသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

**(အောင်ဆန်းကွင်း)**

**ဇွဲကပင် - ဂိုးမရှိ**

**ရောဝတီ - ဂိုးမရှိ**

ယခုရာသီတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ကို အနိုင်ကစားထားသည့် ဇွဲကပင်အသင်းသည် ရောဝတီအသင်းထံမှ သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

## YBS ၃၇ ယာဉ်လိုင်း ရန်ကုန်မြို့တွင်း မော်တင်ဂိတ်ဖျားအစား စံပြမှတ်တိုင်အား ဂိတ်ဖျားအဖြစ် ပြောင်းလဲသတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီ YBPC ၏ YBS ၃၇ ယာဉ်လိုင်းအနေဖြင့် ရန်ကုန်မြို့တွင်းတွင် ယခင်က မော်တင်ဂိတ်ဖျားအစား ယခု စံပြမှတ်တိုင်အား ဂိတ်ဖျားအဖြစ် သတ်မှတ်လိုက်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

အဆိုပါ ယာဉ်လိုင်းအနေဖြင့် ယခင်က ဂိတ်ဖျားအဖြစ် သတ်မှတ်ထားသော မော်တင်ဂိတ် လူကူးခုံးကျော်တံတားအောက်မှ ယာဉ်များကွေ့ရာတွင် အခက်အခဲရှိသောကြောင့် စံပြမှတ်တိုင်တွင် ဂိတ်ဖျားအဖြစ်သတ်မှတ်ပေးရန် ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ခွင့်ပြုချက်တောင်းခံခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက်မှစတင်ကာ စံပြမှတ်တိုင်ကို ယာဉ်လိုင်း၏ ဂိတ်ဖျားအဖြစ် သတ်မှတ်လိုက်ကြောင်း သိရသည်။ ယင်းသို့ ပြောင်းလဲသတ်မှတ်လိုက်ရာတွင် အဆိုပါယာဉ်လိုင်းသွားလာမည့်လမ်းကြောင်းမှာ ထောက်ကြန့်ဂိတ်ရင်းမှ ပြည်လမ်းတစ်လျှောက် ယခင်ပုံမှန်လမ်းအတိုင်း ပြေးဆွဲပေးမည်ဖြစ်ပြီး ပြည်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံရာတွင် ဘယ်ဘက်သို့ကွေ့ကာ အဆိုပါလမ်းမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်းမတော်လမ်းဆုံရာမှ လမ်းမတော်လမ်းအတိုင်း ညာဘက်သို့ကွေ့ကာ (ရန်ကုန်ဆေးရုံကြီး အရှေ့ပေါ်ဦးနရေ့) အနော်ရထာလမ်းမှတစ်ဆင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍






# တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်စရာအဖြာဖြာ

(ဒေါ်ဖြူဖြူအိ၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ဖြေဆိုရန် အထောက်အကူပြုသင်ခန်းစာများကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင်ဖြေဆိုနိုင်မည့် ဖြေဆိုပုံ၊ ဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြသွားပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို အပိုင်း (က)နှင့် အပိုင်း (ခ)ဟူ၍ (၂)ပိုင်းခွဲခြားပြီး မေးလေ့ရှိသည်။ **အပိုင်း (က)**တွင် မေးခွန်းနံပါတ် (၁)နှင့် (၂)မဖြေမနေရဖြေဆိုရမည့် မေးခွန်း (၂)ခု ပါရှိပါသည်။ မေးခွန်း (၂)ခုစလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ)နှင့် (ဂ)ဟူ၍ နံပါတ်ငယ် (၃)ခုနှင့် (၃)ပိုင်း ထပ်ခွဲထားပါသည်။ မေးခွန်းနံပါတ် **၁။(က)**သည် ဖော်ပြချက် (၁၀)ခုကို မှား/မှန် ဖြေဆိုရန်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်သောမေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကိုကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် **၁။ (ခ)**သည် ဖော်ပြချက် (၅)ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍တိကျစွာဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဤမေးခွန်းသည်လည်း ဘာသာရပ်ကိုနားလည်ကျေညက်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် **၁။ (ဂ)**သည် ဖော်ပြချက် (၅)ခုကို စာကြောင်းတစ်ခုတွင် (က)၊ (ခ)နှင့် (ဂ)အဖြေ (၃)မျိုး ပေးထားပြီး ယင်းထဲမှအဖြေမှန်ကို ရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကိုပေးထားသည့် (က)၊ (ခ)နှင့် (ဂ)ထဲကမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း(၁)ခန်းစီမှ(၃)ခုစီနှင့် အခန်း(၆)ခန်းအတွက်(၁၈)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ (၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းလွှာ၏ **အပိုင်း (ခ)**တွင် စုစုပေါင်းမေးခွန်း (၄)ပုဒ်မေးထားပြီး ထို (၄)ပုဒ်ထဲမှ နှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း (၄)ပုဒ်အနက် မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅)တို့သည် မေးခွန်းပုံစံဆင်တူပါသည်။ မေးခွန်းခွဲ (က)တွင် အမှတ် (၂၀)ပေးသည့် မေးခွန်းရှည် (၁)ပုဒ်ကိုမေးထားပြီး (ခ)တွင် (၁၀) မှတ်ပေးသည့် မှတ်စုတို (၄)ပုဒ်ကို မေးထားပါသည်။ (က)နှင့် (ခ)ထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ တစ်ဖန် မေးခွန်းခွဲ (ခ)ကို ရွေးချယ်ပါက ပေးထားသည့်မှတ်စုတို (၄)ပုဒ်အနက် နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဆိုလိုသည်မှာ မေးခွန်းခွဲ (က) နှင့် မေးခွန်းခွဲ (ခ) (၂)ခုထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းခွဲ (က)ကိုဖြေဆိုပါက မေးခွန်းခွဲ(ခ)ကိုဖြေဆိုရန်မလိုသကဲ့သို့ မေးခွန်းခွဲ(ခ)ကို ဖြေဆိုပါက မေးခွန်းခွဲ(က)ကို ဖြေဆိုရန်မလိုပါ။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ(၂၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၆)**မှာ တွက်ချက်မှုနှင့်ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသောစာရင်းအင်းကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့်ပုံများရေးဆွဲခြင်း၊ သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကိုဆန်းစစ်သောဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းခွဲ(က)၊ (ခ)နှင့်(ဂ)မှနှစ်သက်ရာ (၂)ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက် ရမှတ်မှာလည်း (၂၀) မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်း(၆)ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား(၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန် မေးခွန်း၊ (၂)အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃)မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ဖြစ်သည်။ ယင်းတို့အနက် အပိုင်း(က)မှ မေးခွန်းနံပါတ်(၁) နှင့်(၂)မဖြေမနေရဖြေဆိုရမည့် မေးခွန်း(၂)ပုဒ်အပြင် အပိုင်း(ခ)မှ နှစ်သက်ရာမေးခွန်း(၃)ပုဒ် စုစုပေါင်း မေးခွန်း(၅)ပုဒ်ကိုဖြေဆိုရမည်ဖြစ်သည်။

**ဖြေဆိုပုံဖြေဆိုနည်း**

ဒုတိယပိုင်းအနေဖြင့် မေးထားသောမေးခွန်း(၆)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရနိုင်ရန် ဖြေဆိုပုံဖြေဆိုနည်းများကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း (၁-က)** ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူကပေးထားသော ဖော်ပြချက်ကမှား(သို့)မှန်ဖြစ်သည်ကို ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ဖြေရန်မလိုဘဲ ဖြေဆိုသူက ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ- 'ထုတ်လုပ်မှုအင်အားစုတစ်ခုဖြစ်သော မြေယာဆိုသည်မှာ မြေကြီးသက်သက်ကိုသာဆိုလိုသည်။'ဟူသောဖော်ပြချက်တွင်အဖြေက**'မှား'**ဖြစ်သည့်အတွက် **'မှား'**ဟုသာဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား(သို့မဟုတ်)မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍မရသော၊ မှား/မှန် မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက်(၁၀)ခုအတွက် (၁)ခုလျှင် (၁) မှတ်ဖြင့် စုစုပေါင်းရမှတ်(၁၀)မှတ်ဖြစ်သည်။

**မေးခွန်း(၁-ခ)**ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ပေးထားသောစာကြောင်းတွင် ဖြေဆိုသူက လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်းပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာနံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ-'ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ အဓိကလုပ်ဆောင်ချက်များမှာ အပ်ငွေလက်ခံခြင်းနှင့်—တို့ဖြစ်သည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ **'ချေးငွေထုတ်ချေးခြင်း'** ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန် ဖြစ်သည်။ ဤတွင်လည်း မေးခွန်းပြန်လည်ရေးသားရန်မလိုပါ။ များသောအားဖြင့် ဝေါဟာရများကို အဓိကမေးလေ့ရှိပြီး တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ စာကြောင်း(၁)ခုလျှင် (၁)မှတ်ဖြင့်(၅)ခုအတွက် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ဤမေးခွန်းတွင် ပေးထားသောစာကြောင်း၌ အဖြေကို (က)(ခ)(ဂ) (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကိုရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ-'တစ်ဦးချင်းဝယ်လိုအားကို ပြဋ္ဌာန်းသောအချက်မှာ(က)၄ချက် (ခ)၅ချက် (ဂ)၆ချက် ရှိသည်။' ဟူသောမေးခွန်း၏ အဖြေမှန်မှာ **(က)**၄ချက် ဖြစ်သည်။ မေးခွန်း(၁-ဂ) မေးခွန်းနံပါတ်သေး(၁) (က)ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း (၅)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်းအပိုင်း(က) မေးခွန်းနံပါတ်(၁)အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန်ထည့်သွင်းပေးထားသဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာထားနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုမေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာဖြေဆိုရန် လိုအပ်ပါသည်။ အဖြေသည် တိကျမှန်ကန်မှုရှိရန် လိုအပ်ပါသည်။ မှားယွင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းနှင့် စာလုံးပေါင်းမှားယွင်းမှုများပါက အမှတ်လျော့ကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန်လိုပါသည်။

ဥပမာ- **'အိမ်ထောင်စုဝယ်လိုအား'**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုမေးပါက 'ကုန်စည်တစ်ခုအတွက် တစ်ဦးချင်းသို့မဟုတ် အိမ်ထောင်စုဝယ်လိုအားဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း တစ်စုံတစ်ရာသောဈေးနှုန်း၌ လူပုဂ္ဂိုလ်သို့မဟုတ် အိမ်ထောင်စုတစ်ခုက ထိုကုန်စည်ကိုဝယ်ယူမည့်အရေအတွက် ဖြစ်သည်။'ဟု ဖြေဆိုရမည့်အစား 'ဈေးကွက်ဝယ်လိုအားဆိုသည်မှာ ဈေးကွက်အတွင်းရှိ တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဝယ်လိုအားများကို စုပေါင်းထားခြင်းပင်ဖြစ်သည်။'ဟူ၍**'ဈေးကွက်ဝယ်လိုအား'**၏ အဓိပ္ပာယ်ကိုဖြေဆိုခြင်းသည် မှားယွင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။ ထို့ကြောင့် ယင်းဖြေဆိုမှုအတွက် အမှတ်လုံးဝမရရှိနိုင်ပါ။

ထို့အတူ**'ထပ်ဆင့်တိုးတန်ဖိုးခွန်'**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးထားခြင်းကို 'ထပ်ဆင့်တိုးတန်ဖိုးခွန်ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသောတန်ဖိုးများအပေါ်တွင် ကောက်ယူသည့်အခွန်ဖြစ်သည်။'ဟု ဖြေဆိုရမည့်အစား 'ထပ်ဆင့်တိုးတန်ဖိုးဆိုသည်မှာ ကုန်ကြမ်းတန်ဖိုးတွင် ထပ်ဆင့်တိုးလာသည့်ထုတ်လုပ်မှု၏တန်ဖိုးဖြစ်သည်။'ဟု **ထပ်ဆင့်တိုးတန်ဖိုး** ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။

သို့ဖြစ်ပါ၍ သေချာပိုင်နိုင်စွာလေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ အထူးသဖြင့် မှားယွင်းလွယ်သော၊ ဆင်တူရိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင်ဖြေဆိုရန် လိုအပ်ပါသည်။ ထို့ပြင် ဖြေဆိုသူများ၏ စာလုံးပေါင်းမှားယွင်းမှုများကလည်း တစ်ခါတစ်ရံ အဓိပ္ပာယ်မပေါ်လွင်သည်အထိ ဖြစ်တတ်သဖြင့် စာလုံးပေါင်းဆိုးရွားစွာမှားလာပါကလည်း ဤမေးခွန်းတွင် အမှတ်လျော့နိုင်ကြောင်း သတိပေးလိုပါသည်။

ပေးထားသောအဓိပ္ပာယ်ဖွင့်ဆိုချက် (၁၈)ခုထဲမှ နှစ်သက်ရာ (၁၀)ခုကိုဖြေဆိုရပြီး တိကျမှန်ကန်ပြည့်စုံပါက (၁) ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် မှားယွင်းပါက(၀)မှတ်ဟု စည်းမျဉ်းချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ တစ်ခုလျှင် (၂)မှတ်နှင့် (၁၀)ခုဖြေဆိုရသည့်အတွက် စုစုပေါင်း (၂၀)မှတ်ဖြစ်သည်။

**အပိုင်း (က)**တွင် မေးထားသောမေးခွန်းများအတွက် စုစုပေါင်းရရှိနိုင်သည့် အမှတ်မှာ (၄၀) မှတ်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁) နှင့် (၂) ကို တိကျမှန်ကန်စွာဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀)အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏ **အပိုင်း (ခ)**တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅)တို့ကို မေးခွန်းပုံစံဆင်တူစွာ မေးထားပါသည်။ (က)တွင် အမှတ် (၂၀)မေးခွန်းရှည်ကိုမေးထားပြီး သို့မဟုတ်ခံကာ(ခ)တွင် မှတ်စုတို (၄)ခုမေးထား၍ နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါအခန်း (၆)ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီး မေးနိုင်သဖြင့် ဖြေဆိုသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာကျေညက်အောင်ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုသည့်အခါ မေးထားသည့်အကြောင်းအရာ၏အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကိုဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက စစ်ဆေးသူရှင်းလင်းပြတ်သားစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကိုဦးစွာဖော်ပြပြီးမှ (တစ်)ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆိုသင့်ပါသည်။ ဥပမာ-ထုတ်လုပ်မှုအင်အားစု (သို့) ကုန်ထုတ်အင်အားစုများကိုမေးပါက ထုတ်လုပ်မှုအင်အားစု (သို့)ကုန်ထုတ်အင်အားစုများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး အမျိုးအစား (၃)မျိုးကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းအမျိုးအစား (တစ်)ခုချင်းစီကို ရှင်းပြရပါမည်။

(၂၀) မှတ်တန်မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။ ဥပမာ - ဈေးကွက်ဝယ်လိုအားကို ပြဋ္ဌာန်းထားသောအချက်များကိုမေးပါက ဈေးကွက်ဝယ်လိုအား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး ပြဋ္ဌာန်းသောအချက် (၆)ချက်ကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းပြဋ္ဌာန်းချက် (တစ်)ချက်ချင်းစီကို ရှင်းပြရပါမည်။

မေးခွန်းနံပါတ် (၆)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က) (ခ) (ဂ) ခွဲ၍ (၁၀)မှတ်စီမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရမည်ဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့်ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့် ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျဉ်းကွေးကိုတိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။

ဥပမာ - 'အားမျှခြေဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင် မေးခွန်းပါကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သောစကေးကိုဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းတစ်ခုချင်းစီအတွက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် ပေတံဖြင့် မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ လက်ဖြင့် ပြေပြစ်သောမျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။ 'အားမျှခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ထည့်သွင်းဖြေဆိုသင့်သည်။

ထို့အတူ 'ထုတ်လုပ်နိုင်မှုအခြေပြဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင်လည်း ဦးစွာထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သောစကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက်အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကိုရရှိပါမည်။ အခွင့်အလမ်းစရိတ်တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းတို့ကိုဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့် အမှတ် (၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၂) အားမျှခြေတွင် ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကိုရှာစေသည့်မေးခွန်းအပြင် ဈေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့် ရောင်းလိုအားပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိ ဈေးကွက်အားမျှခြေအခြေအနေတွင် ဝယ်လိုအား (သို့) ရောင်းလိုအားကို ပြဋ္ဌာန်းသောအချက်များထဲမှ အချက်တစ်ခုခုကို ပြောင်းလဲစေခြင်းသည် လေ့လာရမည့်ဈေးကွက်အခြေအနေကို မည်သို့အကျိုးသက်ရောက်စေသည်ကို ပုံနှင့်တကွဖြေဆိုရမည်ဖြစ်သည်။ ပုံများရေးဆွဲပြီး ရှင်းလင်းချက်များရေးသားဖြေဆိုရပါမည်။

(၃) ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး တွက်ချက်စေသောမေးခွန်းတွင် မေးထားသည့်အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကိုပြုလုပ်သင့်ပါမည်။ ဥပမာ - အလျော့အတင်းဆိုင်ရာမေးခွန်းဆိုပါစို့၊ အလျော့အတင်းဆိုင်ရာတွက်ချက်မှုတွင် ဝယ်လိုအား၏ ဈေးနှုန်း

စာမျက်နှာ ၁ သို့ »»

# ကျောင်းသင်ခန်းစာ

ကြေးမုံ

»» စာမျက်နှာ က မှ

အလျော့အတင်း၊ ဝင်ငွေအလျော့အတင်း၊ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအား အလျော့အတင်းဟူ၍ (၄)မျိုး မေးနိုင်ပါသည်။ ယင်းမေးခွန်းကိုဖြေဆိုပါက ဦးစွာမေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေရပါမည်။ ထို့နောက် ပုံသေနည်းကိုဖြေပါမည်။ ထို့နောက် ပေးထားသောကိန်းဂဏန်းကို အစားသွင်း၍ အဖြေရရှိသည်အထိ တွက်ချက်ရန်ဖြစ်သည်။ နောက်ဆုံးတွင် ရရှိလာသောအဖြေကို သုံးသပ်ရမည်ဖြစ်သည်။ သုံးသပ်ရာတွင် အလျော့အတင်းတန်ဖိုးသည် (+) သို့ (-) ထွက်ရှိခြင်း၊ (>1, <1, =1, =0) ထွက်ရှိခြင်းများအတွက် သဘောတရားများကို အခြေခံ၍သုံးသပ်သွားရန်ဖြစ်သည်။

(၄) တိုင်းပြည်ဝင်ငွေ တွက်ချက်နည်းဆိုင်ရာမေးခွန်းများအတွက် တိုင်းပြည်ဝင်ငွေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုစ္ဆာတွင် မေးထားသည့်တွက်ချက်နည်း (ကုန်ထွက်၊ ဝင်ငွေ၊ အသုံးစရိတ်)တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထည့်သွင်းဖြေဆိုရန်လိုပါသည်။ ထို့နောက် တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP, GNP, NNPနှင့် တစ်ဦးကျဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသောကိန်းဂဏန်းများ၏ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်းဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ထို့ပြင် တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် အဆင့်လိုက် တွက်ချက်ပြရန်လိုပါသည်။

(၅) ငွေကြေးအရေအတွက် သီအိုရီမေးခွန်းတွင် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလှည့်ပတ်မှုအရှိန်ကိုရှာရန် မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက် သီအိုရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကိုအခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၆) အခွန်စည်းကြပ်မှုနှုန်းနှင့်ပတ်သက်၍ ဝင်ငွေအဆင့်အလိုက်စည်းကြပ်သည့်အခွန်နှုန်းကို တွက်ချက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဍာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု (၃)ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့်ပမာဏကို ဇယားတွင်ဖော်ပြထားပြီး အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကို ရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဍာန်ဖြစ်သည်ကိုသုံးသပ်ပါဟု မေးလေ့ရှိပါသည်။ ဦးစွာ အခွန်စည်းကြပ်မှုပုံသဏ္ဍာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး အိမ်ထောင်စု (၁)ခုချင်းစီ၏ အခွန်ပမာဏကို တွက်ချက်ကာ သုံးသပ်ရမည်ဖြစ်သည်။

(၇) ကုန်ဖလှယ်မှုအချိုးနှင့်ပတ်သက်၍ အခြေခံနှစ်နှင့် အခြားနှစ် (၂)ခုတို့၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကိုပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကိုတွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃)နှစ်စလုံး၏ ကုန်ဖလှယ်မှုအချိုးကို (၁)နှစ်စီ တွက်ချက်ရပါမည်။ ထိုအခါအခြေခံနှစ်၏ ကုန်ဖလှယ်မှုအချိုးသည် (၁၀၀)ဖြစ်ပြီး ကျန် (၂)နှစ်အတွက် ထွက်ရှိသောအဖြေသည် (၁၀၀)ထက်နည်းပါက အခွင့်မသာသော (သို့) ကျဆင်းသော ကုန်ဖလှယ်မှုဟုသုံးသပ်ပြီး (၁၀၀) ထက်များပါက အခွင့်သာသော (သို့) တိုးတက်သောကုန်ဖလှယ်မှုဟု သုံးသပ်ဖြေဆိုရပါမည်။

ဥပမာ - နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ (၂၀၀၇ ခုနှစ်မှာ အခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆနှုန်းကိန်း | သွင်းကုန်ဈေးဆနှုန်းကိန်း |
|---|---|---|
| ၂၀၀၇ | ၁၀၀ | ၁၀၀ |
| ၂၀၁၁ | ၁၀၅ | ၁၂၀ |
| ၂၀၁၅ | ၁၅၀. ၈ | ၁၄၅ |

(၁) ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ပါ။

(၂) ကုန်ဖလှယ်မှုအချိုး ပြောင်းလဲခြင်းများကို သုံးသပ်ပြပါ။ ဟူသောမေးခွန်းကို ဖြေဆိုပါက

- ကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကိုဖြေဆိုရန်
- တွက်ချက်ရန်မှာ

၁။ အခြေခံနှစ် ၂၀၀၇ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး = (၁၀၀/၁၀၀) × ၁၀၀ = ၁၀၀

၂။ ၂၀၁၁ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး = (၁၀၅/၁၂၀) × ၁၀၀ = ၈၇. ၅

၃။ ၂၀၁၅ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး = (၁၅၀. ၈/၁၄၅) × ၁၀၀ = ၁၀၄

- တွက်ချက်မှုကို သုံးသပ်ရန်

၁။ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ကုန်ဖလှယ်မှုအချိုးကျသဖြင့် အခွင့်မသာသော (သို့) ကျဆင်းသော ကုန်ဖလှယ်မှုအချိုးဖြစ်ပြီး ပို့ကုန်မှရငွေဖြင့် သွင်းကုန်တင်သွင်းမှု လျော့ကျစေပါသည်။

၂။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကုန်ဖလှယ်မှုအချိုးတိုးသဖြင့် အခွင့်သာသော (သို့) တိုးတက်သော ကုန်ဖလှယ်မှုအချိုးဖြစ်ပြီး ပို့ကုန်မှရငွေဖြင့် သွင်းကုန်တင်သွင်းမှုတိုးစေပါသည်။ ဟု ဖြေဆိုရပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကိုဖြေဆိုရန် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင်လေ့လာပြီး ကျေညက်အောင်မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါသည်။ ဖြေဆိုသူကျောင်းသားကျောင်းသူများအားလုံး အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

## ရွှေဘို-မြစ်ကြီးနားကားလမ်းပိုင်း လမ်းအရည်အသွေး ကောင်းမွန်ပြည့်မီစေရေး ဆောင်ရွက်

**မော်လူး ဖေဖော်ဝါရီ ၁၀**

ရွှေဘို-မြစ်ကြီးနားလမ်းပိုင်း စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကားလမ်း မိုင်တိုင်အမှတ်(၁၄၀)မှ(၁၆၈) ထိ လမ်းတိုးချဲ့ဆောင်ရွက်ခြင်းကို လမ်းအထူးဖွဲ့ (၉) မှ ဦးတင်မောင်အုန်း ဒုညွှန်ကြားရေးမှူး မြို့ပြ (တာဝန်ခံအင်ဂျင်နီယာ)၊ ဦးဇော်လတ် ဦးစီးအရာရှိ မြို့ပြ (လုပ်ငန်းကြီးကြပ်အင်ဂျင်နီယာ)၊ ဦးဇော်မြင့်ဦး၊ မြို့ပြ (အငယ်တန်းအင်ဂျင်နီယာ-၂) တို့၏ လမ်းညွှန်မှုဖြင့် ဦးဟန်ဇော်ဦး (အငယ်တန်းအင်ဂျင်နီယာ-၂)၊ ဒေါ်သူဇာဆွေ (အငယ်တန်းအင်ဂျင်နီယာ-၂) တို့သည် ကားလမ်းမိုင်တိုင် (၁၆၁) မှ (၁၆၇) ထိ ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက အရည်အသွေးကောင်းမွန်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းအထူးဖွဲ့(၉)မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လမ်းအရည်အသွေးကောင်းမွန်ပြည့်မီစေရန်နှင့် အချိန်မီပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်းတိုးချဲ့ဆောင်ရွက်ပြီးစီးပါက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမပေါ် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များ၊ အင်းတော်မြို့နယ်တွင်းရှိ ဒေသခံမိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## စာကြည့်တိုက်များကို Community Center အဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆေးရောင်ခြယ်၊ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဖျော်ဖြေရေးနှင့် စာပေဆွေးနွေးပွဲများ ကျင်းပလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ၏ လမ်းညွှန်မှုဖြင့် ပြည်သူ့စာကြည့်တိုက်များကို Community Center အဖြစ် အဆင့်မြှင့်တင်နိုင်ရန် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဖျော်ဖြေရေးနှင့် စာပေဆွေးနွေးပွဲများကို မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ပြန်/ဆက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အမက(၂၉) ကျောင်းသား၊ ကျောင်းသူကလေးများ ပါဝင်ယှဉ်ပြိုင်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ၎င်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပြန်/ဆက်များမှ တာဝန်ရှိသူများ၊ အမက (၂၉) ကျောင်းမှ ဆရာ ဆရာမများနှင့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ ချမ်းမြသာစည်မြို့နယ် ပြည်သူ့စာကြည့်တိုက်တွင်လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင်လည်းကောင်း ပြိုင်ပွဲများ အသီးသီး ကျင်းပခဲ့ပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မူးခင်းပညာပေးယာဉ်ဖြင့် ကျောက်ကြီးမြို့နယ်၌ လှည့်လည်ပြသ

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား မူးခင်းကျဆင်းရေး အသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသပညာပေးမှုများကို ဖေဖော်ဝါရီ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် မူးခင်းဆိုင်ရာ အကြောင်းအရာများကို ပြည်သူများသိရှိနားလည်စေရန်ရည်ရွယ်၍ လှည့်လည်ပညာပေးမှုများပြုလုပ်ရခြင်းဖြစ်ကြောင်းကို ကျောက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦးက ပြောကြားခဲ့သည်။

ရွေ့လျားပြခန်းမော်တော်ယာဉ်ဖြင့် မူးခင်းအသိပညာပေးမှုများကို အထကကျောင်း၊ တြိဂံကွေ့၊ ပဲခူးရပ် အထက(ခွဲ)ကျောင်းရှေ့တို့တွင် ပြသဆောင်ရွက်ခဲ့ရာ ပြခန်းယာဉ်ပေါ်တွင် လူကုန်ကူးခံရသူများ၏ ဓာတ်ပုံများ၊ သက်ငယ်မုဒိမ်းဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ဗီနိုင်းများဖြင့် ပြသထားသည်။

မူးခင်းများနှင့်ပတ်သက်၍ ဒုရဲအုပ်ဇင်မင်းအောင်က ဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သော်ဇင်အောင်က အသိပညာပေး ဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ကျောက်ဖြူ ဖေဖော်ဝါရီ ၁၀**

ကျောက်ဖြူမြို့နယ် တောင်ရင်းအုပ်စု တောင်ရင်းကျေးရွာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီခွဲက မွေးကင်းစမှ ငါးနှစ်အထိ ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။ Vitamin-A (အပြာရောင်) (တစ်သိန်းအားရှိအားဆေး)ကို အသက်ခြောက်လသားမှ တစ်နှစ်အထိကလေးများကိုလည်းကောင်း၊ Vitamin-B (အနီရောင်) (တစ်သိန်းအားရှိအားဆေး)ကို အသက်တစ်နှစ်မှ ငါးနှစ်အထိကလေးများကိုလည်းကောင်း တိုက်ကျွေးပေးလျက်ရှိပြီး နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား သံချဆေး ၄၀၀ တိုက်ကျွေးပေးခဲ့ရာ Vitamin A/B အားဆေးသည် ကလေးငယ်များတွင်ဖြစ်တတ်သော ဆုံဆို့နာရောဂါ၊ ကြက်ညှာ ချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ပိုးရောဂါများကို ကာကွယ်နိုင်ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ခြောက်လသားများအား ဆ. က. မ၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြေးရောင်၊ အဆုတ်ရောင်၊ (ငါးမျိုးစပ်ကာကွယ်ဆေး)တို့အား ခြောက်လမှ ငါးနှစ်အတွင်း ကလေးငယ် ၆၀ ကျော်အား ထိုးနှံပေးလျက်ရှိပါကြောင်း ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်လှလှအေး(LHV/MCH)ထံမှ သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## မန္တလေးမြို့ ဗိုလ်ချုပ်ပန်းခြံတွင် အပန်းဖြေသူများဖြင့် စည်ကား

**မန္တလေး ဖေဖော်ဝါရီ ၁၀**

"မန္တလေးမြို့တော်သန့်ရှင်းသာယာရမည်၊ မြို့နေလူထုစိတ်ချမ်းသာရမည်"ဟူသော ဆောင်ပုဒ်နှင့်အညီ စည်ပင်သာယာရေးကော်မတီမှ စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်စည်ပင်လျက်ရှိသော မန္တလေးမြို့တော်အဖြစ်အမြဲမြင်ရရေး ကဏ္ဍအသီးသီးတွင် ဌာနများစွာဖြန့်ကြက်လုပ်ဆောင်ကာ မြို့နေလူထုအကျိုး၊ မန္တလေးမြို့တော်အကျိုး ဆောင်ရွက်မှုမှတ်တမ်းကို နေ့စဉ်လက်တွေ့မြင်တွေ့နေရမြဲပင်ဖြစ်သည်။ စိမ်းလန်းစိုပြည်မြို့ရေမြေဟု တင်စားနိုင်ရေး ဌာန ၁၄ ခုဖြင့် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိရာ နံနက်လင်းသည်မှစကာ မြို့အနှံ့ စည်ပင်ဝန်ထမ်းများစွာကို နေရာအသီးသီးတွင် တွေ့မြင်နေရပေသည်။

စီမံရေးရာ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဈေးနှင့်သားသတ်၊ ဘဏ္ဍာရေး၊ အခွန်၊ သန့်ရှင်းရေး၊ ပန်းဥယျာဉ်နှင့် ကစားကွင်း၊အဆောက်အအုံနှင့် ကုန်ရုံ၊ လမ်းတံတား၊ ရေနှင့်ရေသန့်၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စစ်ဆေးရေးဌာနဆိုသော ဌာနအသီးသီးမှာ တာဝန်ကျေပွန်စွာဖြင့် လုပ်ငန်းတာဝန်များကို ချမှတ်ဆောင်ရွက်ရင်း မြို့ပြတိုးတက်ခြင်းဆီ ဦးတည်လာခဲ့သည်။

လက်ရှိကာလတွင် မန္တလေးမြို့တော်စည်ပင်ပန်းဥယျာဉ်နှင့်ကစားကွင်းဌာန၏ ပြုပြင်မွမ်းမံစိုက်ပျိုးအလှဆင်မှုကြောင့် ဗိုလ်ချုပ်ပန်းခြံမှာ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုနှင့်အတူ လိုက်ဖက်ညီစွာ လှပတင့်တယ်လျက်ရှိသည်။ ပန်းခြံအတွင်း လှပသောလမ်းကလေးများကို ကြွေပြားခင်းခြင်းများ ပြုလုပ်ထားသည်။ လှပသော ပန်းမန်များကို စနစ်တကျ အလှဆင်စိုက်ပျိုးကာ အနားယူရန်ခုံကလေးများကို ပြုလုပ်ပေးထားသည်။ စိမ်းစိုလှပသော မြက်ခင်းပြင်နှင့်အတူ အလှဆုံးဖြစ်နေသည်။

ခေတ်မီကြိုးတံတားတစ်ခုကို တည်ဆောက်ပေးပြီး ကြိုးတံတားပတ်ဝန်းကျင်တွင်လည်း ပန်းပင်များဖြင့် လှပစွာအရောင်ခွဲခြားစိုက်ပျိုးပေးထားသည်။ လက်ရှိကာလတွင် မန္တလေးမြို့ရှိ ဗိုလ်ချုပ်ပန်းခြံမှာ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တု၊ လှပသောမြက်ခင်း၊ အရောင်စုံသောပန်းပင်များနှင့်အတူ ကြိုးတံတားပါတပ်ဆင်ပေးထားသည့်အတွက် လာရောက်အပန်းဖြေသူများပြားလျက်ရှိကြောင်း သိရသည်။

**နွေနဒီ၊မြစ်ငယ်**

# မသန်စွမ်းသူများ မဲပေးခွင့်အပြည့်အဝရရှိရေး ဆောင်ရွက်ကြပါစို့မနေး

ကြည်ထွန်း(လူမှု)

လူတိုင်းမွေးရာပါ အသက်ရှင်သန်ခွင့်၊ ပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ ရပ်ရေးရွာရေးနိုင်ငံရေးနှင့် ပြည်သူ့ရေးရာအရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ မဲပေးခွင့်၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီရယူသုံးစွဲနိုင်ခွင့် စသည့်အခွင့်အရေးများ တန်းတူရှိကြောင်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင်အတိအလင်းဖော်ပြထားပါသည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံက အတည်ပြုချမှတ်ခဲ့သော အဆိုပါကြေညာစာတမ်းသည် သက်တမ်းအားဖြင့် နှစ်ပေါင်း(၇၀) နီးပါးရှိလာပြီ။ မသန်စွမ်းသူများအဖို့မှာကား အထူးအခွင့်အရေးများရရှိရန်မဆိုထားဘိ အများနည်းတူ ရသင့်ရထိုက်သော အခြေခံလူ့အခွင့်အရေးများ ရရှိနိုင်ရေးကို ခေတ်အဆက်ဆက်တောင်းဆိုနေရဆဲဖြစ်သည်။

**မဲပေးခွင့်ရှိသောမသန်စွမ်းသူ**

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း (၂ ဒသမ ၃ သန်းခန့်) သည် ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသည့် ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသော မသန်စွမ်းသူများဖြစ်ကြသည်။ ၎င်းတို့အနက် ၃ ပုံ ၂ ပုံ ခန့်ဖြစ်သော မသန်စွမ်းသူ ၁၅ သိန်းခန့်သည် အသက် ၁၈ နှစ်အထက်မဲပေးပိုင်ခွင့်ရှိသော မြန်မာနိုင်ငံသားများဖြစ်ကြသည်။

**မဲပေးခွင့်အပြည့်အဝမရရှိ**

သို့ရာတွင် သက်ဆိုင်ရာကော်မရှင်များက မဲဆန္ဒရှင်စာရင်းကောက်ယူပြုစုရာ၌ မသန်စွမ်းမှုဆိုင်ရာ အချက်အလက် ထည့်သွင်းကောက်ယူမှု မပြည့်စုံခြင်း၊ အတားအဆီးကင်းသော မဲပေးခွင့်ဆိုင်ရာ အစီအမံများ ဖြည့်ဆည်းဆောင်ရွက်ပေးမှု နည်းပါးခြင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက် အကြိမ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်သော ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများစွာတို့သည် အများနည်းတူ မဲပေးခွင့်အပြည့်အဝမရရှိဘဲ အခွင့်အရေးဆုံးရှုံးခဲ့ရသည်။

**၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ**

၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်က ပြဋ္ဌာန်းလိုက်သော မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ၊ အခန်း (၈) 'မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး'ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်-

- ပုဒ်မ ၂၉ တွင် - ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်အတွက် လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရှိသည်။
- ပုဒ်မ ၃၀ တွင် 'မသန်စွမ်းသူနိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင်ရွေးချယ်ခံပိုင်ခွင့်ရှိသည်။
- ပုဒ်မ ၃၁ တွင် အမျိုးသားကော်မတီသည်
  - (က) မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန်၊ ဆန္ဒမဲပေးရာ၌ အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံပေးနည်းများကို မသန်စွမ်းသူများ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။
  - (ခ) အများပြည်သူနှင့်ပတ်သက်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အားကစားလေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ခြင်းများတွင် မသန်စွမ်းသူများ ပါဝင်နိုင်စေရန် သင့်လျော်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ပေးရမည်။

**တည်ဆဲဥပဒေမူဘောင်နှင့် သဘောတူညီချက်များ**

ကုလသမဂ္ဂ အထွေထွေညီလာခံက ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on The Rights of Persons with Disabilities-UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ (၁၃) ရက်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံက အဆိုပါ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ပါဝင်ရေးထိုးပြီးဖြစ်သည်။ အဆိုပါ ကွန်ဗင်းရှင်း အပိုဒ် ၂၉ တွင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများသည် 'မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် အများနည်းတူပါဝင်ဆောင်ရွက်ခွင့်ရရှိမှုသေချာစေရန် အာမခံ စီမံဆောင်ရွက်ပေးရမည်။ မသန်စွမ်းသူများ၏ တန်းတူမဲပေးခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှုသေချာစေရေးအတွက် ဆောင်ရွက်ရမည်' ဟုဖော်ပြပါရှိပါသည်။

> မဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုရာ၌ မသန်စွမ်းမှုဆိုင်ရာ အချက်အလက်ထည့်သွင်းကောက်ယူမှု မပြည့်စုံခြင်း၊ အတားအဆီးကင်းသော မဲပေးခွင့်ဆိုင်ရာ အစီအမံများ ဖြည့်ဆည်းဆောင်ရွက်ပေးမှု နည်းပါးခြင်းများကြောင့် . . .

၂၀၁၂ ခုနှစ် နိုဝင်ဘာလ (၂)ရက်နေ့က ချမှတ်သဘောတူခဲ့သော အာရှ-ပစိဖိတ်ဒေသ မသန်စွမ်းသူများဆိုင်ရာ အင်ချွန်းလုပ်ငန်းစဉ်၏ ပန်းတိုင် (၁၀) ရပ်တွင်လည်း မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ နယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့် တိုးမြှင့်လာရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမည်ဟု မြန်မာနိုင်ငံ အပါအဝင် အာရှ-ပစိဖိတ်နိုင်ငံများက ကတိကဝတ်ပြုထားပြီးဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများ ပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍမြှင့်မားရေးဆိုင်ရာ ဘာလီကြေညာချက် အမှတ်စဉ် (၇) တွင် 'မသန်စွမ်းသူများသည် ပြည်နယ်တိုင်းအဆင့်နှင့် နိုင်ငံတော်အဆင့်နှစ်ရပ်လုံးတွင် နိုင်ငံရေးအရ တန်းတူညီမျှမှုအပြင် ရွေးကောက်ပွဲများတွင်ဦးဆောင်ခွင့်၊ ပါလီမန်အမတ်များအဖြစ် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်များရရှိရေးအတွက် လိုအပ်သည့် အထောက်အကူများရရှိရေး တိုက်တွန်းဆောင်ရွက်ရန်' ဟုဖော်ပြထားပါသည်။

အာဆီယံအသိုက်အဝန်း၏ ကဏ္ဍအားလုံးတွင် မသန်စွမ်းသူများအတွက် တန်းတူညီမျှသောအခွင့်အရေးနှင့် အခွင့်အလမ်းများရရှိစေရန် ထပ်လောင်းအတည်ပြုသည့်အနေဖြင့် အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ် (၂၀၁၁-၂၀၂၀) လုပ်ငန်းစဉ်များကို ချမှတ်ထားသည်။ အဓိကဦးစားပေးလုပ်ငန်းစဉ် (၁၅) ရပ်အနက် လုပ်ငန်းစဉ်အမှတ် (၆)တွင် 'မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ ကိုယ်တိုင်ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်အပါအဝင် နိုင်ငံရေးနယ်ပယ်တွင် အပြည့်အဝ ပါဝင်လာနိုင်စေရေးသေချာစွာစီမံဆောင်ရွက်ပေးရန်' ဟု ချမှတ်ထားပါသည်။

**အားကျအတုယူဖွယ်**

ဖိလစ်ပိုင်နိုင်ငံ၏ ဗဟိုရွေးကောက်ပွဲကော်မရှင်၌ အဖွဲ့ဝင်ခုနစ်ဦးရှိသည့်အနက် တစ်ဦးမှာ မသန်စွမ်းသူဖြစ်သည်ကိုတွေ့ရသည်။ ကိုဆိုဗိုနိုင်ငံ၏ မြို့တော်နှင့် ဒေသန္တရ အထွေထွေရွေးကောက်ပွဲများတွင် မျက်မမြင်များ လျှို့ဝှက်မဲပေးနိုင်သည့် မဲလက်မှတ်များသုံးစွဲနိုင်ရန် မျက်မမြင်အဖွဲ့အစည်းများက ရွေးကောက်ပွဲကော်မရှင်ကို အနီးကပ်အကူအညီများပေးခဲ့သည်။ နယူးဇီလန်နိုင်ငံတွင် မဲဆန္ဒရှင်ဉာဏ်ရည်မသန်စွမ်းသူများ လွယ်လင့်တကူ နားလည်သိရှိနိုင်ရန် အဆင်ပြေသော ပုံစံများ စီစဉ်ဆောင်ရွက်ပေးထားသည်။ ပါကစ္စတန်နိုင်ငံတွင် မသန်စွမ်းသူများမဲပေးခွင့် အပြည့်အဝရရှိရေးအတွက် အသိပညာပေး အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးသည်။ စင်စစ်မသန်စွမ်းသူများသည် ကိုယ်တိုင်မဲပေးခွင့်ရှိသကဲ့သို့ လွှတ်တော်အသီးသီးတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ကိုယ်တိုင်လည်း ဝင်ရောက်ရွေးချယ်ပိုင်ခွင့်ရှိပါသည်။ အိမ်နီးချင်း အာဆီယံနိုင်ငံအချို့၏ လွှတ်တော်များတွင် မသန်စွမ်းလွှတ်တော်ကိုယ်စားလှယ်များရှိနေကြပြီး နိုင်ငံတော်၏ ဥပဒေပြုရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသည်ကို အားကျအတုယူဖွယ်တွေ့မြင်ရသည်။

**မသန်စွမ်းသူများအကျိုးဝင်ရွေးကောက်ပွဲ**

မသန်စွမ်းသူများသည် ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် မူဝါဒပိုင်းဆိုင်ရာ အတားအဆီးများကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးနယ်ပယ်များတွင် နိုင်ငံသားတစ်ဦးရသင့်ရထိုက်သော အခြေခံလူ့အခွင့်အရေး ဆုံးရှုံးနေကြရသည်။ ထိုဘဝမှ လွတ်မြောက်ရေးအတွက် ကြံဆောင်ကြိုးပမ်းနေသော လုပ်ငန်းများစွာအနက် 'မသန်စွမ်းသူများ အကျိုးဝင်ရွေးကောက်ပွဲနှင့် မဲပေးခွင့်အခွင့်အရေးများ လက်လှမ်းမီ တိုးမြှင့်ရေးလုပ်ငန်း' လည်း ပါဝင်သည်။ ထိုလုပ်ငန်းစီမံချက်ကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သော အဖွဲ့အစည်းကား မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ပင်ဖြစ်သည်။ ၎င်းအဖွဲ့သည် ဘဝတူ မသန်စွမ်းသူများစစ်မှန်သော အခြေခံလူ့အခွင့်အရေးများရရှိရေးကို စိုက်လိုက်မတ်တတ်ဆောင်ရွက်လျက်ရှိရာ UNCRPD နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ 'မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ နယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး' ဟူသည့် ပြဋ္ဌာန်းချက်ကို စတင်ရုပ်လုံးဖော်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။

**ဝမ်းမြောက်ဂုဏ်ယူဖွယ်**

ထို့ကြောင့်လည်း အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင်အခြေစိုက်သော နိုင်ငံတကာရွေးကောက်ပွဲစနစ်များဆိုင်ရာဖောင်ဒေးရှင်း (International Foundation for Electoral Systems-IFES) က ၂၀၁၆ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ Charles T.Manatt Democracy Award ကို မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ အမှုဆောင်အရာရှိချုပ်ဟောင်း (ယခု Counsellor) ဦးနေလင်းစိုးအားချီးမြှင့်ခဲ့သည်။ ထိုဆုသည် ကမ္ဘာအရပ်ရပ်က ထူးချွန်ခေါင်းဆောင်များအနက် တစ်နှစ်လျှင် သုံးဦးသာရွေးချယ်သောဆုမျိုးဖြစ်သည်။ ယခင်နှစ်များက တောင်အာဖရိက၊ ဗင်နီဇွဲလား၊ ကင်ညာ၊ လက်ဘနွန်၊ ချီလီ၊ ယူကရိန်း၊မက္ကဆီကိုနိုင်ငံတို့က ပုဂ္ဂိုလ်ကျော်များရရှိခဲ့ကြသည်။ အာရှတိုက်နှင့် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးရရှိသောဆုဖြစ်သကဲ့သို့ မသန်စွမ်းသူတစ်ဦးကိုပထမဦးဆုံးချီးမြှင့်ပေးသောဆုလည်းဖြစ်သည်။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားရေးကို ရှေးရှုဆောင်ရွက်နေသော ယခုလိုအခါသမယ၌ ဤဆုမျိုးရရှိခြင်းမှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလှသည်။

**အကျိုးရလဒ်**

မြန်မာနိုင်ငံအနှံ့အပြားတွင် မသန်စွမ်းသူများအကျိုးဝင် မဲဆန္ဒရှင် ပညာပေးအစီအစဉ်များ၊ အသိပညာပေး ဗီဒီယို၊ ရေဒီယိုအစီအစဉ်များ၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ပြုစုထုတ်ဝေခဲ့သည်။ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းများကို သင်တန်းများပေးခြင်းဖြင့်အားဖြည့်ဆောင်ရွက်ခဲ့သည်။ အကျိုးရလဒ်အားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၁၄-၁၈)၊ ရွေးကောက်ပွဲ နည်းဥပဒေနှင့် မဲရုံလက်စွဲလမ်းညွှန်တို့တွင် မသန်စွမ်းသူတို့၏ အခွင့်အရေးများနှင့် အစီအမံများပါရှိလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ အမြင်အာရုံမသန်စွမ်းသူများ အကူလူမလိုဘဲ Braille Template ဖြင့် ကိုယ်တိုင်လျှို့ဝှက်မဲပေးခွင့်ရရှိခဲ့သည်။ မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အများတန်းတူမဲပေးနိုင်မည့် Accessible Polling Station များနေရာအချို့တွင် ဖော်ဆောင်နိုင်ခဲ့သည်။ နိုင်ငံရေးပါတီများအနေဖြင့်လည်းမသန်စွမ်းသူများအရေးကို မူဝါဒချမှတ်ဆောင်ရွက်ရန် ပြင်ဆင်မှုများရှိလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

**၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ**

သို့ရာတွင် နိုင်ငံနှင့်အဝန်း ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့သော ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အောက်ဖော်ပြပါအားနည်းချက်များကြောင့် မသန်စွမ်းသူများမှာ အများနည်းတူ မဲပေးခွင့်အပြည့်အဝမရရှိခဲ့သည်ကို တွေ့ရှိရသည် -

- မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မသန်စွမ်းသူများဆိုင်ရာ အချက်အလက်ထည့်သွင်းကောက်ယူမှု မရှိခြင်း၊
- မသန်စွမ်းသူများအချို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်မရှိခြင်း၊

စာမျက်နှာ ဃ သို့

# ဓာတ်အားဖြည့်ဆည်းနိုင်ရေး ထရန်စဖော်မာ ၁၉ လုံးတပ်ဆင်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**
မိတ္ထီလာမြို့နယ်ရပ်ကွက်၁၄ ရပ်ကွက်တွင် ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ထရန်စဖော်မာ ၁၉ လုံးကို တိုးချဲ့တပ်ဆင်လျက်ရှိရာ ၁၈ လုံး ပြီးစီးသွားပြီဖြစ်ကာ ကျန်ရှိနေသေးသည့် တစ်လုံးကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်ရဲအောင်က ပြောသည်။

"မိတ္ထီလာမြို့ပေါ်ရပ်ကွက်တွေမှာ တစ်နေ့ထက်တစ်နေ့ လူဦးရေများပြီး ဒေသဖွံ့ဖြိုးလာတာနဲ့အမျှ လျှပ်စစ်ဓာတ်အားသုံးစွဲလိုမှုလည်း များပြားလာတာမို့ ဒေသခံပြည်သူတွေရဲ့ ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းနိုင်ဖို့ရည်ရွယ်ပြီး မြို့ပေါ်ရပ်ကွက် ၁၄ ခုမှာ ၁၁ / သုည ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ လျှပ်စစ်ထရန်စဖော်မာ ၁၉ လုံး အသစ်တိုးချဲ့တပ်ဆင်ဆောင်ရွက်ပေးတာဖြစ်ပြီး ဖေဖော်ဝါရီလဆန်းပိုင်းကစလို့ ၁၈ လုံး တပ်ဆင်ပြီးစီးတာမို့ ဓာတ်အားလည်း ပို့လွှတ်ပေးနေပါပြီ။ ကျန်ရှိနေသေးတဲ့ ထရန်စဖော်တစ်လုံးကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်လျှပ်စစ်မန်နေဂျာက ပြောသည်။

မိတ္ထီလာမြို့ပေါ်ရပ်ကွက်များဖြစ်သည့် ဈေးအရှေ့ပြင်၊ မြို့မ၊ ရတနာမာရ်အောင်၊ ဝန်ဇင်း၊ အောင်ဆန်း၊ ကျီတော်ကုန်း၊ နန်းတော်ကုန်း၊ ချည်စက် ၊ သီရိမင်္ဂလာ၊ ပြည်သာယာ(မ)၊ ပြည်သာယာ(တ)၊ ရန်မျိုးအောင်၊ ပေါက်ချောင်း၊ အောင်ဇေယျာရပ်ကွက် ၁၄ ခုတွင် လျှပ်စစ်ထရန်စဖော်အသစ် ၁၉ လုံးတပ်ဆင်ခြင်းအား Asia Development Bank( ADB )၏ ပံ့ပိုးကူညီမှုဖြင့် လျှပ်စစ်မီတာသုံးစွဲသူများ ဓာတ်အားပိုမိုပြည့်ဝစွာသုံးစွဲနိုင်ရေး၊ ဓာတ်အားစနစ်ကောင်းမွန်ရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




# ဝေးလံခေါင်ပါးသောကျေးရွာများသို့ SKY NET စက်များအခမဲ့ဖြန့်ဝေပေး

**မောက်မယ် ဖေဖော်ဝါရီ ၁၀**
SKY NET နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnam International Non-Government Organization Society (YINGOS) တို့မှ လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ဝေးလံခေါင်ပါးကျေးရွာရှိ တိုင်းရင်းသားပြည်သူများ ဗဟုသုတအသိပညာကြွယ်ဝစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လွယ်လင့်တကူ ရုပ်မြင်သံကြားကြည့်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် အားလပ်သည့်အချိန်များတွင် အပန်းဖြေရုပ်မြင်သံကြားကို ကြည့်ရှုရန် ရည်ရွယ်၍ ကျေးရွာတစ်ရွာလျှင် T.V၊ SKY NET DHT စက် (ကြည့်ရှုခသုံးနှစ်စာအပါအဝင်) + Solar System ( Inventer + Battery )+ 12W မီးသီးနှစ်လုံး+ နှစ်ပေမီးချောင်းတစ်ချောင်း တစ်စုံစီအား ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ အခမဲ့ပေးအပ်ခဲ့သည်။

ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းတို့က ထီပျဉ်ကျေးရွာ၊ လွိုင်ကောင်ကျေးရွာ၊ ထီဟံခွီးကျေးရွာ၊ နားဟီးကျေးရွာ၊ ဗန်းမတ်ကျေးရွာ စုစုပေါင်းငါးရွာအား သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ ရပ်မိရပ်ဖများထံသို့ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# အခွန်ပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

**မြောင် ဖေဖော်ဝါရီ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့တွင် မြို့နယ်အခွန်ဦးစီးဌာနကဦးစီးကာ အခွန်ပညာပေးရှင်းလင်း ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းက "မည်သည့်နိုင်ငံအစိုးရမဆို အခွန်ငွေမရှိလျှင် ဘယ်နိုင်ငံမှရပ်တည်လို့မရပါဘူး။ ကောက်ခံရရှိအခွန်ငွေများဖြင့်သာ နိုင်ငံတော်ဝန်ထမ်းလစာ၊ လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်းအဆောက်အအုံများအတွက် ရရှိလာသည့်အခွန်ငွေများထဲမှ သုံးစွဲဆောက်လုပ်နေရပါတယ်။ တက်ရောက်လာကြသည့် အခွန်ဝန်ထမ်းများအနေဖြင့် မှန်မြတ်သော ကုသိုလ်အလှူဖြစ်ပါတယ်။ ဒါ့ကြောင့် အခွန်ဝန်ထမ်းများအနေဖြင့် မိမိတို့ပေးဆောင်ရမည့်အခွန်ငွေများကို နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပေးဆောင်စေပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ်သို့ အသွင်ကူးပြောင်းရေးအတွက် တက်ညီလက်ညီ အတူတကွ ပူပေါင်းဆောင်ရွက်စေလိုကြောင်း" ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန ဦးစီးမှူးဦးသိန်းမြင့်က အခွန်ပညာပေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည့် အခွန်ငွေများဆိုင်ရာ ကောက်ခံမှုများအတွက် ဆွေးနွေးမေးမြန်းမှုများကို မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် အခွန်ပညာပေးဆွေးနွေးမှုများ ပြုလုပ်စဉ် အခွန်အကြောင်းဆိုင်ရာများကို မေးမြန်းဆွေးမှုပြုလုပ်သည့် ကျောင်းသူ၊ ကျောင်းသားများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်ကိုကို**




# မှုခင်းကျဆင်းလျော့နည်းစေရေး ရပ်ကင်း လှည့်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**
ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးကျော်စိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၈ ရက်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းများလျော့နည်းကျဆင်းရေးအတွက် လူစည်ကားရာနေရာများ၊ ဈေးဝယ်စင်တာများ၊ တန်ခိုးကြီးဘုရားများ၊ အများပြည်သူအပန်းဖြေရာ နေရာများတွင် ရပ်ကင်း၊ လှည့်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကျော်စိုးမိုး**

## မသန်စွမ်းသူများမဲပေးခွင့်အပြည့်အဝရရှိရေး... စာမျက်နှာ – ၈ မှ

- ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို မသန်စွမ်းသူများကောင်းစွာမရရှိခြင်း၊
- မဲစာရင်းကပ်ထားသည့်နေရာများသည် မသန်စွမ်းသူများအတွက် လက်လှမ်းမီလွယ်ကူအဆင်ပြေမှု မရှိခြင်း၊
- မဲဆန္ဒရှင် အသိပညာပေးအစီအစဉ်များတွင် မသန်စွမ်းသူများအပြည့်အဝပါဝင်ခွင့်မရရှိခြင်း၊
- မဲရုံအများစုမှာမသန်စွမ်းသူများလွယ်ကူအဆင်ပြေစွာမဲပေးနိုင်ရေးအတွက်ထည့်သွင်းစဉ်းစားဆောင်ရွက်ထားမှု မရှိခြင်း၊
- ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အဆင့်ဆင့်နှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်တို့ကိုယ်တိုင် မသန်စွမ်းသူများ၏ မဲပေးခွင့်ဆိုင်ရာ အခွင့်အရေးများကို ကျယ်ပြန့်စွာ မသိနားမလည်သေးခြင်း။

**၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ**

'အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့' ဟူသောဆောင်ပုဒ်ဖြင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ လစ်လပ်မဲဆန္ဒနယ် (၁၉) ခု၌ ဧပြီလ ၁ ရက်တွင် ကျင်းပတော့မည်။ ယခုအချိန်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းစဉ်သင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ကာ ကြားဖြတ်ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပရေးအတွက်ပြင်ဆင်လျက်ရှိပြီ။ ဤကြားဖြတ်ရွေးကောက်ပွဲသည် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးရှိ မသန်စွမ်းမဲဆန္ဒရှင်များ မဲပေးခွင့်အပြည့်အဝရရှိရေးကို စံနမူနာပြအဖြစ် အစပျိုးဖော်ဆောင်ပေးနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဟုဆိုရပါမည်။ မဲဆန္ဒနယ်မြေနှင့် မဲရုံအရေအတွက်မများခြင်းကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သောကော်မရှင်များသည် ဤအရေးကို အလေးဂရုပြု၍ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဤသို့ လက်တွေ့ဆောင်ရွက်ပေးခြင်းဖြင့် ကြုံတွေ့ရသည့်အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်နိုင်ပါမည်။ ရရှိမည့်သင်ခန်းစာများဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မသန်စွမ်းသူများ အများတန်းတူမဲပေးခွင့်ရရှိရေးကို ပိုမိုဆောင်ကြဉ်းပေးနိုင်ပေမည်။

**မှတ်ကျောက်တင်ခံရမည်**

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာရှိမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် အများယုံကြည်လက်ခံမှု စသည့်ရွေးကောက်ပွဲဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကျင်းပခြင်းရှိ-မရှိကို ပြည်တွင်း၊ ပြည်ပ အကဲဖြတ် လေ့လာသူများက မျက် ခြေမပြတ် စောင့်ကြည့်နေကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ မသန်စွမ်းသူများအများတန်းတူ မဲပေးခွင့်အပြည့်အဝ ရရှိအောင် စီမံဖော်ဆောင်ပေးခြင်းသည် မသန်စွမ်းသူများ၏ နိုင်ငံသား အခွင့်အရေးများ၊ ရွေးကောက်ပွဲနှင့် နိုင်ငံရေးနယ်ပယ်များတွင် လက်လှမ်းမီပါဝင်နိုင်မှု ပိုမိုတိုးတက်မြင့်မားလာရေးကို ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ပေးနိုင်သည်နှင့် အမျှ နိုင်ငံရေးနှင့်ရွေးကောက်ပွဲနယ်ပယ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးကို တန်ဖိုးထားလေးစားသောနိုင်ငံနှင့် လူမျိုးအဖြစ် အခြားနိုင်ငံများက အားကျအတုယူလာကြမည် ဖြစ်သကဲ့သို့ ကမ္ဘာ့အလယ်တွင် အသိအမှတ်ပြု မှတ်ကျောက်တင်ခံရမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

# မီးဘေးသင့်ပြည်သူများစနစ်တကျနေထိုင်နိုင်ရေး မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီစည်းဝေး

**မန္တလေး ဖေဖော်ဝါရီ ၁၀**
မီးဘေးသင့်ပြည်သူများ၏ နေထိုင်စားသောက်မှု စနစ်တကျရှိရေးအတွက် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ စနစ်တကျဖြစ်စေရေး ဆွေးနွေးခဲ့သည်။

ချမ်းမြသာစည်မြို့နယ် သံလျှက်မော် တောင်ရပ်ကွက် အကွက် (၄၄၆) သနပ်ပင်ရပ်တွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉နာရီခွဲက အိမ်ခြေ (၁၈)လုံး မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ၂၂ စု၊ ကျား ၅၄ ဦး၊ မ ၅၄ ဦး မီးဘေးသင့်ခဲ့သည်။ အဆိုပါမီးဘေးသင့်ပြည်သူများအား သံလျှက်မော်တောင်ရပ်ကွက် သနပ်ပင်ရပ်ရှိ ဓာတ်ပေါင်းတော် ဓမ္မာရုံနှင့် ရွာလယ်ဓမ္မာရုံတို့တွင် ကယ်ဆယ်ရေး စခန်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလှူရှင်များနှင့် ပေါင်းစပ်ကာ ထမင်းထုပ်ပေးဝေခြင်းနှင့် ရပ်မိရပ်ဖများ ပါဝင်သော ကော်မတီဖွဲ့စည်းကာ အလှူခံဌာန ဖွင့်လှစ်ဆောင်ရွက် ပေးလျက်ရှိသည်။

**ဖြိုးဝေ (ဆင်တဲ)**



## 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၁၁ - ၂ - ၂၀၁၇ မှ ၁၇ - ၂ - ၂၀၁၇ အထိ)

Vol.2 No-7

အပတ်စဉ် စနေနေ့တိုင်း TV Guide မှစီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင်
01- 230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်
01-230 6166




## 4 HD Valentine Day Special Movies

**True Romance**
(11-2-2017) 5:00 PM




**Romeo and Juliet**
(13-2-2017) 7:00 PM




**Blue Valentine**
(14-2-2017) 5:20 PM




## for CINEMA2 တွင် ကြည့်ရှုရမည့် မြန်မာဇာတ်ကားကောင်းများ

CINEMA2

9:12 PM,11.2.2017
**ရည်းစားက ရွှေသမီး မိန်းမက ဖက်တီး**
မြင့်မြတ်၊ရွှေသမီးပွင့်




6:55 PM,12.2.2017
**ကက်ကင်း**
ဒွေး၊ရန်အောင်၊ကျော်ရဲအောင်၊နန္ဒာလှိုင်၊မေသဥ္စာဦး




6:50 PM,17.2.2017
**ဓမ္မသောက အင်းဝရာဇာ**
လွမင်း၊နန္ဒာလှိုင်၊မိုးဒီ၊ချိုပြုံး




CINEMA2

4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

## 4TV ၏ တစ်ပတ်တာကြည့်ရှုရာအစီအစဉ်ကောင်းများ

( ၁၁ - ၂ -၂၀၁၇ မှ ၁၇ - ၂ -၂၀၁၇ အထိ)

High Definition ရုပ်သံလိုင်းများ

ရုပ်ရှင် ရုပ်သံလိုင်းများ

### ၁၁ - ၂ - ၂၀၁၇ (စနေနေ့)

Fox Action Movies 04:55 PM Daredevil




For Cinema 01:05 PM P.S I Love U




For CINEMA 2
9:27 AM ပန်းအိုးနှင်းဆီ
ရဲအောင်၊မျိုးသန္တာထွန်း
1:15 PM ထီးကလေး
လွင်မိုး၊နန္ဒာလှိုင်
7:19 PM သေရဲရဲ နေရဲရဲ
စိုးသူ၊မောစီ၊မေသန်းနု၊
ရှိုင်းအောင်၊ခန့်ဝင်း

5 သုခမ
9:43 PM ပြိုင်ကား
မြင့်မြတ်၊ကျော်ကျော်ဗိုလ်၊
နိုင်သင်းကြည်
12:25 PM လှိုင်းနှင့်လေ
နေတိုး၊ဖွေးဖွေး

### ၁၂ - ၂ - ၂၀၁၇ (တနင်္ဂနွေနေ့)

4HD 08:35 PM Water For Elephants




5 Movies 10:30 PM Jason Bourne




For CINEMA 2
9:31 AM ချစ်လွန်းလွန်း
လူမင်း၊စုလှိုင်နှင်း
11:39 AM ကျိန်စာသင့်တက်တူး
ကောင်းပြည့်၊ချစ်သုဝေ
1:15 PM အမည်ခံချစ်သူ
ရဲတိုက်၊ဟက်ကက်၊
ရန်ကျော်၊ဖွေးဖွေး

5 သုခမ
6:26 PM ဂေးတို့ရဲ့မာယာ
မိုးအောင်ရင်၊ခင်လှိုင်၊
ဒိန်းဒေါင်၊နန်းခင်ဇေယျာ

### ၁၃ - ၂ - ၂၀၁၇ (တနင်္လာနေ့)

Fox Movies 07:30 PM The Choice




5 Series 01:30 PM ရန်ငြိုးဖွဲ့မာယာ




For CINEMA 2
9:16 AM ကျူးပစ်ရဲ့လေဒီ
မင်းမော်ကွန်း၊ချစ်သုဝေ
4:22 PM အထာလေးတွေရှိတယ်
ကျော်ရဲအောင်၊ဖြိုးငွေစိုး၊
စိုးမြတ်သူဇာ၊ပိုင်းစုခိုင်သိန်း

5 သုခမ
10:26 PM ချစ်တယ်လို့ပြောပါဦး
ဟိန်းဝေယံ၊ဝတ်မှုံရွှေရည်

### ၁၄ - ၂ - ၂၀၁၇ (အင်္ဂါနေ့)

4HD 2 06:40 PM The Monkey King 2



Fox Family Movies 8:15 PM Little-Manhattan




For CINEMA 2
3:24 PM ဗိုင်ဆိုင်ခွင့်
လွင်မိုး၊စိုးမြတ်သူဇာ၊
လုမျိုးသဥ္ဇာနွယ်၊ရန်နောင်

5 သုခမ
5:38 PM မောဟများကိုဖြတ်သန်းခြင်း
ဟိန်းဝေယံ၊သက်မွန်မြင့်၊
သင်ဇာမြင့်မိုရ်

### ၁၅ - ၂ - ၂၀၁၇ (ဗုဒ္ဓဟူးနေ့)

For Ladies HD 02:00 PM Grandpa Over Flower



5 သုခမ 06:53 PM အသံတိတ် ၅၂၈




For CINEMA 2
11:38 AM ဟိုးအဝေးတစ်နေရာ
အောင်ရဲလင်း၊သဥ္ဇာနွယ်ဝင်း
5:04 PM ကျောင်းပုံပြင်
မောင်၊မိုးဟေကို၊ဂျူးဂျူးကေ

5 သုခမ
11:14 PM နှင်းဆီတစ်ထောင်
ပြေတီဦး၊ဝတ်မှုံရွှေရည်

### ၁၆ - ၂ - ၂၀၁၇ (ကြာသပတေးနေ့)

Fox Action Movies 08:30 PM The Hard Corps




Fox Movies 05:30 PM Room




For CINEMA 2
1:48 PM အချစ်မြို့သူ
နေမင်း၊ရွှေမှုံရတီ၊သားညီ၊
ကျော်စိုး

5 သုခမ
8:16 PM ချစ်မိခဲ့သော်လည်း
နေမင်း၊ရန်ကျော်၊
စိုးမြတ်သူဇာ၊နန်းဆုရတီစိုး

### ၁၇ - ၂ - ၂၀၁၇ (သောကြာနေ့)

Fox Movies 12:20 PM Before We Go




5 Movies 08:00 PM Poltergeist




For CINEMA 2
10:00 AM ချစ်တယ်မချစ်ဘူး
မချစ်ဘူးချစ်တယ်
ဖြိုးငွေစိုး၊မိုးဟေကို

5 သုခမ
7:24 PM ဂျင်ဂျင်လည်
အောင်ရဲလင်း၊စိုးမြတ်သူဇာ၊
စံရတီမိုးမြင့်

4tv Facebook page www.facebook.com/4tvmyanmar ကို Like လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။



**သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိသရ မထေရ်မြတ်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောက်လုပ်သော အဘိဓမ္မာဗိမာန်တော်ပဥ္စမထပ်တွင် စံတော်မူမည့် စကျင်ကျောက်ဖြူသားဆင်းတုတော်နှင့် ဘုရားခန်း ကုန်ကျစရိတ်မှာ ကျပ်သိန်း(၃၀၀၀)ကျော် ကုန်ကျမည်ဖြစ်ပါသည်။ ဘုရားခန်းနှင့်ဗိမာန်တော်၏အလှူငွေ ပေးအပ်ခြင်း အခမ်းအနား၊ သီတဂူဆရာတော် မထေရ်မြတ်၏အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် ဆပ်ကပ် ပူဇော်ပွဲနှင့် အဘိဓမ္မာအသင်းကြီး၏ဩဝါဒခံယူပွဲတို့အား ဆရာတော်မထေရ်မြတ်၏ ရှေ့တော်မှောက်၌ ၂၀၁၇ ခုနှစ်၊ မတ်လ စတုတ္ထပတ်တွင် ပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များအနေဖြင့် တက်ရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး(၅ထပ်ခွဲအဘိဓမ္မာဗိမာန်တော်ကြီး အသစ်ဆောက်လုပ်မှု အလှူငွေစာရင်း)
အမှတ် (၄၉/၅၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉ ၇၈၅၅၅၆၆၈၅၊ ၀၉ ၅၁၉၂၄၆၈၊ ၀၉ ၂၅၀၀၈၃၀၆၉

| စဉ် | အလှူရှင်အမည် | အလှူငွေကျပ် |
|---|---|---|
| ၁။ | ကွယ်လွန်ကြကုန်သော နှစ်ဖက်မိဘများ (ဦးဘသိန်း+ဒေါ်မြင့်မြင့်သန်း)၊ (ဦးကျင်သောင်း+ဒေါ်အုံးကြည်) တို့အားရည်စူး၍ ဦးအေးဇော်+ဒေါ်မူမူသိန်း၊၅၀၅၊ကွန်ဒို(C)၊တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ဆရာစံရပ်ကွက်၊ဗဟန်း | သိန်း (၁၀၀) |
| ၂။ | ဦးခင်ညွန့်+ဒေါက်တာဒေါ်ခင်ဝင်းရွှေမိသားစု ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်။ | သိန်း (၅၀) |
| ၃။ | ဆရာမ ဒေါက်တာဝင်းမြင့်သိန်းအား အမှူးထား၍ ဦးကျော်ခင်+ဒေါ်နှင်းနှင်းပွင့် (စင်ကာပူ) | သိန်း (၂၀) |
| ၄။ | (ဦးသိန်းကြည်)+ဒေါ်သန်းညွန့်၊ သမီး ဒေါ်သက်မာကြည်မိသားစု ရန်ကုန်။ | (၁၀) သိန်း |
| ၅။ | ဆရာမကြီး ဒေါ်လှလှဝင်း၊ အဂ္ဂဝိရပဋ္ဌာန နယသာဂရပိဋ္ဋ၊ မဇ္ဈိမအာဘိဓမ္မိကအဂ္ဂပိသာရဒ ဉာဏိနီ။ မဟာအာဘိဓမ္မိက ကလျာဏဉာဏာဓဇ။ | (၁၀) သိန်း |
| ၆။ | ဒေါက်တာမျိုးဝင်း+ဒေါက်တာသန်းသန်းစိ(သား)Dr.စွမ်းထက်အောင်၊(သမီး)ကိုမျိုးကိုနိုင်+ဖြိုးမြတ်မြတ်အောင်၊ (မြေး) ပြည့်ဟိန်းခန့် (သား) ကိုဟိန်းစစ်အောင်မိသားစု၊ မြင့်မိုရ်အထူးကုဆေးရုံ၊ မြိတ်မြို့။ | (၁၀) သိန်း |
| ၇။ | ဦးထွန်းညွန့်+ဒေါ်ဆွေမာဝင်း မိသားစု၊ ဒေါ်ခင်မမေ၊သားကိုသက်ထွန်းအောင်၊ သမီး Dr.ဟန်နီအောင် မိသားစု | (၁၀) သိန်း |
| ၈။ | ကွယ်လွန်သူ ဖခင်ကြီးဦးတန်ဇေလျောင်(ခ)ဦးမြင့်ဆွေအား ရည်စူး၍ ဒေါ်ယိုရှော့ဘိ၊သမီးများ Dr.ရင်ရင်အေး၊ ရင်ရင်စန်း၊ Dr.ရင်ရင်မြင့်+Dr.ရဲဖြိုး၊ ယွန်းလဲ့လဲ့ဦး၊ ယွန်းပပခင်၊သားတန်ကိုင်ဝမ်း+ဓမ္မျိုးဦး မိသားစု | (၁၀) သိန်း |
| ၉။ | ဒေါ်မြင့်မြင့်ဦး(မဟာအဘိဓမ္မိက ကလျာဏဉာဏဓဇ)နှင့် ECo(71-75)သူငယ်ချင်းများ၊ဓမ္မမိတ်ဆွေများ အလှူ | (၁၀) သိန်း |
| ၁၀။ | ကိုရန်ဝင်း (ကိုဝင်း) + ဒေါ်စန်းကြည်တို့အား ရည်စူး၍ (သမီး) မီမီချင်း မိသားစု ကောင်းမှု။ | (၁၀) သိန်း |


## ခွါညို

ခရီးသွားလုပ်ငန်းနှင့် ကားအငှားဝန်ဆောင်မှု

09-454513898, 09-256264785, 09-796399965, 09-5191672, 09-440440253, 01-551406

## ရွှေထူးလွင်

Ph: 09 450044494, 09 450044496, 01-377921

## တုန်းမြတ်ထိစ်

Car Rental Service

ရန်ကုန်မြို့တွင်း/နယ်ဝေး ကားမျိုးစုံငှားရမ်းနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

Ph:09 420292051, 09 73180626, 09 5086249, 09 455086249

## မြေရောင်းမည်

တောင်ကြီးမြို့၊ ကျောင်းထိုကျေးရွာ၊ ကျောက်တလုံးမြို့နယ်၊
၁။ ကေ(၅)ကေတစ်ကွက်
၂။ ကေ(၃၀)ကေတစ်ကွက် [ထောပတ်ပင် (၃)နှစ်သားအပင် (၁၀၀၀)ကျော်ပါပြီး]
၃။ (၁၀၅)ကျပြီး၊ မြေခတ်ပြီး။

Ph:09-777600079

(ရုံးချိန်အတွင်းဆက်ရန်)

## ရောင်းမည်

သန်လျင် STAR CITY ကွန်ဒို ဇုန်-B, 2 BED ROOM,

Ph: 09-797932655

အကျိုးဆောင်၊ ကြော်ငြာ မလိုပါ။

## ဖုန်း: Sim Card ဝယ်သည်

73, 47, 49, 50, 86

ရဲမင်းထွန်း

Ph: 09-5014706

## ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြောက်ပိုင်း၊ ဒဂုံတောင်ပိုင်း၊ ဒဂုံဆိပ်ကမ်းရှိ မြေကွက်များဝယ်သည်။

09 421888366
09 420506033
09 457195194

## Noble Furniture

- လူကြီးမင်းတို့၏ အိမ်၊ Hotel၊ Motel နှင့် စားသောက်ဆိုင်များအတွက် Sofa ထိုင်ခုံများ အသစ်ပြုလုပ်ပေးခြင်း၊ အဟောင်းပြုပြင်ပေးခြင်း။
- Sound Proof (အသံလုံခန်း)ပြုလုပ်ပေးခြင်း။
- Office Chair များကိုပြုပြင်ပေးခြင်း။
- ခန်းဆီး၊လိုက်ကာများကိုလည်း အိမ်တိုင်ရာရောက် တိုင်းတာတွက်ချက်တပ်ဆင်ပေးခြင်း။
- ခန်းဆီး၊လိုက်ကာများကို လျှော်ပေးခြင်း။

အမှတ်(၆၄၅)၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။

Ph:09-5124807, 09-795426857,09-775124807

## IELTS Test ဖြေနိုင်ရန်အတွက် Feb လမှစတင် ကျောင်းအပ်လက်ခံနေပါသည်။

Feb, March လအတွင်း Register လုပ်သူများအတွက် 10% Discount ရရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။

IELTS Preparatory Course

နိုင်ငံခြားသွားရန်ပြင်ဆင်နေသူများအတွက်လိုအပ်သော IELTS ရမှတ်များကောင်းကောင်းရရှိရန်ရေတာစိုက်ဖြင့်သေချာ စွာသင်ကြားပေးနေပါသည်။

English For Academic Purpose (EAP)

အင်္ဂလိပ်စာကို ရေးနိုင်ဖတ်နိုင်ပြောနိုင်နားလည်နိုင်ဖို့အပြင် (SoftSkill)နိုင်ငံခြားကျောင်းများအတွက်အတွေ့အကြုံနှင့်လုပ်ငန်းခွင် အတွေ့အကြုံလိုအပ်ချက်များကိုပါလေ့ကျင့်သင်ကြားပေးပါသည်။

EPIC Institute & Consultancy

ပညာဒါန အတန်းများ လည်း ဖွင့်လှစ်ထားပါသည်။

No.(10),Sanchaung Street,Sanchaung Tsp.Yangon ဆက်သွယ်ရန် Ph. 0932234888 , 09977226005

## စပေါ်ဖြင့်ငှားမည်။

စပေါ် သိန်း 150
လခ (၁)လ 70,000
ယုဇနပလာဇာရှေ့(ပထမထပ်)
ဖုန်း 09-777448084, 09-252198600

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၂-၂၀၁၇ရက်စွဲပါ မြို့တော်သတင်းစာ ကြော်ငြာစာ (၂၂)၊ အမှတ်စဉ်(၁၇)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် လျှောက်ထားသူအမည်မှန် ဒေါ်ခင်ဆွေဦး[၁၂/အလန(နိုင်)၀၃၂၀၀၈]ဖြင့် ပြင်ဆင်ဖတ်ရှုပါရန်။

## FOREVER RAY

လူကြီးမင်းများ နေ့စဉ်သုံးနေသော ဖိနပ်၊ ဒယားကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များအား ပြုပြင်တပ်ဆင်ရောင်းဝယ်ခြင်းများကို စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေပါပြီ။ ဖုန်း-၀၉ ၃၁၈၅၁၄၂၂။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့၊ သီးပင်ရွာ၊ ထရံကာအုပ်စုနေ ဦးစိန်ကြွား၏သမီး၊ မနိုင်နိုင်ဦး (ခ)မနိုင်နိုင်ယဉ်[၉/ပဘန(နိုင်)၂၀၄၉၇၂]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မနိုင်နိုင်ဦး(ခ)မနိုင်နိုင်ယဉ်**





ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ကြိုက်သလောက်...ပြော
တစ်နေ့လုံး ၃၉၉ ကျပ်
*399#
MPT ၏ Prepaid/Postpaid-GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
MPT အချင်းချင်းကြိုက်သလောက်ပြော၊ တစ်နေ့လုံး ၃၉၉ ကျပ်သာကျသင့်မည့် Daily Unlimited Voice Package ကို VP1 ဟု ရိုက်နှိပ်၍ 1332 သို့ အခမဲ့ စာတိုပေးပို့ခြင်းဖြင့်လည်းကောင်း၊ *399# ဟု ရိုက်နှိပ်ခေါ်ဆိုခြင်းဖြင့်လည်းကောင်း ရယူနိုင်ပါပြီ။
အဆိုပါ Package ကို ဝယ်ယူသည့်နေ့၏ ညသန်းခေါင်ယံအချိန်အထိ အသုံးပြုနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်ခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

